# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၈)


# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဂျပန်- မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရန်အတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်- မြန်မာလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

# ကချင်ပြည်နယ်အတွင်း သွားလာရွှေ့ပြောင်းမှုခက်ခဲသောနေရာများမှ ပြည်သူများအား လုံခြုံစိတ်ချရသောနေရာများသို့ ပြောင်းရွှေ့



**နေပြည်တော် မေ ၇**

ပြည်ထောင်စုအစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အဖွဲ့သည် ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေကြောင့် သွားလာရွှေ့ပြောင်းမှုခက်ခဲလျက်ရှိသော နေရာများမှ ပြည်သူများကို လုံခြုံစိတ်ချရသောနေရာများသို့ ရွှေ့ပြောင်းနိုင်ရေး ခေတ္တခိုလှုံရာနေရာများသို့ ရောက်ရှိနေသော ပြည်သူများကို ထောက်ပံ့နိုင်ရေးတို့အတွက် မေ ၅ ရက်က မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရွှေ့ပြောင်းရန်ခက်ခဲနေသော ပြည်သူများအတွက် မြစ်ကြီးနားမြို့တွင် ဆန္ဒဖော်ထုတ်လျက်ရှိသော လူငယ်ခေါင်းဆောင်များနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၅ ရက်နှင့် ၆ ရက်တို့တွင် နေရပ်စွန့်ခွာလာသောပြည်သူများ ခေတ္တခိုလှုံရာနေရာများသို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

ထို့အပြင် ပြည်သူများ ရွှေ့ပြောင်းနိုင်ရေးအတွက် တပ်မတော်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး နယ်မြေခံတိုင်းစစ်ဌာနချုပ်၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြည်နယ်အစိုးရမှ ဖွဲ့စည်းပေးသော ဌာနပေါင်းစုံပါဝင်သည့် လုပ်ငန်းအဖွဲ့ဖြင့် ကာမိုင်းမြို့နယ် မံဝယ်ကျေးရွာမှ ပြည်သူများကို မိုးညှင်းမြို့နယ် ချောင်းဝ


*စာမျက်နှာ ၃ ကော်လံ ၁* ◆





မြန်မာ့အလင်း

# စုပေါင်းအင်အားဖြင့် ရင်ဆိုင်တုံ့ပြန်

မိုးကြိုကာလတွင် ကျရောက်တတ်သည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် သဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြသည်။ မုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့် အမှန်တကယ်ကြုံတွေ့လာရပါက လုပ်သင့်လုပ်ထိုက်သည်များကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများ လျော့ပါးသက်သာကြစေရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

စင်စစ်အားဖြင့် ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ သဘာဝဘေးအန္တရာယ်များက ကမ္ဘာနှင့်တစ်ဝန်းလုံးတွင် ပိုမို၍ ပြင်းထန်စွာ၊ ကြိမ်းတမ်းစွာ ဖြစ်ပေါ်လာနေသည်ဟု ပညာရှင်များက ပြောကြားကြသည်။ နိုင်ငံတကာသတင်းတစ်ပုဒ်တွင် မိမိတို့၏ အိမ်နီးချင်းနိုင်ငံတစ်ခု၌ အင်အားပြင်းမုန်တိုင်းများ တစ်ခုပြီးတစ်ခု တိုက်ခတ်ခြင်းနှင့် မိုးကြိုး အကြိမ် ၄၀၀၀ ကျော် ပစ်ခတ်ခဲ့ခြင်းတို့ကြောင့် လူ ၁၄၀ ကျော် သေဆုံးခဲ့ရကြောင်း ဖော်ပြခဲ့သည်။

မိမိတို့ နိုင်ငံအနေဖြင့်မူ လွန်ခဲ့သော ၁၀ နှစ်တာကာလက ရင်ဆိုင်ခံစားခဲ့ရသည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူဦးရေ သိန်းနှင့်ချီ၍ သေကျေပျက်စီးခဲ့ရပြီး ဘီလီယံနှင့်ချီသော ထိခိုက်ဆုံးရှုံးမှုကို ခံစားရကာ သင်ခန်းစာလည်း ရခဲ့ပြီးဖြစ်သည်။ သို့ဖြစ်သည့်အလျောက် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် လျော့ပါးသက်သာစေရေးအတွက် ဒီရေတောစိုက်ခင်းများ ပြန်လည်ပျိုးထောင် စိုက်ပျိုးခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ် စိတ်ပါဝင်စားစွာ ပြုလုပ်လာကြခြင်း၊ မုန်တိုင်းတိုက်ခတ်ပါက ကြိုတင်တိမ်းရှောင်နိုင်ရန်အတွက် လမ်းတံတား ကွန်ရက်များ ဖောက်လုပ်ဆက်သွယ်ခြင်း၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်လာပါက သတိပေးခြင်း၊ တိမ်းရှောင်ခြင်း၊ ကယ်ဆယ်ခြင်းစသည်တို့ကို သဏ္ဍာန်တူ ဇာတ်တိုက်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ကြရခြင်းဖြစ်သည်။

သဘာဝတရားနှင့် လူသားတို့အကြား ရင်ဆိုင်ယှဉ်ပြိုင်ကြရမည့် တိုက်ပွဲမှာ နှစ်စဉ် သည်အချိန် သည်ကာလရောက်တိုင်း မျှော်လင့်ထားရမည့်ကိစ္စများ ဖြစ်လာနေပြီဖြစ်ရာ ''စစ်မရောက်မီ မြားချွန်''ဆိုသည့် စကားပုံကဲ့သို့ပင် ဖြစ်မလာမီကပင် ကြိုတင်ပြင်ဆင်ထားကြရမည်သာဖြစ်သည်။ များများလေ့ကျင့်သည်နှင့်အမျှ ထိခိုက်ခံစားရမှုလျော့နည်းသက်သာစေမည်ဖြစ်သည်။ သဘာဝဘေးကို ရင်ဆိုင်ခြင်းသည် တစ်ဦးချင်း၊ တစ်ယောက်ချင်းရင်ဆိုင်၍မရ။ ''စုပေါင်းအင်အား''ဖြင့်သာလျှင် ရင်ဆိုင် နိုင်ကြမည်ဖြစ်သည်။ စုပေါင်းအင်အားဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင်လည်း စုပေါင်းအင်အားဖြင့် အပြန်အလှန်ဖေးမခြင်း၊ ကရုဏာတရားဖြင့်စောင့်ရှောက်ကူညီခြင်းတို့ဖြင့်သာ သဘာဝဘေးတို့ လျော့ပါးသက်သာစေနိုင်မည်ဖြစ်ရာ အသိ၊ သတိတို့ဖြင့် စောင့်ကြည့်ရင်ဆိုင်နိုင်ကြပါစေကြောင်း။ ။

## မီးလောင်လျှင်

- ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
- ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
- နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်း ကြားပါ။
- ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
- မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

# ဗဟိုဘဏ်ဥက္ကဋ္ဌ လုပ်ငန်းဆိုင်ရာများမှာကြား

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအား လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ မှာကြားသည့် အစည်းအဝေးကို မေ ၄ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေး၌ ချမှတ်သောမူဝါဒများအား ဝန်ထမ်းအကြီးအကဲများမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လုပ်ငန်းများအား ပိုမိုမြန်ဆန်အောင် ဆောင်ရွက်ရေး၊ ICT နည်းပညာကို အသုံးပြု၍ ဝန်ဆောင်မှုများကို ထိရောက်မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် e-Government ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ Cyber Security ကို အထူးဂရုပြုဆောင်ရွက်ရေး၊ Doing Business အဆင့် တိုးတက်ရေးအတွက် ဗဟိုဘဏ်နှင့် သက်ဆိုင်သော ကဏ္ဍများ၌ နှောင့်နှေးမှုမရှိစေရန် ဆောင်ရွက်ရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ပိုမိုတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန် ထောက်ပံ့ငွေပေးအပ်

**ဘိုကလေး မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရပ်ကွက်၊ ကျေးရွာသာယာလှပရေးအဖွဲ့များအား မေ ၇ ရက် နံနက် ၈နာရီက ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်တင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်အောင်တို့က အမှာစကားပြောကြားပြီး ရပ်ကွက်၊ ကျေးရွာသန့်ရှင်းသာယာလှပရေး အဖွဲ့များထံသို့ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ဘိုကလေးမြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ကျေးရွာအုပ်စုသုံးစုမှ သန့်ရှင်းသာယာလှပရေးအဖွဲ့ ၁၃ ဖွဲ့အား တစ်ဖွဲ့လျှင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ထောက်ပံ့ငွေကျပ် ၃၈၀၀၀၀ နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လွှတ်တော်ကိုယ်စား လှယ်များက ငွေကျပ် ၂၀၀၀၀ ဖြင့် စုစုပေါင်းတစ်ဖွဲ့လျှင် ငွေကျပ်လေးသိန်း ထောက်ပံ့ပေးခဲ့သည်။ အဆိုပါထောက်ပံ့ငွေများဖြင့် ရပ်ကွက်၊ ကျေးရွာ သန့်ရှင်းသာယာလှပစေရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

စာ ပေ မြင့် မှ လူ မျိုး တင့် မည်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၇-၅-၂၀၁၈

### ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |

### စက်သုံးဆီစျေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| စက်သုံးဆီ | လက်လီစျေး | လက်ကားစျေး |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅/၈၄၅ ကျပ် | ၈၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၅/၈၆၀ ကျပ် | ၈၂၈/၈၃၀ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | ၇၈၀/၇၈၇ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | ၈၂၀/၈၃၀ကျပ် |

### နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၃ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၇ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၇ ·၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ၁၈၁၉ ·၉ |
| ဂျပန် | ၁၀၀ ယန်း | ၁၂၃၄ ·၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ၁၀၁၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၀၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၀၉၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ၁၂၅ ·၀၈ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၉၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သုံးပါးတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သုံးပါးတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် အဘိဓဇအဂ္ဂမဟာ ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလှူပူဇာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ညှော်ပရိသတ်များက ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘနဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ထို့နောက် ဒီပင်္ကရာကျောင်းတိုက်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းပဒေသာပင် အလှူငွေကျပ် သိန်း ၃၀ အား ပြည်ထောင်စုဝန်ကြီးက ဂေါပကဥက္ကဋ္ဌ ဦးအုန်းသာထံသို့ လွှဲပြောင်းလှူဒါန်းပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ထံ သာသနာရေး ဆိုင်ရာများ လျှောက်ထားသည်။

**လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒဝံသအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးမှ လည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တယုဇနအား ကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးမြင့်ဖေမှ လည်းကောင်း၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တနိမ္မလအား ဂေါပကဥက္ကဋ္ဌ ဦးအုန်းသာမှ လည်းကောင်း လှူဖွယ်ဝတ္ထုများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အနုမောဒနာတရား နာယူကြည်ညိုကြသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ သွားရောက်ကြည့်ရှုကြရာ ပြတိုက်တာဝန်ခံက လိုက်လံရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ကျေးရွာမှတစ်ဆင့် ပြန်လည်ပို့ဆောင်ရေးများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်တွင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၂၃ ဦး၊ မေ ၇ ရက်တွင် အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၅ ဦး စုစုပေါင်း ၁၄၈ ဦးတို့ကို စက်လှေများ၊ မော်တော်ယာဉ်များဖြင့် မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာသို့ သယ်ယူပို့ဆောင်ပေးခဲ့သည်။ အိမ်ထောင်စု နှစ်စုမှ လူဦးရေငါးဦးတို့မှာ ပြန်လည်လိုက်ပါလိုခြင်းမရှိဘဲ ကာမိုင်းမြို့နယ် မံဝယ်ကျေးရွာတွင် ကျန်ရှိခဲ့မည်ဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင် တပ်မတော်မှတပ်ဖွဲ့များရှိကြောင်း သိရှိရသည်။

ဆက်လက်၍ မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာသို့ရောက်ရှိလာသူ စုစုပေါင်း ၁၄၈ ဦးကို မေ ၇ ရက် ညနေပိုင်းတွင် ၎င်းတို့၏ဆွေမျိုးနေအိမ်များနှင့် မူလနေရာများသို့ ပြန်လည်ပို့ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာသောပြည်သူများအား မိုးညှင်းမြို့နယ် ချောင်းဝကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။** သတင်းစဉ်



**တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာလာသောပြည်သူများအား မိုးညှင်းမြို့နယ်ရှိ မူလနေရာများသို့ စက်လှေများဖြင့် ပို့ဆောင်ပေးစဉ်။** သတင်းစဉ်

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၇**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။


စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေ ခန့်ရှိနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၂ ဒသမ ၁၆ လက်မ၊ ကျိုက်မရောမြို့တွင် ၁၀ ဒသမ ၂၂ လက်မ ၊ ထားဝယ်မြို့တွင် ၀ ဒသမ ၈၇ လက်မ၊ သထုံမြို့နှင့် ပေါင်မြို့တို့တွင် ၀ ဒသမ ၈၃ လက်မစီ၊ မူဆယ်မြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ကျောက်တော်မြို့နှင့် မှော်ဘီမြို့တို့တွင် ၀ ဒသမ ၅၉ လက်မစီ၊ ဘီးလင်းမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၅၁၊ ကျိုက်က္ခမီမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် ကွမ်းလုံမြို့တွင် ၀ ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**



# ပြည်သူ့ဘဏ္ဍာငွေများကို ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စိစစ်ပေးရန် လို

**နေပြည်တော် မေ ၇**

ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ပြည်သူ့ငွေစာရင်းကော်မတီများအကြား ဘတ်ဂျက်စိစစ်ခြင်းအတွေ့အကြုံများဖလှယ်ခြင်းနှင့် စိန်ခေါ်မှုများ အဖြေရှာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် International IDEA အဖွဲ့တို့ပူးပေါင်း၍ ဥရောပသမဂ္ဂ၏ My Governance Project အစီအစဉ်ဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် သဘင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် ဘတ်ဂျက်ဆိုင်ရာ လေ့လာစိစစ်သည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ ဘတ်ဂျက်နှင့် ပတ်သက်၍ လေ့လာစိစစ်ရာတွင် တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရငွေ၊ ဝင်ငွေများကို မည်သည့် စီမံကိန်းများတွင် အသုံးပြုရာ၌ တိုင်းပြည်အတွက်၊ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိ၊ မရှိ စိစစ်ပေးရန်လိုပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ်အကျိုးပြုမည့် စီမံကိန်းဟုတ်မဟုတ်၊ စီမံကိန်းနှင့် ဘတ်ဂျက်သဟဇာတဖြစ်မဖြစ် စိစစ်ပေးရန်လိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝမြင့်မားတိုးတက်ရန်အတွက် တိုင်းပြည်၏ဘဏ္ဍာငွေကို စနစ်တကျသုံးစွဲရန်နှင့် စီမံကိန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိရှိသုံးစွဲရန် အရေးကြီးပါကြောင်း၊ လွှတ်တော်များရှိ ပြည်သူ့ငွေစာရင်းကော်မတီများအနေဖြင့် တိုင်းပြည်၏ စီမံကိန်း၊ ဘတ်ဂျက်၊ ပြည်သူ့ဘဏ္ဍာငွေများကို အစိုးရက အမှန်တကယ်စနစ်တကျ သုံးစွဲနိုင်ရေးအတွက် စိစစ်ရန်အရေးကြီးပါကြောင်း၊ ဘတ်ဂျက်သည် နိုင်ငံတစ်နိုင်ငံ၏မည်သည့်ကဏ္ဍများတွင် မည်သို့သုံးစွဲသည်ကို ဌာန၊ အဖွဲ့အစည်းများက ငွေပမာဏအားဖြင့် ရေးဆွဲလျာထားပြုစု တင်ပြရသည့် စာရင်းတစ်ခု ဖြစ်ပါကြောင်း၊ ဘတ်ဂျက်လုပ်ငန်းသည် အစိုးရနှင့် လွှတ်တော်ပူးတွဲ လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ လွှတ်တော်၏ ကဏ္ဍသည် ဥပဒေပြုရေးကို အဓိကထားပါကြောင်း၊ ဘတ်ဂျက်စိစစ်ခြင်းသည် ပြည်သူ့ကိုယ်စား ဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စိစစ်ပေးရန် လိုအပ်ပါကြောင်း စသည့် ဘတ်ဂျက်စိစစ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။




ထို့နောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်မင်းက အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်နှင့် နောက်ခံအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂမှ Mr.Johann Hesse,Head of Co-operation က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ဘတ်ဂျက်ဆန်းစစ်ခြင်းဆိုင်ရာ ကော်မတီများမှ ဘတ်ဂျက်နှင့် စီမံကိန်းဥပဒေများကို လေ့လာဆန်းစစ်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ဆွေးနွေးတင်ပြကြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းက အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအား ခြုံငုံသုံးသပ်တင်ပြခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ငွေစာရင်း ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ International IDEA Myanmar မှ Mr. MarkMc Dowell၊ EU/GOPA၊ ဘယ်ဂျီယံနိုင်ငံ လွှတ်တော်ကိုယ်စားလှယ် Mr.Hendrik Bogaert ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မေ ၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပပြီးစီး



**ရေး မေ ၇**

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(တတိယနေ့)ကို မွန်ပြည်နယ် ရေးမြို့နယ်တွင် ယနေ့ဆက်လက်ကျင်းပပြီး ပိတ်ပွဲအခမ်းအနားကို ရေးမြို့ ပြည်သူ့အားကစားရုံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

နံနက်ပိုင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင် ကဏ္ဍကြီးလေးရပ်တွင် ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက်နှစ်ရက်တာအပြီးသတ်ဆွေးနွေးခဲ့သည့် အမြင်သဘောထားစုစည်းချက်များကို ဆွေးနွေးပွဲကိုယ်စားလှယ်တော်များအားလုံး သိရှိအကြံပြုနိုင်ရန် ဦးဆောင်သူများက ကဏ္ဍတစ်ခုချင်းစီအလိုက်တင်ပြကာ ဖြည့်စွက်အကြံပြုချက်များ ရယူကြသည်။

မွန်းလွဲပိုင်းတွင် ပြည်သူ့အားကစားရုံ၌ ဆွေးနွေးပွဲကဏ္ဍအသီးသီးမှရရှိသည့် အမြင်သဘောထား စာတမ်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်သူများက ပြန်လည်ဖတ်ကြားတင်သွင်းကာ သဘာပတိအဖွဲ့ထံ အပ်နှံသည်။

ယင်းနောက် မွန်လူမျိုးအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာရှေးဦးစွာဆွေးနွေးပွဲမှ ရရှိလာသည့် ကဏ္ဍအလိုက်အတည်ပြုချက်စာတမ်းများအား ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဗညားလယ်က မွန်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်ရေး ကော်မတီသို့ပေးအပ်ရာ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အတွင်းရေးမှူးအဖွဲ့ဝင် ဦးအောင်စိုးက လူမျိုးအလိုက်အမျိုးသား အဆင့်နိုင်ငံရေး ဆွေးနွေးပွဲကျင်းပရေးဆိုင်ရာများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ဆွေးနွေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်ဗညားလယ်တို့က ကျေးဇူးတင်ဝမ်းမြောက်စကားများကိုလည်းကောင်း ပြောကြားကြပြီး မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်က နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာသူအားလုံးတို့က မွန်အမျိုးသားသီချင်းကို သံပြိုင်သီဆိုကြသည်။

မွန်လူမျိုးအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပတ်သက်သည့် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့်မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍများဖြင့် ကဏ္ဍ(၄)ရပ်သတ်မှတ်ပြီး တက်ရောက်လာသူ ကိုယ်စားလှယ်များက ၎င်းတို့၏ သဘောထားအမြင်များကို လွတ်လပ်ပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီမှ ချမှတ်ထားသည့်မူဘောင်နှင့်အညီ နိုင်ငံရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် အခြေခံမူများကိုလည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအခြေခံမူများ၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများကို လည်းကောင်း၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သော အခြေခံမူများကိုလည်းကောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များကဏ္ဍတွင် ဖက်ဒရယ်စနစ်ကိုအခြေခံသော မြေယာမူဝါဒများနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ မူဝါဒများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပွဲများမှတူညီသော သဘောထားအမြင်များနှင့် မတူညီသောသဘောထားအမြင်များကို စုစည်းရရှိခဲ့ပါကြောင်း မိမိတို့မွန်လူမျိုးများအနေဖြင့် ဒီမိုကရေစီ၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ်အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းပေးနိုင်မည့်လမ်းကြောင်းအပေါ် လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲအပြီးတွင် ကျင်းပရေးကော်မတီမှ ထုတ်ပြန်ကြေညာထားသည်။

မွန်လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို မွန်ပြည်သစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် မွန်အမျိုးသားပါတီတို့မှ ဦးဆောင်ဦးရွက်မှုဖြင့် မေ ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာကျင်းပခဲ့ခြင်းဖြစ်ပြီး ပိတ်ပွဲအခမ်းအနားသို့ မွန်ဆရာတော် သံဃာတော်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးကော်မရှင်၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီမှ ကိုယ်စားလှယ်များ၊ မွန်လူထုအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မွန်ဒေသအသီးသီးမှ ကိုယ်စားလှယ်များ၊ မွန်အမျိုးသမီးများ၊ မွန်လူငယ်များ၊ တတ်သိပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စများဆွေးနွေး

**နေပြည်တော်  မေ  ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင်နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပညာရည်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံများအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အခြေအနေအမှန်ကိုသိရှိလေ့လာသုံးသပ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်ကိစ္စ၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနိုင်မည့်ကိစ္စ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းသောဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# သံတွဲမြို့၌ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး စစ်ဆေး



**နေပြည်တော်  မေ  ၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် မေ ၅ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့၏ အရှေ့မြောက်ဘက် (၁၂)မိုင်ခန့်အကွာသူ့ဌေးချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းပုံစံငယ်အားကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အမှတ် ၂ ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းနှင့် ရေထိန်းတံခါး ပြွန်တူးဖော်ခြင်းလုပ်ငန်း၊ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဥမင်လိုဏ်ခိုင်ခံ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အထွက်ပိုင်းကွန်ကရစ်သွန်းလောင်းနေမှု အခြေအနေများအား ဥမင်လိုဏ်တစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ် ၁ ရေလွှဲဥမင်လိုဏ်၏ ဖောက်လုပ်ပြီးစီးနေမှု အခြေအနေအား မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ ရှုရပ်မှနေ၍ တမံအုတ်မြစ်စိမ့်ရေတားနံရံလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပင်မတမံအောက်ခြေမြေကြီး၊ ကျောက်သားတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်းများအလိုက် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များအား မှာကြားသည်။

သူ့ဌေးရေအား လျှပ်စစ်စီမံကိန်းသည် သူ့ဌေးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ၁၁၁ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်၍ နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ရခိုင်ပြည်နယ်အတွင်း ဒေသများသို့ လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ကာ ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတွင် တည်ဆောက်မည့် ပင်မတမံအမျိုးအစားမှာ ဇုန်အမျိုးအစား (ကျောက်ဖြည့်တမံ) ဖြစ်ပြီး ကန်ရေပြည့်ရေသိုလှောင်ပမာဏမှာ ၆ ဒသမ ၉၆သိန်းဧကပေသိုလှောင်နိုင်မည်ဖြစ်ကာ ယခုအခါစီမံကိန်း၏ ၄၇ ဒသမ ၇၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၆ ရက် နံနက်ပိုင်းတွင် သံတွဲမြို့ ၆၆ ကေဗွီ ၁၀ အမ်ဗွီအေ နန်ချောင်းဓာတ်အားခွဲရုံသို့ ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်က ဓာတ်အားခွဲရုံ၏ လက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် (SEZ) ၏ အကောင်အထည်ဖော်ဆောင်ရွက်ပါက ထပ်မံလိုအပ်လာမည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း သိုလှောင်ဖြန့်ဖြူးရေးစခန်း (သံတွဲမြို့) တာဝန်ခံမှ စက်သုံးဆီသယ်ယူပို့ဆောင်မှု၊ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သိရှိလိုသည်များအား မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားခွဲရုံ Switchyard အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟင်္သာတခရိုင်နှင့် ပြည်ခရိုင်အတွင်းရှိ လမ်းတံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လင်း စစ်ဆေး

**နေပြည်တော်  မေ  ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးကျော်လင်းသည် မေ ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းရှိ ကြိမ်ပင်ဆည်- စကြော့-ခနေဖြူ- ဇလွန်- ဟင်္သာတလမ်းမိုင် ၁၀/ ၅မှ ၃၇/၂အတွင်း JICA အစီအစဉ်ဖြင့် ကတ္တရာကွန်ကရစ် (AC) လမ်းခင်းထားသောအပိုင်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကောင်းမွန်သော ကတ္တရာကွန်ကရစ်လမ်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် လမ်းသားအက်ကွဲမှု၊ လမ်းပေါက်များရှိပါကချက်ချင်းဆောင်ရွက်ရန်နှင့် Routine and Period Maintenance ကို စဉ်ဆက်မပြတ် စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မေ ၆ ရက်တွင် ဟင်္သာတ- ဆုံကုန်း- မြန်အောင်လမ်းနှင့် ယင်းလမ်းပေါ်ရှိ ငဝန်မြစ်ကူးတံတား (မြို့ကွင်း)၏ တံတားကြံ့ခိုင်မှု အခြေအနေနှင့် ငဝန်မြစ်ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ချောက်ရွာဘက်ခြမ်း ချဉ်းကပ်တံတားတိုင်များ ရေတိုက်စားနေမှုနှင့် ရေထိန်းနံရံများ တည်ဆောက်ထားသော အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးက ငဝန်မြစ်ကူးတံတား (မြို့ကွင်း)တွင် ချောက်ရွာဘက်ခြမ်း ချဉ်းကပ်တံတားတိုင်များ၊ ရေတိုက်စားနေမှုသည် တံတားအန္တရာယ်ရှိသဖြင့် ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရေတိုက်စားမှုကို ကာကွယ်ထားရန်နှင့် ရေလမ်းကြောင်းဖော်ပေးရန် မှာကြားသည်။ ဆက်လက်၍ ပုသိမ်-မုံရွာလမ်း(ဘက်ရဲ-ဥသျှစ်ပင်အပိုင်း)နှင့် ပြည်- ဥသျှစ်ပင်လမ်းတို့အား ကြည့်ရှုစစ်ဆေးရာ ဘက်ရဲ- ဥသျှစ်ပင်လမ်းပိုင်းတွင် လှိုင်းများသော အပိုင်းများအား အနိမ့်အမြင့် ဖြေညှိပေးရန်၊ ပြည်- ဥသျှစ်ပင်အပိုင်းရှိတံတားများ အဝင်အထွက်များအဆင်ပြေစေရန်အတွက် တံတားအတက်အဆင်းဖြေညှိပေးရန် မှာကြားသည်။

ထို့နောက်ဧရာဝတီတံတား(နဝဒေး) တံတား၏ ကြံ့ခိုင်မှုနှင့် ရေလမ်းကြောင်း အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဧရာဝတီတံတား (နဝဒေး)၏ ရေလယ်တိုင်များအား Scouring ဖြစ်မဖြစ် စောင့်ကြည့်ရန်၊ Bearing နှင့် Bolts and Net များအား ပုံမှန်ကြည့်ရှုစစ်ဆေးသွားရန်၊ တံတားပေါ် သန့်ရှင်းရေးဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် ပြည်- အောင်လံ-တောင်တွင်းကြီးအပိုင်း မိုင် ၁၈၂/၅ ရှိ BOT ကုမ္ပဏီ Toll Gate တွင် လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ၎င်းလမ်းမိုင် ၁/၁၈၅ နတ်တလင်းတံတား ချဉ်းကပ်လမ်းကတ္တရာခင်းနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး BOT ကုမ္ပဏီ Toll Gate ဝန်ထမ်းများအနေဖြင့် ခရီးသွား ပြည်သူများအား ယဉ်ကျေးပျူငှာစွာဆက်ဆံပြောဆိုရန်နှင့် စနစ်တကျဝတ်စားဆင်ယင်ထားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



### နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

# မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ပြည်  မေ  ၇**

(၇၂)ကြိမ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ အထက(၁) လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ မေ ၅ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့စံပြစခန်းဆု၊ စွမ်းရည်လေးရပ်ထက်မြက်ရေးဆုနှင့် သင်တန်းထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး  ဦးအေးကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် လမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ်အား ချီတက်အလေးပြုကာ မီးသတ်ယာဉ်များဖြင့် ရေပက်ဖျန်း၍ ဂါရဝပြုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ၂၀၁၉ ခုနှစ်တွင်ပြောင်းလဲအသုံးပြုမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံသစ်နှင့်ပတ်သက်သည့်ရှင်းလင်းတင်ပြချက်

ဒေါက်တာထွန်းကို၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထိ ကျင့်သုံးခဲ့သည့် ပထဝီဝင်ဘာသာရပ်၏ မေးခွန်းပုံစံသည် ဖတ်စာအုပ်ပါ သင်ခန်းစာများကို အလွတ်ကျက် ပြန်ရေး စနစ်ဟောင်းပုံစံကိုသာ အခြေပြုထားသည့်အတွက် ယခုအခါ မေးခွန်းပုံစံသစ်ကို ပြောင်းလဲရန်ပြင်ဆင်လာခြင်းဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲကျင့်သုံးမည့် မေးခွန်းပုံစံတွင် ကျောင်းသား ကျောင်းသူများ ဖတ်စာအုပ်ကို အလွတ်ကျက်မှတ်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ စဉ်းစားတွေးခေါ် ဖြေဆိုသော ကိုယ်ပိုင်ရေးသားမှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြောင်းလဲပြင်ဆင်ထားပါသည်။**

### ၂၅ % ခန့်သာ ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်

ပြောင်းလဲပြင်ဆင်သည်ဆိုသော်လည်း မေးခွန်းတစ်ခုလုံးအား အလုံးစုံပြင်ဆင်လိုက်ခြင်းကား မဟုတ်ပါ။ အဓိက ပြောင်းလဲပြင်ဆင်ထားသည့် အပိုင်းများမှာ စာစစ်မှူးချုပ်များ၏ စာစစ်အတွေ့အကြုံများအရ ကျောင်းသားကျောင်းသူများဖြေဆိုရာတွင် ရောထွေးမှုဖြစ်သောအပိုင်းများအား ဖြုတ်ခြင်း၊ ပထဝီဝင် ဘာသာရပ်၏ သဘောသဘာဝအရ ကိုယ်ပိုင်စွမ်းရည်ဖြင့် စဉ်းစားတွေးခေါ်ဖြေဆိုရမည့် လက်တွေ့ပထဝီဝင်အပိုင်းများ၏ အမှတ်ခွဲဝေမှုအားပြင်ဆင်ခြင်း စသည့် ပြောင်းလဲပြင်ဆင်မှုများသာ ဆောင်ရွက်ထားသည့်အတွက် ၂၀၁၈ ခုနှစ်အထိ ကျင့်သုံးခဲ့သည့် မေးခွန်းပုံစံဟောင်း၏ ၂၅ % ခန့်သာ ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယခုအသစ်ကျင့်သုံးမည့် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းပုံစံသစ်သည် ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ၏ ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည့် အပိုင်းကဏ္ဍအချို့ကိုသာ မွမ်းမံပြင်ဆင်ခြင်းဖြစ်ပြီး ပထဝီဝင်ဘာသာရပ်ဖြင့် လက်တွေ့အသုံးချနိုင်မှု အပိုင်းကိုလည်း အနည်းငယ် ဖြည့်စွက်ပေးထားပါသည်။

အဓိကတင်ပြလိုသည်မှာ ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲကျင့်သုံးမည့် မေးခွန်းပုံစံသစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ယခင်ပြဋ္ဌာန်းစာအုပ်ကိုသာ ပြန်လည်သုံးစွဲမှာဖြစ်သည့်အတွက် သင်ကြားရမည့် အကြောင်းအရာအသစ်များမဟုတ်ဘဲ အမှတ်ခွဲဝေမှု အပိုင်းနှင့် ဖြေဆိုရာတွင် စဉ်းစားတွေးခေါ်မှု ဦးစားပေးအနေအထား အနည်းငယ်ပြောင်းလဲထားခြင်းသာဖြစ်ပါသည်။

### မေးခွန်းနံပါတ်အလိုက် ပြောင်းလဲဆောင်ရွက်မှုများ

ယခုဆက်လက်ပြီး ပထဝီဝင်ဘာသာရပ်မေးခွန်းနံပါတ်အလိုက် ပြောင်းလဲဆောင်ရွက်မှုများကို ဆက်လက်ရှင်းပြလိုပါသည်။

၂၀၁၈ခုနှစ်အထိကျင့်သုံးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၊ ပထဝီဝင်ဘာသာရပ် မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း (စ) အထိ အပိုင်း(၆)ပိုင်းပါဝင်ကာ မေးခွန်းပါပေးထားချက်များအရ မေးခွန်းပေါ်တွင် အမှတ် ၂၈၀ ဖိုးမေးထားပြီး အမှတ် ၁၀၀ ဖိုး ဖြေဆိုရန်ဖြစ်ပါသည်။

၂၀၁၉ခုနှစ် ပထဝီဝင်ဘာသာရပ်မေးခွန်းပုံစံသစ်တွင် အပိုင်း(က)၊ မေးခွန်း ၁(က) မှားမှန်ရွေး၊ မေးခွန်း ၁(ခ) ကွက်လပ်ဖြည့်၊ မေးခွန်း ၁(ဂ) တွင်အဖြေမှန်ရွေးများပါဝင်ကာ ပေးမှတ် (၁၅)မှတ်ဖြင့် ယခင်အတိုင်းဖြစ်ပြီး ပြောင်းလဲမှုလုံးဝမပါဝင်ပါ။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းစာအုပ်မှ သဘာဝပထဝီဝင်အပိုင်းအား မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် ၂ နှင့် ၃ သည် မေးခွန်းရှည် (Essay Type) အဖြစ်မေးထားမည်ဖြစ်ပြီး၊ မေးခွန်းနံပါတ် ၄ မှာ မှတ်စုတို (Add-note Type) ၂ ပုဒ် မေးကာ စုစုပေါင်း ၃ ပုဒ်မှ တစ်ပုဒ် ရွေးချယ်ဖြေဆိုရန်ဖြစ်ပြီး ရမှတ်မှာ ၁၅ မှတ် ဖြစ်ပါသည်။ မေးခွန်း၏ အပိုင်း(ခ) တွင် အဓိကပြောင်းလဲမှု တစ်ခုမှာ မေးခွန်းနံပါတ် ၄ မှတ်စုတို အပိုင်းဖြစ်ပြီး ယခင်က မှတ်စုတို (Add-note Type) ၄ ပုဒ် မေးထားခဲ့ပြီး ယခု မေးခွန်းပုံစံသစ်တွင် မှတ်စုတိုမှာ ၂ ပုဒ်သာ မေးထားပါသည်။

၂၀၁၈ခုနှစ်အထိ မေးခွန်း၏ အပိုင်း (ဂ) စီးပွားရေးပထဝီဝင်အပိုင်းတွင် အခန်း ၁ သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ အခန်း ၂ သတ္တုမဟုတ်သောတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ အခန်း ၃ ရေအား၊ အခန်း ၄ စက်မှုလက်မှုလုပ်ငန်း၊ အခန်း ၅ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ အခန်း ၆ ကုန်သွယ်ရေးလုပ်ငန်းများပါဝင်ပါသည်။

အထက်ဖော်ပြပါ အခန်းအလိုက်အကြောင်းအရာများသည် အပိုင်း(ဂ) မြန်မာ့ပထဝီဝင်အခန်းရှိ အကြောင်းအရာများနှင့်လည်း ဆင်တူနေသည်ကို တွေ့ရနိုင်ပါသည်။ စာရင်းဇယားအချက်အလက်သာ ကမ္ဘာနှင့်မြန်မာကွာခြားနေခြင်းရှိပါသည်။ ထို့အပြင် ကမ္ဘာ့စီးပွားရေးအနေဖြင့်လည်း အခန်း (ဃ) ကမ္ဘာ့ပထဝီဝင်အခန်းတွင် နိုင်ငံအလိုက် ပထဝီဝင်အကြောင်းခြင်းရာများ ဖော်ပြသည့်အခါနိုင်ငံအလိုက်စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည်ကို တွေ့ရနိုင်ပါသည်။

ထို့ကြောင့် ၂၀၁၉ခုနှစ် ပထဝီဝင်ဘာသာရပ်မေးခွန်းပုံစံသစ်တွင် အပိုင်း (ခ) စီးပွားရေးပထဝီဝင်အပိုင်းအား ထည့်သွင်း၍ အကဲဖြတ်စစ်ဆေးမှုအတွက် အသုံးပြုတော့မည်မဟုတ်ပါ။

မေးခွန်း၏ အပိုင်း (ဂ) တွင် မြန်မာနိုင်ငံပထဝီဝင်အပိုင်းအား မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် ၅ နှင့် ၆ သည် မေးခွန်းရှည် (Essay Type) အဖြစ် မေးထားမည်ဖြစ်ပြီး၊ မေးခွန်းနံပါတ် ၇ မှာ မှတ်စုတို (Add-note Type) ၂ ပုဒ်မေးကာ စုစုပေါင်း ၃ ပုဒ်မှ တစ်ပုဒ် ရွေးချယ်ဖြေဆိုရန်ဖြစ်ပြီး ရမှတ်မှာ ၁၅ မှတ် ဖြစ်ပါသည်။ မေးခွန်း၏ အပိုင်း(ဂ) တွင် အဓိကပြောင်းလဲမှုတစ်ခုမှာ မေးခွန်းနံပါတ် ၇ မှတ်စုတို အပိုင်းဖြစ်ပြီး ယခင်က မှတ်စုတို (Add-note Type) ၄ ပုဒ် မေးထား ခဲ့ပြီး ယခု မေးခွန်းပုံစံသစ်တွင် မှတ်စုတိုမှာ ၂ ပုဒ်သာ မေးထားပါသည်။

မေးခွန်း၏ အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင်အပိုင်းအား မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် ၈ နှင့် ၉ သည် မေးခွန်းရှည် (Essay Type) အဖြစ် မေးထားမည်ဖြစ်ပြီး၊ မေးခွန်းနံပါတ် ၁၀ မှာ မှတ်စုတို (Add-note Type) ၂ ပုဒ် မေးကာ စုစုပေါင်း ၃ ပုဒ်မှ တစ်ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်ပြီး ရမှတ်မှာ ၁၅ မှတ် ဖြစ်ပါသည်။ မေးခွန်း၏ အပိုင်း(ဃ) တွင် အဓိကပြောင်းလဲမှု တစ်ခုမှာ မေးခွန်းနံပါတ် ၁၀ မှတ်စုတို အပိုင်းဖြစ်ပြီး ယခင်က မှတ်စုတို (Add-note Type) ၄ ပုဒ် မေးထားခဲ့ပြီး ယခု မေးခွန်းပုံစံသစ်တွင် မှတ်စုတိုမှာ ၂ ပုဒ်သာ မေးထားပါသည်။

### ပြောင်းလဲနိုင်မည်ဖြစ်

မေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုအပိုင်း ပိုမိုအလေးထားနိုင်ရန်အတွက် ဒသမတန်း ပထဝီဝင်ဖတ်စာအုပ်၏ လက်တွေ့ပထဝီဝင်အပိုင်းကို အမှတ်အချိုးပိုမိုအလေးပေးထားပါသည်။ ထိုကဲ့သို့ လက်တွေ့ပထဝီဝင်အပိုင်းအား မေးခွန်းတွင် အလေးပေးမှု ပိုမိုခြင်းအားဖြင့် ပထဝီဝင်ဘာသာရပ်သည် အလွတ်ကျက်မှတ်လေ့လာရသောဘာသာရပ်အမြင်မှ လက်တွေ့နယ်ပယ်တွင် အသုံးဝင်သော၊ စဉ်းစားဆင်ခြင်မှုဖြင့် လေ့လာရသော၊ အချိန်နှင့်နေရာ ဆက်စပ်တွေးခေါ်ပြီး ကောက်ချက်ချရသော ဘာသာရပ်အဖြစ် ပြောင်းလဲနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် မေးခွန်းပုံစံသစ်တွင် မေးခွန်းနံပါတ် ၁၁ (က) စကေးပုစ္ဆာများ ၁၀ မှတ်၊ မေးခွန်းနံပါတ် ၁၁(ခ) ကောင်းကင်ဓာတ်ပုံပုစ္ဆာများ ၁၀ မှတ်နှင့် မေးခွန်းနံပါတ် ၁၁ (ဂ) မြေပြင်လက္ခဏာပြမြေပုံ ဖြေဆိုခြင်း ၂၀ မှတ် စုစုပေါင်း ၄၀ မှတ်အဖြစ် အမှတ်ခွဲဝေမှုအား အဓိကပြောင်းလဲထားပါသည်။ ဖြေဆိုရာတွင်လည်း အထူးသဖြင့် အမှတ် ၂၀ ပေးထားသော မြေပြင်လက္ခဏာပြမြေပုံများ ဖတ်ရှုပြန်ဆိုခြင်းတွင် ယခင်မေးခွန်းများတွင်လို တွေ့ရှိရသည့် အကြောင်းအရာ ဥပမာ- မြစ်ချောင်းများ တွေ့ပါသည်။ ရွာစုရွာဝိုင်းများတွေ့ရသည် စသဖြင့် ဖြေဆိုခြင်းထက် တွေ့ရှိရသော အကြောင်းအရာများကို ဆက်စပ်သုံးသပ်ပြီး ဖြစ်စဉ်များကို

### ၂၀၁၈ ပညာသင်နှစ်အထိ ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲ၊ ပထဝီဝင်ဘာသာရပ် မေးခွန်းနှင့် ၂၀၁၉ ခုနှစ်တွင် အသစ်ကျင့်သုံးမည့် မေးခွန်းပုံစံတို့အား နှိုင်းယှဉ်တင်ပြခြင်း

| မေးခွန်းအမှတ် | မေးခွန်းဟောင်း | | | မေးခွန်းအမှတ် | မေးခွန်းအသစ်ပုံစံ | | |
|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | ပေးမှတ် | ရှင်းလင်းချက် | | အကြောင်းအရာ | ပေးမှတ် | ရှင်းလင်းချက် |
| ၁(က) | ဓမ္မဓိဋ္ဌာန် | ၅ | မေးခွန်း(၁)သည် မေးခွန်းအားလုံး ဖြေဆိုရန်ဖြစ်ပြီး ဖတ်စာအုပ်မှ တိုက်ရိုက်ဖြေဆိုရခြင်းမဟုတ်ဘဲ ချိုင့်စဉ်းစားဖြေဆိုရသော မေးခွန်းဖြစ်ပါသည်။ | ၁(က) | ဓမ္မဓိဋ္ဌာန် | ၅ | မေးခွန်း(၁)သည် မေးခွန်းအားလုံးဖြေဆိုရန်ဖြစ်ပြီး ဖတ်စာအုပ်မှ တိုက်ရိုက်ဖြေဆိုရခြင်းမဟုတ်ဘဲ ချိုင့်စဉ်းစားဖြေဆိုရသော မေးခွန်းဖြစ်သည့်အတွက် ယခုအတိုင်း ဆက်လက်ထားရှိရန် |
| ၁(ခ) | ဓမ္မဓိဋ္ဌာန် | ၅ | | ၁(ခ) | | ၅ | |
| ၁(ဂ) | ဓမ္မဓိဋ္ဌာန် | ၅ | | ၁(ဂ) | | ၅ | |
| ၂ | | | | ၂ | | | |
| ၃ | အပိုင်း(ခ) သဘာဝပထဝီဝင်အပိုင်းဖြစ်ပြီး ကမ္ဘာ့သဘာဝပထဝီဝင်အခြေအနေများ သိနားလည်စေရန် | ၁၅ | မေးခွန်းရှည် ၂ ပုဒ်နှင့် မေးခွန်းတို ၄ ပုဒ် မေးထားသဖြင့် နှစ်သက်ရာ မေးခွန်းရှည် ၁ ပုဒ် (သို့) မေးခွန်းတို ၂ ပုဒ် ဖြေဆိုရန်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၀ ပေါ်မှ ၁၅ မှတ်ဖိုးဖြေဆိုရန် ဖြစ်နေပါသည်။ | ၃ | အပိုင်း(ခ) သဘာဝပထဝီဝင်အပိုင်းဖြစ်ပြီး ကမ္ဘာ့သဘာဝပထဝီဝင် အခြေအနေများ သိနားလည်စေရန် | ၁၅ | ဘာသာရပ်အခြေအနေအရ သင့်တော်သော်လည်း ရွေးချယ်ရန် များပြားလွန်းနေခြင်း ရှိနေပါသည်။ ထို့ကြောင့် မေးခွန်းရှည် ၂ ပုဒ်နှင့် မေးခွန်းတို ၂ ပုဒ်၊ ၃ ပုဒ်မှ ၁ ပုဒ် ရွေးချယ်ဖြေဆိုရန်။ ၄၅ မှတ်ပေါ်မှ ၁၅ မှတ်ဖိုးဖြေဆိုရန် |
| ၄ | | | | ၄ | | | |
| ၅ | | | | | | | |
| ၆ | အပိုင်း(ဂ)မှ စီးပွားရေးပထဝီဝင်အပိုင်း ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၊ စက်မှု၊ ကုန်သွယ်လုပ်ငန်းများ ပါဝင်ပါသည်။ | ၁၅ | မေးခွန်းရှည် ၂ ပုဒ်နှင့် မေးခွန်းတို ၄ ပုဒ် မေးထားသဖြင့် နှစ်သက်ရာ မေးခွန်းရှည် ၁ ပုဒ် (သို့) မေးခွန်းတို ၂ ပုဒ် ဖြေဆိုရန်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၀ ပေါ်မှ ၁၅ မှတ်ဖိုး ဖြေဆိုရန် ဖြစ်နေပါသည်။ ထို့အပြင် အကြောင်းအရာများမှာ မြန်မာ့ပထဝီဝင်အခန်းရှိ အကြောင်းအရာများနှင့် သော်လည်းကောင်း၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်အပိုင်းရှိ နိုင်ငံများတွင် သော်လည်းကောင်း ထပ်တူကျလျက်ရှိနေပါသည်။ | | | | အပိုင်း(ဂ)၏ အကြောင်းအရာများမှာ မြန်မာ့ပထဝီဝင်အခန်းရှိ အကြောင်းအရာများနှင့်သော်လည်းကောင်း၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်အပိုင်းရှိ နိုင်ငံများတွင်သော်လည်းကောင်းထပ်တူကျလျက်ရှိနေပါသည်။ သို့အတွက် မေးခွန်းပုံစံသစ်တွင် ယခုအခန်းအား ဖြုတ်ရန်။ |
| ၇ | | | | | | | |

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

ဆန်းစစ်လေ့လာခြင်းများ (relationship between patterns and processes) ဖြေဆိုနိုင်စေရန် အဓိက ရည်ရွယ်ပါသည်။

လက်တွေ့ပထဝီဝင်မေးခွန်းအပိုင်းသည် ပြဋ္ဌာန်းကျောင်းသုံးဖတ်စာအုပ်မှ တိုက်ရိုက်အလွတ်ကျက်ဖြေဆို၍ရသော အပိုင်းမဟုတ်ဘဲ စဉ်းစားတွေးခေါ်မှုနှင့် အခြေခံပထဝီဝင်အသိသညာများ (Basic Geographic Concepts)၊ အခြေခံပထဝီဝင်သဘောတရားများ (Basic Geographical Principles) ကို ကောင်းစွာဆက်စပ်အသုံးချတတ်မှသာ ဖြေဆိုနိုင်မည့်မေးခွန်းမျိုး ဖြစ်ပါသည်။

ထို့ကြောင့် မေးခွန်း၏ အပိုင်း(က) ဓမ္မဓိဋ္ဌာန် မေးခွန်းများ ၁၅ မှတ်နှင့် အပိုင်း(င) လက်တွေ့ပထဝီဝင် (ယခင်ကအပိုင်း (စ) အပိုင်းဖြစ်ပြီး မေးခွန်းပုံစံသစ်တွင် စီးပွားရေးပထဝီဝင်အခန်း မပါဝင်တော့သည့်အတွက် ယခုအခါ အပိုင်း (င)ဖြစ်လာသည်) အမှတ် ၄၀ ဖြစ်သဖြင့် အပိုင်း (က) နှင့် အပိုင်း(င) နှစ်ခုပေါင်းလျှင် မေးခွန်း၏ စုစုပေါင်းပေးထားအမှတ် ၁၀၀ မှ ၅၅ မှတ် ရရှိနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပထဝီဝင်ဆိုင်ရာ စဉ်းစားတွေးခေါ်မှု အပိုင်းထက် ပထဝီဝင်ဆိုင်ရာအကြောင်းခြင်းရာကို ဦးစားပေးသည့် မေးခွန်း၏ အပိုင်း(ခ)၊ (ဂ) နှင့် (ဃ) တို့၏အရေးပါမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

**အဓိကသုံးနေရာကွဲလွဲ**

နောက်ဆုံးအနေဖြင့် အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံသစ်သည် ၂၀၁၈ ခုနှစ်အထိ အသုံးပြုခဲ့သော မေးခွန်းပုံစံဟောင်းနှင့် အဓိကသုံးနေရာ ကွဲလွဲနေပါမည်။

၁။ ၂၀၁၈ခုနှစ်အထိအသုံးပြုခဲ့သည့် မေးခွန်းပုံစံဟောင်းတွင် အပိုင်း(ဂ) အဖြစ်မေးခဲ့သည့် စီးပွားရေးပထဝီဝင်အပိုင်း မေးခွန်းပုံစံသစ်တွင် မပါဝင်တော့ပါ။

၂။ တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းတွင် ပါဝင်မည့် သဘာဝပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နှင့် မြန်မာ့ပထဝီဝင် အပိုင်းများတွင် မှတ်စုတိုမေးခွန်း (Add-note type question) တစ်ပိုင်းတွင် ၂ ပုဒ်စီသာပါတော့မည်။

၃။ လက်တွေ့ပထဝီဝင်အပိုင်းတွင် ယခင်က မေးခွန်းနံပါတ် ၁၄(က) စကေး (သို့) ကောင်းကင်ဓာတ်ပုံ ဘာသာပြန်ဆိုခြင်းနှင့် သက်ဆိုင်သည့်မေးခွန်းနှင့် မေးခွန်းနံပါတ် ၁၄(ခ) မြေပြင်လက္ခဏာပြမြေပုံ ဖတ်ရှုဘာသာပြန်ဆိုခြင်းအစား ယခုအခါ ၁၁(က) စကေးပုစ္ဆာ၊ ၁၁(ခ) ကောင်းကင်ဓာတ်ပုံ ဘာသာပြန်ဆိုခြင်း လုပ်ငန်းစဉ်များနှင့် ၁၁(ဂ) မြေပြင်လက္ခဏာပြမြေပုံ ဖတ်ရှုဘာသာပြန်ဆိုခြင်းအဖြစ်သို့ ပြောင်းလဲကာ ပေးမှတ်ကိုလည်း ၂၅ မှတ်မှ ၄၀ မှတ်အထိ တိုးမြှင့်ထားပါသည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း၊ ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အလွတ်ကျက်ခြင်းမှ အထိုက်အလျောက် ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရကာ ကျောင်းသား ကျောင်းသူအများစု လွယ်လင့်တကူ လေ့လာဖြေဆိုနိုင်သော ဘာသာရပ်အဖြစ် ပြောင်းလဲပေးလိုက်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ နမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် (၁၀-၅-၂၀၁၈) ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

| မေးခွန်းအမှတ် | မေးခွန်းဟောင်း | | | မေးခွန်းအမှတ် | မေးခွန်းအသစ်ပုံစံ | | |
|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | ပေးမှတ် | ရှင်းလင်းချက် | | အကြောင်းအရာ | ပေးမှတ် | ရှင်းလင်းချက် |
| ၈<br>၉<br>၁၀ | အပိုင်း(ဃ) မြန်မာနိုင်ငံ ပထဝီဝင်အပိုင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၊ စက်မှု၊ ကုန်သွယ်လုပ်ငန်းများ ပါဝင်ပါသည်။ | ၁၅ | မေးခွန်းရှည် ၂ ပုဒ်နှင့် မေးခွန်းတို ၄ ပုဒ် မေးထားသဖြင့် နှစ်သက်ရာ မေးခွန်းရှည် ၁ ပုဒ် (သို့) မေးခွန်းတို ၂ ပုဒ် ဖြေဆိုရန်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၀ ပေါ်မှ ၁၅ မှတ်ဖိုး ဖြေဆိုရန် ဖြစ်နေပါသည်။ | ၅<br>၆<br>၇ | အပိုင်း(ဂ) မြန်မာနိုင်ငံ ပထဝီဝင်အပိုင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ၊ စက်မှု၊ ကုန်သွယ်လုပ်ငန်းများ ပါဝင်ပါသည်။ | ၁၅ | ဘာသာရပ်အခြေအနေအရ သင့်တော်သော်လည်း ရွေးချယ်ရန် များပြားလွန်းနေခြင်းရှိနေပါသည်။ ထို့ကြောင့် မေးခွန်းရှည် ၂ နှင့် မေးခွန်းတို ၂ ပုဒ်၊ ၃ ပုဒ်မှ ၁ ပုဒ် ရွေးချယ်ဖြေဆိုရန်၊ ၄၅ မှတ်ပေါ်မှ ၁၅ မှတ်ဖိုး ဖြေဆိုရန် |
| ၁၁<br>၁၂<br>၁၃ | အပိုင်း(င) ကမ္ဘာ့ပထဝီဝင်အပိုင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံအချို့၏ သဘာဝ၊ ဒေသန္တရ၊ စီးပွားရေး၊ စက်မှု ကုန်သွယ်လုပ်ငန်းများ ပါဝင်ပါသည်။ | ၁၅ | မေးခွန်းရှည် ၂ ပုဒ်နှင့် မေးခွန်းတို ၄ ပုဒ် မေးထားသဖြင့် နှစ်သက်ရာ မေးခွန်းရှည် ၁ ပုဒ် (သို့) မေးခွန်းတို ၂ ပုဒ် ဖြေဆိုရန်ဖြစ်သည်။ ထို့ကြောင့် အမှတ် ၆၀ ပေါ်မှ ၁၅ မှတ်ဖိုး ဖြေဆိုရန် ဖြစ်နေပါသည်။ | ၈<br>၉<br>၁၀ | အပိုင်း(ဃ) ကမ္ဘာ့ပထဝီဝင် အပိုင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံ အချို့၏ သဘာဝ၊ ဒေသန္တရ၊ စီးပွားရေး၊ စက်မှု ကုန်သွယ်လုပ်ငန်းများ ပါဝင်ပါသည်။ | ၁၅ | ဘာသာရပ်အခြေအနေအရ သင့်တော်သော်လည်း ရွေးချယ်ရန် များပြားလွန်းနေခြင်းရှိနေပါသည်။ ထို့ကြောင့် မေးခွန်းရှည် ၂နှင့် မေးခွန်းတို ၂ပုဒ်၊ ၃ ပုဒ်မှ ၁ ပုဒ် ရွေးချယ်ဖြေဆိုရန်၊ ၄၅ မှတ်ပေါ်မှ ၁၅ မှတ်ဖိုး ဖြေဆိုရန် |
| ၁၄ | အပိုင်း(စ) လက်တွေ့ပထဝီဝင်အပိုင်း ဖြစ်ကာ ၁၄(က)နှင့် ၁၄(ခ) နှစ်ပိုင်းပါဝင်ပြီး မေးခွန်းအားလုံး ဖြေဆိုရန် ဖြစ်ပါသည်။ | ၂၅ | လက်တွေ့ပထဝီဝင် မေးခွန်းအပိုင်းသည် ဖတ်စာအုပ်မှ တိုက်ရိုက် ဖြေဆိုရသော အပိုင်းမဟုတ်ဘဲ စဉ်းစားတွေးခေါ်မှုနှင့် ထည့်သွင်းဖြေဆိုရသော အပိုင်းဖြစ်ကာ ရွေးချယ်ရန်မရှိ မေးခွန်းအားလုံး ဖြေဆိုရန် ဖြစ်ပါသည်။ | ၁၁ | အပိုင်း(င) လက်တွေ့ ပထဝီဝင် အပိုင်းဖြစ်ကာ မေးခွန်းနံပါတ် ၁၁(က)၊ ၁၁(ခ)၊ ၁၁(ဂ)၊၃ ပုဒ် ပါဝင်ပြီး မေးခွန်းများ အားလုံး ဖြေဆိုရန် ဖြစ်ပါသည်။ | ၄၀ | မေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်မှုအပိုင်း ပိုမိုအလေးထားနိုင်ရန်အတွက် ဒသမတန်း ပထဝီဝင်ဖတ်စာအုပ်၏ အပိုင်း(င) လက်တွေ့ပထဝီဝင် အပိုင်းကို အမှတ်အချိုး ပိုမို အလေးပေးသင့်ပါသည်။ ထိုကဲ့သို့ လက်တွေ့ပထဝီဝင် အပိုင်းအား မေးခွန်းတွင် အလေးပေးမှု ပိုမိုခြင်းအားဖြင့် ပထဝီဝင်ဘာသာရပ်သည် အလွတ်ကျက်မှတ်လေ့လာရသော ဘာသာရပ်အမြင်မှ လက်တွေ့နယ်ပယ်တွင် အသုံးဝင်သော၊ စဉ်းစားဆင်ခြင်ဖြင့် လေ့လာရသော ဘာသာရပ်ဖြစ် ပြောင်းလဲနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းပုံစံသစ်တွင် ၁၁(က) စကေး ၁၀ မှတ်၊ ၁၁(ခ) ကောင်းကင်ဓာတ်ပုံ ၁၀ မှတ်နှင့် ၁၁ (ဂ) မြေပြင်လက္ခဏာပြမြေပုံ ၂၀ မှတ် စုစုပေါင်း ၄၀ မှတ် ထားရှိရန်။ |

## မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် မေ ၇**

ဒုတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီးစားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲအား မေ ၅ ရက်မှ ၇ ရက်ထိ မြို့နယ်ပေါင်း ၃၃ မြို့နယ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသော မြို့နယ်များအား ယနေ့ မွန်းလွဲ ၃ နာရီက ဆုများချီးမြှင့်ခဲ့သည်။

တစ်ဦးချင်းအမျိုးသားပြိုင်ပွဲတွင် "အလုံမြို့နယ်က ပထမ၊ အမျိုးသမီးပြိုင်ပွဲမှာ ဒဂုံမြို့နယ်က ပထမရရှိပြီး အမျိုးသားအသင်းလိုက်ပထမဆုကို အလုံမြို့နယ်၊ အမျိုးသမီးအသင်းလိုက် ပထမဆုကို ဒဂုံမြို့နယ်က ရရှိကာ ဒုတိယကို မြောက်ဒဂုံ၊ တတိယဆု တွံတေးနဲ့ ဒဂုံဆိပ်ကမ်း၊ အမျိုးသားအသင်းလိုက်မှာ ဒုတိယဆုကို မြောက်ဒဂုံနဲ့ တတိယဆုကို လသာနဲ့ တောင်ဥက္ကလာပမြို့နယ်တို့က ရပါတယ်"ဟု တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ဆပ်ကော်မတီအတွင်းရေးမှူး ဦးအောင်ထွဋ်က ပြောသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်မှအသင်း ၃၇ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ရာ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားအသင်း ၃၀၊ အမျိုးသမီးအသင်း ခုနစ်သင်းဖြင့် ယှဉ်ပြိုင်ခဲ့သည်။

(၂၅)နှစ်အောက် အမျိုးသားတစ်ဦးချင်းဆု၊ အမျိုးသမီးတစ်ဦးချင်းဆုနှင့် အသင်းလိုက်ဆုများ ချီးမြှင့်ခဲ့ကာ ပထမရရှိသော အသင်းကို တာဝန်ရှိသူများက တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါပြိုင်ပွဲအား ကူညီပံ့ပိုးသော ဖောင်ဒေးရှင်းနှင့် ကုမ္ပဏီအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းလည်း သိရသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သစ္စာ**



## မန္တလေးတိုင်းဒေသကြီးအတွင်း တန်ဖိုးမျှတအရောင်းအိမ်ရာများ အကောင်အထည်ဖော်မည်

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ တန်ဖိုးမျှတအရောင်းအိမ်ရာတိုက်ခန်းများကို ယခုနှစ်အတွင်းအကောင်အထည်ဖော် တည်ဆောက်ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောကြားသည်။

အဆိုပါတိုက်ခန်းများကို ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မြေနေရာစီမံခန့်ခွဲမှုရရှိပြီးဖြစ်သော မဲကင်းကုန်း၊ ဘိုတပ်ကုန်းနှင့် သမ္မတောတို့တွင် တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် အဆောက်အအုံပုံစံ ဒီဇိုင်းအတည်ပြုချက်ရရှိရန် စီစဉ်လျက်ရှိကြောင်းနှင့် ၎င်းအိမ်ရာများကို တစ်စတုရန်းပေလျှင် ငွေကျပ် ၂၂၅၀၀နှင့် ၂၃၀၀၀ ကြား သတ်မှတ်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အရောင်းအိမ်ရာတွေ ဆောက်ပြီးရင်လည်း ဝယ်ယူနိုင်တဲ့အနေအထားမျိုးဖြစ်အောင် တွက်ချက်စဉ်းစားပြီး စီစဉ်ပေးနေပါတယ်၊ အိမ်ရာဝယ်ယူမယ်ဆိုရင် ကိုယ်တတ်နိုင်တဲ့ ငွေပမာဏနဲ့ တိုက်ခန်းအကျယ်ကို ဝယ်ယူနိုင်မှာပါ၊ အခုတွက်ချက်ထားတဲ့ နှုန်းထားအပြင် မရှိမဖြစ်လိုအပ်တဲ့ ရေ၊ မီးနဲ့လမ်းအတွက် ကုန်ကျငွေလည်း ထပ်မံပါဝင်မှာဖြစ်ပါတယ်၊ ဒီနှစ်အတွင်းမှာပဲ မကြာခင် စတင်တည်ဆောက်တော့မှာပါ၊ ဒီထက်မကမြေနေရာတွေရခဲ့ရင်လည်း အရောင်းအိမ်ရာတွေ ထပ်မံတိုးချဲ့တည်ဆောက်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

၎င်းတန်ဖိုးမျှတအရောင်းအိမ်ရာတိုက်ခန်းများကို အငြိမ်းစားများ၊ မကြာမီ အငြိမ်းစားယူတော့မည့် ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွင် အိမ်ရာဝယ်ယူရန် ငွေစုဆောင်းထားသူများကို ဘဏ်ချေးငွေစနစ်ဖြင့် ဦးစားပေးရောင်းချပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခင်နှစ်များက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းပေါင်း ၁၂၃၂ ခန်းကို တည်ဆောက်ပေးခဲ့ပြီး ၆၅၀ စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်းတစ်ခန်းလျှင် မြေညီထပ် ငွေကျပ် ၂၂၃ သိန်း၊ ပထမထပ် ငွေကျပ် ၂၀၈ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၉၃ သိန်း၊ တတိယထပ် ငွေကျပ် ၁၇၈ သိန်းနှင့် စတုတ္ထထပ် ငွေကျပ် ၁၆၃ သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ ရေလှူဒါန်း

**ဂန့်ဂေါ မေ ၇**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မိသားစုက နွေရာသီတွင် ရေရှားပါးခက်ခဲသည့် ဂန့်ဂေါမြို့နယ် အန်းတားကျေးရွာသို့ မေ ၅ ရက်က လည်းကောင်း၊ ပြစ်မကျေးရွာသို့ မေ ၆ ရက်ကလည်းကောင်း ရေသန့်များ သွားရောက်လှူဒါန်းကြကြောင်း သိရသည်။ ထိုသို့ လှူဒါန်းရာတွင် အိမ်ခြေ ၆၀ ကျော်ရှိသည့် ရောင်နက်ကျေးရွာသို့ ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၁၃၀ ကို လည်းကောင်း၊ အိမ်ခြေ ၂၀၀ ခန့်ရှိသည့် ပြစ်မကျေးရွာ လူငယ်တရားစခန်းနှင့် ကျေးရွာနေပြည်သူများအတွက် ၂၀ လီတာဆံ့ ရေသန့်ဘူးကြီး ၂၄၀ ကိုလည်းကောင်း သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

**၁၀၁**

# အာရှဖွံ့ဖြိုးရေးဘဏ်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်

နေပြည်တော် မေ ၇

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၅၁) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။** (အောက်ပုံ)



**ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်နိုင်ရန်ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်တွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအခြေအနေများနှင့် နိုင်ငံများသို့ ထင်ဟပ်စေမှုများ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပေါ် ကျရောက်လာနိုင်မည့် ဆုံးရှုံးနိုင်ခြေရှိသည့် အကြောင်းအချက်များ၊ ယင်းသက်ရောက်မှုကို လျှော့ချစေနိုင်မည့် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်မှုနှင့်သက်သာစေနိုင်မည့် အစီအစဉ်များ၊ ကာလလတ်မှ ကာလရှည်အထိ ဖွံ့ဖြိုးတိုးတက်မှု မြင့်တင်နိုင်ရန်နှင့် တည်ငြိမ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် ချင်းမိုင်ကနဦး ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ+၃ မေခရို စီးပွားရေး သုတေသနရုံး၏ ဆောင်ရွက်မှု အစီရင်ခံစာနှင့် အာရှငွေချေး စာချုပ်ဈေးကွက်ဖြစ်ပေါ်ရန် လုပ်ဆောင်မည့် အစီအစဉ်များစသည့် အာဆီယံ+ ၃ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် ဆွေးနွေးခဲ့ကြပြီး ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများမှ နိုင်ငံအလိုက် ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး (၂၁)ကြိမ်မြောက် အာဆီယံ+ ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ပူးတွဲကြေညာချက်အား အပြီးသတ်ဆွေးနွေးခဲ့ကြသည်။

**ပူးတွဲကြေညာချက်**

ထို့ပြင် ဂျပန်နိုင်ငံမှ ဦးဆောင်၍ ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာမခံအစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ကြသည်။

**စည်းမျဉ်းစည်းကမ်းများ**

မေ ၅ ရက်တွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၃၀ ပြည့်နှစ်ထိ ချမှတ်ထားသည့် မဟာဗျူဟာကို အဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးခဲ့ကြသည်။ Business Session တွင် ၂၀၁၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ၂၀၁၈ ခုနှစ်အတွက် ဘတ်ဂျက်၊ ဘဏ်၏ ဘဏ္ဍာရေး အရင်းအမြစ်များ၏ အခြေအနေ၊ စာရင်းစစ်ဆေးပြီး အစီရင်ခံစာ၊ အသားတင်ဝင်ငွေ ခွဲဝေချထားမှု၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်အတွက် ကော်မတီ၏ လုပ်ငန်းစဉ်နှင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်အတွက် Board of Governor ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ (၅၁) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌဖြစ်သူ Mr. Takehiko Nakao တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

**စီးပွားရေးမူဝါဒနှင့်အညီ**

ပြည်ထောင်စုဝန်ကြီးသည် မေ ၄ ရက်တွင် ကမ္ဘာ့ဘဏ်၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌဖြစ်သူ Ms. Victoria Kwakwa နှင့် လည်းကောင်း၊ မေ ၆ ရက်တွင် ဂျပန်ဘဏ်၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ Senior Managing Director Mr. Nobumitsu HAYASHI နှင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ဥက္ကဋ္ဌ Mr. Takehiko Nakao တို့နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီရေး၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီ အကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးကူညီပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦး ပြန်လည်လက်ခံ

မြဝတီ မေ ၇

**ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ် ပြန်လိုသောမြန်မာနိုင်ငံသား ၇၃ ဦး အား နှစ်နိုင်ငံတာဝန်ရှိသူများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ် ၄ ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်း၌ လက်ခံခဲ့သည်။**




**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ထောက်ပံ့ငွေများ ပေးအပ်နေစဉ်။**

**နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်**

ယနေ့ ကရင်ပြည်နယ် မြဝတီ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းသို့ မြန်မာနိုင်ငံအတွင်း ပြန်လည်ရောက်ရှိလာသူများမှာ ကရင်ပြည်နယ်အတွင်းနေထိုင်သော အိမ်ထောင်စု ၁၅ စု ကျား ၂၄ ဦး၊ မ ၂၈ ဦး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်သော အိမ်ထောင်စု နှစ်စုစီမှ ကျား လေးဦး၊ မ လေးဦး စုစုပေါင်း ၁၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း နေထိုင်သော အိမ်ထောင်စု တစ်စုမှ ကျား နှစ်ဦး၊ မ သုံးဦး စုစုပေါင်း ကျား၊ မ ၇၃ ဦးတို့ကို လက်ခံကာ သက်ဆိုင်ရာ တာဝန်ရှိသူများက နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

**အားပေးစကားပြောကြား**

ထိုသို့ ပြန်လည်ဝင်ရောက်ရာတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းဦးနှင့် နေရပ်ပြန် မြန်မာမိသားစုများအား ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် တာဝန်ရှိသူများက မြဝတီမြို့ အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ သွား ရောက်ကြိုဆိုကြသည်။ ယင်းနောက် မြဝတီမြို့ အမှတ် (၄) ရပ်ကွက်ရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများက လက်ခံကြိုဆိုကာ အားပေးစကား ပြောကြားကြသည်။

**ပံ့ပိုးကူညီဆောင်ရွက်ပေး**

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က "တစ်ဖက်နိုင်ငံက ကျွန်မတို့နိုင်ငံသားတွေကို ကူညီစောင့်ရှောက်ထားပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်၊ ပြန်လာတဲ့ ကျွန်မတို့နိုင်ငံသားတွေကို တစ်ခုလောက် မေတ္တာရပ်ခံချင်တာက မသွားခင်ကအခြေအနေနဲ့ ပြန်လာတဲ့အခြေအနေ ကွာနေပြီဆိုတာ သိပါလိမ့်မယ်၊ နောက်ပိုင်း အခက်အခဲတွေ တွေ့တဲ့အခါ အေးအတူ၊ ပူအမျှ ရင်ဆိုင်ဖြေရှင်းရင်းနဲ့ ကိုယ့်နိုင်ငံထဲမှာ ဒါတို့ပြည်၊ ဒါတို့မြေဆိုပြီး ခိုင်ခိုင်မာမာနဲ့ ရပ်တည်သွားကြဖို့လိုပါတယ်။ အစိုးရအဖွဲ့အနေနဲ့လည်း တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာပါ၊ ကလေးတွေ ပညာရေး၊ ကျန်းမာရေးကအစ အခက်အခဲရှိရင် သက်ဆိုင်ရာကနေ အကြောင်းကြားပါ၊ အစိုးရအဖွဲ့အနေနဲ့ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးပါ မယ်၊ အခုလိုပြန်တွေ့ရတာဝမ်းသာပါတယ်"ဟု အားပေးစကားပြောကြားသည်။

**မိမိနေရပ်သို့ ထွက်ခွာ**

ယနေ့ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် မိသားစုဝင်သုံးဦးနှင့် သုံးဦးထက်ပိုလျှင် ငွေကျပ် သုံးသိန်းစီနှင့် အသုံးအဆောင် ပစ္စည်း ၂၂ မျိုးပါသော ဘူးတစ်ဘူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့ချုပ်မှ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တစ်ဦးလျှင် ငွေကျပ်တစ်သောင်း ခုနစ်ထောင်စီ အသီးသီးကူညီထောက်ပံ့ကာနေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိရေး မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင်ပင် အိမ်ထောင်စုကိုးစုမှ မိသားစုဝင် ၃၄ ဦးအား စခန်းမှ မိမိနေရပ်သို့ ထွက်ခွာပြီးဖြစ်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေး၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွဋ်ဆွေ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒုတိယအကြိမ်**

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦးအား ယနေ့ပြန်လည်လက်ခံခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်ကို ပြီးခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်က အိမ်ထောင်စု ၁၉ စုမှ အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၃၅ ဦး တို့ကိုလက်ခံခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊**
**ထိန်လင်းအောင်(ပြန်/ဆက်)**
**ဓာတ်ပုံ- မင်းထက်၊**
**ထိန်လင်းအောင်(ပြန်/ဆက်)**

---

*ကျောဖုံးမှ*

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ၊ မေ ၂၅ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ မေ ၂၉ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ နေပြည်တော်ကောင်စီ၊ မေ ၃၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့က ရှင်းလင်းသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ပြည်တွင်း၊ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ ၊ e-mail: ir.pso.moi2015@gmail.com သို့ လိပ်မူ၍ အမည်၊ သတင်းဌာန၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ လိပ်စာ (e-mail လိပ်စာ) တို့အား ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

# အင်ဂျန်းယန်ဒေသမှ ခေတ္တတိမ်းရှောင် မိသားစုများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၇

**ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်ဒေသမှ နယ်မြေလုံခြုံရေး အခြေနေအရ ခေတ္တတိမ်းရှောင်လာသော မိသားစုဝင် ၂၂၇ ဦးတို့အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝိုင်းမော်မြို့နယ် ရှင်ဝေါ်ကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူး၊ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နေရပ်တိမ်းရှောင် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးသော ငွေကျပ် ၃၁၆၄၂၀၀ တန်ဖိုးရှိ ရိက္ခာ တစ်လစာ၊ ဆန် ၈၂ အိတ်၊ ဆီ ၁၄၀ ပိဿာ၊ ကုလားပဲ ၂၁၁ ပိဿာ၊ ဆား ၃၅ ပိဿာတို့ကို ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထူးက ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး **(ယာပုံ)**ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ခေတ္တတိမ်းရှောင် မိသားစုဝင် ၂၃၈၀ အတွက် ဆန် ၈၈၃ အိတ်၊ ဆီ ၁၃၉၀ ပိဿာ၊ ကုလားပဲ ၂၃၃၇ ပိဿာ၊ ဆား ၄၅၀ ပိဿာ၊ စောင် ၁၆၂ ထည်နှင့် ခြင်ထောင် ၈၂ လုံးတို့အား ဖားကန့်မြို့နယ် မံဝယ်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ၊ မိုးကောင်းမြို့နယ် နမ္မတီးမြို့၊ တနိုင်းမြို့နယ် အောင်လော့ဒ် ကျေးရွာများတို့တွင် နယ်မြေခံ တပ်မတော်နှင့်ပူးပေါင်း၍ ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆက်လက်၍လည်း ကျန်းမာရေးအတွက် ဆေးဝါးပစ္စည်းများ၊ ကလေးသူငယ်များအတွက် အာဟာရဖြည့်စွက်စာများ ထပ်မံပေးပို့ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားပြည်သူများအား မယ်စဲ့မြို့၌ ထောက်ပံ့ပစ္စည်းများပေးအပ်



မယ်စဲ့ မေ ၇

**ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားပြည်သူများအား ပြန်လည်လက်ခံကြိုဆိုရေး အခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မယ်စဲ့မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။**

**ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်**

အခမ်းအနားတွင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဌာနများက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားစိစစ်ပြီးသူ တိုင်းရင်းသား ပြည်သူ ၂၀ မှာ မယ်စဲ့ မြို့နယ်မှ လေးဦး၊ ဒီးမော့ဆို မြို့နယ်မှ ရှစ်ဦး၊ လွိုင်ကော်မြို့နယ်မှ ရှစ်ဦးတို့ ဖြစ်ကြသည်။

**လက်ဝယ်အရောက်**

ပြန်လည်ဝင်ရောက်လာသူများအား ကယားပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ ဆီ၊ ရေသန့် စုစုပေါင်း တန်ဖိုး ငွေကျပ် ၃၉၈၀၀၀၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရိက္ခာတန်ဖိုး ငွေကျပ် ၃၅၃၈၉၂၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်း၊ ဆန်ရိက္ခာနှင့် ခရီးစားရိတ်ထောက်ပံ့ငွေနှင့် ပစ္စည်း တန်ဖိုးငွေကျပ် ၁၆၄၄၀၀၀ တို့ကို တာဝန်ရှိသူအသီးသီးတို့က လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဝင်ရောက်လာသူများအား စိစစ်စာရင်းပြုစုခြင်း၊ ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးခြင်း၊ ပညာရေးဌာနမှ ပါဝင်လာသော ကျောင်းနေအရွယ်များအား သက်ဆိုင်ရာ အတန်းပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် စိစစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

**ပြည်နယ် (ပြန်/ဆက်)**

# ကချင်ပြည်နယ်အစိုးရက အောင်လော့ဒ်ဒေသသို့ အိမ်ထောင်စုစာရင်း ကောက်ယူရန် စေလွှတ်သည့်အဖွဲ့အား KIA အဖွဲ့မှပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၇

**တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ တိမ်းရှောင်ရောက်ရှိနေသော အိမ်ထောင်စုများ၏ စာရင်းကောက်ယူရန်နှင့် ကူညီထောက်ပံ့နိုင်ရေး ကချင်ပြည်နယ်အစိုးရက စေလွှတ်သည့်အဖွဲ့အား မေ ၅ ရက် မွန်းလွဲပိုင်းတွင် KIA အဖွဲ့မှ ပစ်ခတ်တိုက်ခိုက်သဖြင့် မေတ္တာရှင်နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ် ကျည်ထိမှန်ခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသ၌ တိမ်းရှောင်ရောက်ရှိနေသော အိမ်ထောင်စုစာရင်းများကောက်ယူရန်နှင့် ကူညီထောက်ပံ့နိုင်ရေးအတွက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန တနိုင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သည့် အဖွဲ့သည် မေ ၅ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တနိုင်းမြို့မှ မော်တော်ယာဉ် ငါးစီးဖြင့် ထွက်ခွာခဲ့ကြပြီး မြို့မရဲစခန်း၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ အရောက် KIA လက်နက်ကိုင်အဖွဲ့ အင်အား ငါးဦးခန့်က လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း၊ KIA အဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်တန်းနောက်ဆုံးမှလိုက်ပါလာသည့် မေတ္တာရှင်နာရေးကူညီမှုအသင်းမှ မော်တော်ယာဉ် ဘယ်ဘက် ရှေ့ဘီးတာယာတွင် ကျည်ထိမှန်ခဲ့ပြီး တာယာပွင့်ထွက်သွားသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကားဘီးကို လဲလှယ်၍ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီတွင် တနိုင်းမြို့နယ် အောင်လော့ဒ်ဒေသသို့ ရောက်ရှိကြကြောင်း၊ KIA လက်နက်ကိုင်အဖွဲ့အား လမ်းကြောင်းလုံခြုံရေးတာဝန်ယူထားသည့် တပ်မတော်သားများက ပြန်လည်ပစ်ခတ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရက အောင်လော့ဒ်ဒေသသို့ စေလွှတ်သည့်အဖွဲ့သည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုခဲ့ရာ နေအိမ်များမှာ ပကတိအတိုင်း ကောင်းမွန်စွာရှိနေပြီး ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ ရွာသူ ရွာသား တစ်ဦးတစ်ယောက်မျှ မတွေ့ရှိဘဲ နွားကောင်ရေ ၅၀ ကျော်ခန့်နှင့် အိမ်မွေးကြက်၊ ဝက်များကိုသာတွေ့ရှိခဲ့ရသဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေ ၆ နာရီခွဲတွင် တနိုင်းမြို့သို့ ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ဆင်မြီးဆွဲမြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ကြက်ခြံပျက်စီး၍ သိမ်ကျောင်းထန်းပင်ပိ

**ဆင်မြီးဆွဲ မေ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဆင်မြီးဆွဲမြို့၌ ယနေ့ ညနေ ၅နာရီကျော်က မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုကြောင့် အောင်မင်္ဂလာရပ်ကွက်တွင် နေအိမ် ၁၀ လုံးကျော် အမိုးလန်ပျက်စီးပြီး သိမ်ကျောင်း တစ်ကျောင်း ထန်းပင်ပိကာ ကြက်ခြံ နှစ်ခြံပြိုလဲခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး )**

# အိန္ဒိယနိုင်ငံမှ သကြားကို လိုသည်ထက် ပိုမိုတင်သွင်းလာပါက ပြည်တွင်းသကြားဈေးကွက်ကို ထိခိုက်လာနိုင်

**မန္တလေး မေ ၇**

အိန္ဒိယနိုင်ငံမှ အဝယ်ရပ်ဆိုင်းထားသည့် မတ်ပဲနှင့် ပဲတီစိမ်းကို ပြန်လည်ဝယ်ယူပြီး အိန္ဒိယမှ သကြားကို မြန်မာနိုင်ငံသို့ အပြန်အလှန်တင်သွင်းခွင့် တောင်းဆိုချက်အရ လိုအပ်သည်ထက်ပိုမိုတင်သွင်းလာပါက ပြည်တွင်းသကြားဈေးကွက်ကို ထိခိုက်လာနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။

လက်ရှိအချိန်တွင် အိန္ဒိယ၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့တွင် သကြားအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် ပြည်ပသကြားဈေးကွက် လျော့ကျလျက်ရှိရာ ပြည်တွင်း၌သကြားအထွက်နှုန်းကောင်းမွန်သည့်အတွက် ပြည်တွင်း စားသုံးမှုလုံလောက်နေသဖြင့် အိန္ဒိယသကြားကို လိုအပ်သည်ထက်ပိုမိုတင်သွင်းလာပါက ပြည်တွင်းသကြားဈေးကွက် ပြောင်းလဲသွားနိုင်ကြောင်း သိရသည်။

"အိန္ဒိယက သကြားတင်သွင်းလာတဲ့အခါ ဘယ်လိုပုံစံ



မျိုးနဲ့ တင်သွင်းမှာလဲ၊ ဘယ်လောက်များများ တင်သွင်းမှာလဲ၊ အဲ့ဒီကိစ္စကို ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းသကြားစက်ရုံတွေဘက်ကို ကြည့်ပြီး စဉ်းစားပေးဖို့တော့လိုတယ်၊ ထိုင်းနဲ့ အိန္ဒိယက ပြည်တွင်းကို ဘယ်လိုပဲဝင်ဝင် အတိုင်းအတာတစ်ခုတော့ ရှိသင့်တယ်၊ မြန်မာ့သကြားက တရုတ်ကလွဲရင် ဘယ်မှ သွားစရာမရှိဘူး၊ တင်သွင်းလာမယ့် သကြားကို ပြည်တွင်းမှာ ချရောင်းရင်တော့ သိပ်မကောင်းဘူး" ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးမြို့ပေါ်ရှိ သကြားစက်ရုံအများစုမှာ ပိတ်ထားသော်လည်း ကြံမှ သကြားတိုက်ရိုက်ထုတ်လုပ်သည့် စက်ရုံများမှာ လည်ပတ်လျက်ရှိပြီး ကုန်ကြမ်းမှာလည်း ပိုမိုအထွက်နှုန်း ကောင်းမွန်လာကြောင်းနှင့် ပြည်တွင်းသကြားဈေးကွက် တည်ငြိမ်နေမည်ဆိုပါက မြန်မာ့သကြား ဈေးကွက်ဖွံ့ဖြိုးလာနိုင်ကြောင်း ဥက္ကဋ္ဌ ဦးစိုးလင်းက သုံးသပ်ပြောကြားသည်။

"ပြည်တွင်းမှာ သကြားအသုံးပြုတဲ့ စက်မှုလုပ်ငန်းရှင်တွေ သကြားကြောင့် လုပ်ငန်းမထိခိုက်အောင် ပြည်ပကနေ သကြားတင်သွင်းခွင့် ကျွန်တော်တို့ဆီမှာ လာလျှောက်ရင် လက်ခံတယ်၊ ဘာကြောင့်လဲဆိုတော့ ပြည်ပသကြားက မြန်မာ့သကြားထက် ဈေးသက်သာပြီး အရည်အသွေးကလည်း ပိုကောင်းတယ်၊ သကြားကောင်းတော့ ကုန်ချောလည်း ကောင်းကောင်းထွက်တာပေါ့" ဟု ၎င်းက ပြောသည်။

သကြားကို ပြည်တွင်းစားသုံးသူများအပြင် အချိုရည်စက်ရုံ၊ နို့ချက်စက်ရုံနှင့် အခြားသော သကြားသုံး စက်ရုံများမှ အဓိကအသုံးပြုကြောင်း၊ တရုတ်နိုင်ငံမှ သကြားလိုအပ်ချက်ရှိသော်လည်း တရားဝင်တင်သွင်းခွင့်ရရှိရန် ကန့်သတ်ချက်များရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပြည်တွင်းသတင်းမီဒီယာသမားများ ကိုင်းကြီး(မြို)ကျေးရွာ၌ သတင်းရယူနေစဉ်။



ပြည်တွင်းသတင်းမီဒီယာသမားများ ဟိန္ဒူဘာသာဝင်များ နေထိုင်သည့် ယာယီစခန်း၌ သတင်းရယူနေစဉ်။

❑ *ကျောဖုံးမှ*

ထို့နောက် သတင်းမီဒီယာသမားများသည် မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံမြိုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တွေ့ဆုံကာ ၎င်းတို့၏ လူမှုဘဝအခြေအနေ၊ အလုပ်အကိုင်ရရှိမှု၊ ကျေးရွာရှိလူဦးရေ၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်၊ ဒေသခံများ၏ လိုအပ်ချက်များအား မေးမြန်းသတင်းရယူကြသည်။

ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နေအိမ် ၅၆ လုံး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က နေအိမ် ၆၄ လုံး တည်ဆောက်လှူဒါန်းထားကြောင်း သိရသည်။

ဆက်လက်၍ မောင်တောမြို့ပေါ်ရှိ ဟိန္ဒူဘာသာဝင်များ နေထိုင်သည့် ယာယီစခန်းသို့ သွားရောက်ပြီး ပညာသင်ကြားနေရမှု၊ လိုအပ်ချက်၊ စခန်းတွင်းလူဦးရေ၊ စားဝတ်နေရေးအခြေအနေ၊ အလုပ်အကိုင်ရှိမှုတို့ကို မေးမြန်းပြီး စခန်းအတွင်း လိုက်လံသတင်းရယူကြသည်။

ယင်းနောက် သတင်းမီဒီယာသမားများသည် လှဖိုးခေါင်ကြားစခန်းသို့ရောက်ရှိပြီး စခန်းတည်ဆောက်ရေးတာဝန်ခံနှင့် တွေ့ဆုံကာ စခန်းတည်ဆောက်မှုအခြေအနေ၊ ခေတ္တနေထိုင်နိုင်မည့် လူဦးရေအပါအဝင် သိလိုသည်များကို မေးမြန်းပြီး စခန်းအတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုကို လှည့်လည် သတင်းရယူကြသည်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-သက်လွင်စိုး**



ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ဆောက်လုပ်ထားသည့် အိမ်သစ်များကို တွေ့ရစဉ်။



## ကမ္ဘာ့ကြက်ခြေနီနေ့အကြို ပြည်သူ့အကျိုးပြုဆောင်ရွက်

**ဘူးသီးတောင် မေ ၇**

ဘူးသီးတောင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့သည် မေ ၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စုပေါင်းသန့်ရှင်းရေးများကို ယနေ့နံနက် ၈ နာရီခန့်က ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မြင့်ဝေနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၅ ဦးတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး ဘူးသီးတောင်မြို့ပေါ်ရှိအမှတ် ၄ ရပ်ကွက်၊ အမှတ် ၅ ရပ်ကွက်နှင့် အမှတ် ၇ ရပ်ကွက်ရှိ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် ခေါက်ဆွဲခြောက် ၆၆ ဖာနှင့် ဆန်အိတ် ၉၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ် (ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကျောက်တော်မြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**မြောက်ဦး မေ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်၌ ဧပြီ ၂၉ ရက်တွင် လေပြင်းတိုက်ခတ်၍ အမိုးလန်ပျက်စီးသွားသော နေအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာစာသင်ကျောင်း၌ ပြုလုပ်ခဲ့သည်။



လေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ရာတွင် ပြည်နယ်ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဦးကျော်အေးသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ ကျောက်တော်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စဖိုသား ကျေးရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်အိမ်လျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် အိမ်ခြေ ၂၆ လုံးအတွက် ငွေကျပ် ၃၉ သိန်းအားလည်းကောင်း၊ စိန်ခြုံအုပ်စု သာစည်သစ်ကျေးရွာနှင့် ကြခတ်ပြင်ကျေးရွာမှ အိမ်တစ်အိမ်လျှင် ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် အိမ်ခြေ ၃၀ အတွက် ငွေကျပ် ၄၅ သိန်း၊ စိန်ခြုံကျေးရွာ အ-လ-ကကျောင်းဆောင် ပြန်လည်ပြုပြင်ရန်အတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် ၈၅ သိန်းအား ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ဦးကျော်အေးသိန်းက ပေးအပ်ရာ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးအန္တရာယ်ခံစားရသော ကျေးရွာသူကျေးရွာသားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မောင်တောမြို့နယ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ (တိုင်းရင်းသား)ကျေးရွာတွင် နွား ၂၆ ကောင်၊ ဆိတ် ၂၀ ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား)ကျေးရွာတွင် နွား ၂၅ ကောင်၊ ဆိတ် ၃၆ ကောင်၊ ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကန်သာယာ(တိုင်းရင်းသား)ကျေးရွာတွင် နွား ၁၄ ကောင်၊ ဆိတ် ၁၉ ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား ၇၇၈ ကောင်နှင့် ဆိတ် ၁၀၈၃ ကောင်တို့အား ကာကွယ်ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လူသားတိုင်းအတွက် ကြက်ခြေနီ

❖ လူသားအကျိုး၊ ပြည်ရွာကျိုးကို
သယ်ပိုးဆောင်ရွက်၊ ရည်ရွယ်ချက်ဖြင့်
ထွက်ပေါ်လာသည့် ကြက်ခြေနီ။
❖ ကရုဏာထား၊ မေတ္တာပွား၍
စိတ်ထားဖြူစွာ၊ စေတနာနှင့်
ကြင်နာတတ်သည့် ကြက်ခြေနီ။
❖ မိတ်ဆွေရန်သူ၊ မခွဲတူလျက်
ဖြူစွမှုကင်း၊ ကြင်နာခြင်းဖြင့်
ဆင်းရဲချမ်းသာ၊ လူ့အလွှာဝယ်
ချိန်ခါမရွေး၊ စောင့်ရှောက်ပေးသည်
မနေးကူညီ ကြက်ခြေနီ။
❖ သဘာဝဘေး၊ စစ်ဒဏ်ဘေးတွင်
ပေးအသက်လှူ၊ ဆောင်ရွက်ကူသည်
လူမှုဝန်ထမ်း ကြက်ခြေနီ။
❖ လူငယ်အင်အား၊ စဉ်နီးကြားလျက်
မနားမနေ၊ ကျေးရွာတွေထိ
ဝေဖြာနွေးထွေး၊ ကျန်းမာရေးနှင့်
ရပ်ရေးရွာရေး၊ လူမှုရေးတွင်
အားပေးကူညီ ကြက်ခြေနီ။
❖ ကြက်ခြေနီသင်း၊ ပေါ်ထွန်းခြင်းသည်
ကောင်းခြင်းဖြာဖြာ၊ မင်္ဂလာနှင့်
ရှာသည့်မိုးသွင်၊ လူသားရင်သို့
ကြင်နာမေတ္တာ၊ ကရုဏာတွေ
သွန်းဖြာဝေသည်၊ ကမ္ဘာတည်တိုင်
ခွန့်ရှည်ခိုင်မြဲပါစေသော်...။ ။

**ထီယူ**

(ကမ္ဘာ့ကြက်ခြေနီနေ့ကို ဂုဏ်ပြုပါ၏)

# ထိန်ပင်အမှိုက်ပုံ အောက်ခြေမှထွက်ရှိသည့် အပူငွေ့များကို ငါးရက်မြောက် စောင့်ကြည့်ငြိမ်းသတ်

ရန်ကုန် မေ ၇

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များကို ယနေ့တွင် ငါးရက်မြောက်အဖြစ် စောင့်ကြည့်၍ ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။**



ထိန်ပင်အမှိုက်ပုံ အောက်ခြေမှထွက်ရှိသည့် အပူငွေ့များကို မီးသတ်သမားများက ငြိမ်းသတ်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇေဇော်

### သက်ဆိုင်ရာကို ပြန်လည်အပ်နှံ

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးမြင့်ဦး က "ဒီနေ့ဆိုရင် အပူငွေ့ထွက်တဲ့နေရာတွေကို ပေါက်တူး၊ ထွန်ခြစ်တွေနဲ့ တူးဆွပြီး ရေနဲ့ ငြိမ်းသတ်ခဲ့တယ်၊ ဇုန်အားလုံးကို အဖွဲ့တွေခွဲပြီး လက်စသတ်နိုင်ခဲ့ပါတယ်၊ လက်ရှိမှာတော့ စိတ်ချရလောက်တဲ့ အနေအထားပါပဲ၊ ဒါပေမယ့် ဧရိယာကျယ်ပြန့်တဲ့အတွက် အပူငွေ့ထွက်ရှိမှုအခြေအနေကို ဒီနေ့ညနဲ့ မနက်ဖြန်မနက်ပိုင်းအထိ စောင့်ကြည့်မယ်၊ နောက်ထပ် အပူငွေ့ထွက်တာတွေရှိရင် ငြိမ်းပြီး ညနေပိုင်းမှာတော့ သက်ဆိုင်ရာကို ပြန်လည်အပ်နှံသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

### စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကို အသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီနေ့မှာတော့ မီးသတ်တပ်ဖွဲ့ရဲ့ စောင့်ကြည့်မှုအခြေအနေ ငါးရက်မြောက်ရှိပါပြီ၊ စောင့်ကြည့်ငြိမ်းသတ်မှုကာလအတွင်း ဇုန်လေးဇုန်လုံးမှာ အပူရှိန်ကြောင့်ထွက်ရှိတဲ့ မီးခိုးငွေ့တွေကို မီးသတ်တပ်ဖွဲ့နောက်ချန်အင်အားတွေနဲ့အတူ ကျွန်တော်တို့ YCDC ဝန်ထမ်း လေးရာလောက်က ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောသည်။

### အပူငွေ့များကို ငြိမ်းသတ်လျက်ရှိ

မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်ကာ ဆက်လက်စောင့်ကြည့်မှုများ ပြုလုပ်၍ အမှိုက်ပုံအောက်ခြေမှ ထွက်ရှိသည့် အပူငွေ့များကို ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး**

*❖ ကျောဖုံးမှ*

မီတာ ၅၀၀ ပြိုင်ပွဲ၌ စံချိန် ၂ မိနစ် ၀၈ ဒသမ ၅၆၂ စက္ကန့်ဖြင့်ပထမ ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက စံချိန် ၂ မိနစ် ၀၉ ဒသမ ၁၂၂ စက္ကန့်ဖြင့် ဒုတိယဖြင့် လည်းကောင်း၊ အိမ်ရှင် တရုတ်(တိုင်ပေ)အသင်းက စံချိန် ၂ မိနစ် ၁၀ ဒသမ ၉၅၄ စက္ကန့်ဖြင့် တတိယဖြင့် လည်းကောင်း၊ အမျိုးသမီး ၁၀ တက် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက စံချိန် ၂ မိနစ် ၂၀ ဒသမ ၁၀၃ စက္ကန့်ဖြင့် ပထမ ရွှေတံဆိပ်၊ ထိုင်းအသင်းက ၂ မိနစ် ၂၀ ဒသမ ၂၄၇ စက္ကန့်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက စံချိန် ၂မိနစ် ၂၃ ဒသမ ၂၃၅ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း၊ အမျိုးသား ၁၀ တက် မီတာ ၅၀၀ ပြိုင်ပွဲ၌ ထိုင်းအသင်းက ၂ မိနစ် ၀၄ ဒသမ ၅၃၉ စက္ကန့်ဖြင့် ပထမရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက စံချိန် ၂ မိနစ် ၀၆ ဒသမ ၀၉၃ စက္ကန့်ဖြင့် ဒုတိယ၊ မြန်မာအသင်းက စံချိန် ၂ မိနစ် ၀၇ ဒသမ ၃၁၃ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသန်းတိုး ခေါင်းဆောင်ကာ အုပ်ချုပ်သူ၊ နည်းပြများနှင့် လှေလှော်အားကစားသမား ၃၇ ဦးတို့က Mixed ၂၀၀ မီတာ (၁၀) တက်၊ အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ (၁၀)တက်၊ အမျိုးသား၊ အမျိုးသမီး (၁၀)တက် မီတာ ၅၀၀၊ အမျိုးသမီး (၁၀) တက် မီတာ ၅၀၀ တို့တွင် ရွှေတံဆိပ်တစ်ခုစီဖြင့် လည်းကောင်း၊ အမျိုးသား(၁၀)တက် မီတာ ၅၀၀ တွင် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။ **တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၈ -၅- ၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်းအစီအစဉ်**
- ၉း၃၀ - မြန်မာ့ရုပ်မြင်သံကြား လှူငယ်အစီအစဉ်
- ၁၁း၃၅ - မေတ္တာအင်ကြင်းရဂုံနှင့် ငြိမ်းချမ်းရေးစကားဝိုင်း
- ၁၄း၃၅ - Yes or No Talk Show
- ၁၅း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း-၁၄)

**ညပိုင်း**

- ၁၆း၃၅ - YTN (Science) ထိန်းချုပ်နေသောဦးနှောက်
- ၁၇း၁၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **ရှယ်ချွေးမ** (ရန်အောင်၊ အောင်ရဲလင်း၊စိုးမြတ်သူဇာ၊ ထက်ထက်မိုးဦး၊ခင်ဝင့်ဝါ) ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
- ၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီ သရုပ်ဆောင်-မင်းမော်ကွန်း)
- ၁၉း၅၅ - CHOICE (အပိုင်း-၆၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး **ရွှေဆိုင်းလုပ်ငန်း၊ ကားလုပ်ငန်းနှင့် လေလံတင်ဒါ ရယူဆောင်ရွက်ရာတွင်အခွန်ကျသင့်ခြင်း အကြောင်း သိကောင်းစရာ**
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့်ဓားဘုရင်** (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၅)
- အနုပညာခန်းရိပ်သာ **ဗိုလ်ကလေးတင့်အောင်နှင့် တွေ့ဆုံခြင်း**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း** (အပိုင်း-၇)

# မြန်မာနိုင်ငံ၌ ခြေစမ်းပွဲလာကစားမည့် လိဒ်စ်ယူနိုက်တက်အသင်း လူစာရင်းထုတ်ပြန်

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံတွင် ခြေစမ်းပွဲကစားမည့် အင်္ဂလန်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းက လူစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် မေ ၈ ရက်(**ယနေ့**)ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး အမာခံကစားသမားအချို့ ပါဝင်လာခြင်း မရှိသော်လည်း လက်ရှိ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကစားသမားအများစု ပါဝင်လာသည်။ လိဒ်စ်ယူနိုက်တက်အသင်းတွင် ပါဘလိုဟာနန်ဒက်ဇ်၊ ဖောရှော၊ လာဆိုဂါတို့ ပါဝင်လာခြင်း မရှိသော်လည်း ဖာရယ်၊ ဒေးဗစ်အလိုင်းဂရင်း၊ ရော်နယ်ဒိုမီအဲရာ၊ ကယ်ဗင်ဖီးလစ်တို့ ပါဝင်လာသည်။ လိဒ်စ်ယူနိုက်တက်အသင်းသည် မေ ၆ ရက်တွင် လိဂ်ချန်ပီယံရှစ် နောက်ဆုံးပွဲဖြစ်သည့် QPR အသင်းနှင့် ယှဉ်ပြိုင်ပြီး နောက်ရက်တွင် ထွက်ခွာလာကာ ဒဏ်ရာရနှင့် ပွဲပန်းနေသည့် ကစားသမားအချို့ မပါဝင်လာခြင်း ဖြစ်သည်။



မြန်မာနိုင်ငံ၌ ခြေစမ်းပွဲလာကစားမည့် လိဒ်စ်ယူနိုက်တက်အသင်းမှ ကစားသမားအချို့ကို တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်

လိဒ်စ်ယူနိုက်တက်အသင်းသည် မြန်မာနိုင်ငံ ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မေ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ MNL ALL Star အသင်း၊ မေ ၁၁ ရက်တွင် မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



*❍ ကျောဖုံးမှ*

မြတ်နိုးခင်က ၁၇၊ ၃၈ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့သည်။စင်ကာပူအသင်းအတွက် ခြေပဂိုးတစ်ဂိုးကို ၄၉ မိနစ်တွင် ဆာတလီကသွင်းယူခဲ့သည်။

အုပ်စု(က)အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ယနေ့ပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာနှင့် ဗီယက်နမ်အသင်းက ခုနစ်မှတ်စီ၊ မလေးရှားအသင်းက လေးမှတ်၊ စင်ကာပူအသင်းက ပွဲကုန် နှစ်မှတ်၊ ဖိလစ်ပိုင်အသင်းက တစ်မှတ်ရထားသည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း တိုက်စစ်မှူးက စင်ကာပူအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။** ဓာတ်ပုံ-MFF

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# မရမ်းချောင် စစ်ဆေးရေးအဖွဲ့ ရှောင်ကွင်းလမ်းများစစ်ဆေးစဉ် အကောက်ခွန်မဲ့ပစ္စည်းများဖမ်းမိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မေ ၆ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၃၇ စီး၊ သွင်းကုန် ၉၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၁၈၇ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၂ သန်းခန့် စုစုပေါင်း တားဆီးမှု ငါးမှု ခန့်မှန်း တန်ဖိုး ငွေကျပ် ၆ ဒသမ ၉၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၆ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ လှည့်ကင်းစစ်ဆေးမှုများ ဆောင်ရွက်စဉ် ရွှေဖြူရှောင်ကွင်းလမ်း ရော်ဘာတောအတွင်း တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် အကောက်ခွန်မဲ့ Brand New Water Filter (C/O-TH) ပစ္စည်းများဖြစ်သော Far Infrared (4U)၊ Aquatek (CRM) (4U)၊ Treatton 5 Stages (5U) နှင့် Uni Pure 4 Stages (5U) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျောက်စိမ်းတုံး ၅၁ တုံးဖမ်းမိ

**အင်းတော် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ နဘားလမ်းဆုံနေရာမှ တရားမဝင်ကျောက်စိမ်းတုံး ၅၁ တုံး (အလေးချိန်ပိဿာ ၆၀) ကိုဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၇ ရက် ည ၇ နာရီခန့်တွင် အင်းတော်မြို့နယ် နဘားနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ခင်ဇော်ထိုက် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည်အင်းတော်မြို့မရဲစခန်းမှူး ဒုရဲမှူးသက်တင်ဦးကြီးကြပ်၍ သက်သေများနှင့်အတူ ရွှေဘို -မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ နဘားလမ်းဆုံတွင် တရားမဝင် ကျောက်စိမ်းတင်ယာဉ်များဖြတ်သွားမည်ဖြစ်ကြောင်းတာဝန်သိပြည်သူများ၏ ပေးပို့သတင်းအရ စောင့်ဆိုင်းနေစဉ် မြစ်ကြီးနားမြို့ဘက်မှ ယာဉ်မောင်းကျော်သူ မောင်းနှင်လာသော 7C/... ယာဉ်အားမသင်္ကာ၍ရပ်တန့်စစ်ဆေးရာ ယာဉ်၏ဂီယာတံအုံအောက်တွင် အံဝှက်ပြုလုပ် ၍ သယ်ဆောင်လာသော တရားမဝင်ကျောက်စိမ်းတုံး ၅၁ တုံး (အလေးချိန်ပိဿာ ၆၀) အား ရှာဖွေစစ်ဆေးတွေ့ရှိသဖြင့် တရားမဝင်ကျောက်စိမ်းတုံးများ သယ်ဆောင်သူ ဖားကန့်မြို့ မရှိကရောင်ရပ်နေ ကျော်သူအား အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၄၄ ကြိမ် ဖြစ်ပွားခဲ့ရာ ၁၂ ဦး သေဆုံးပြီး ၁၃၇ ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ဧပြီလအတွင်း ယာဉ်မတော်တဆမှု ၄၄ ကြိမ် ဖြစ်ပွားခဲ့ရာ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး လေးဦး ပေါင်း ၁၂ ဦး သေဆုံးပြီး အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ၆၉ ဦး ပေါင်း ၁၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ပလွေ့ အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၁၈၅/၂နှင့် ၃ အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ဝါးများတင်ဆောင်ပြီး ယာဉ်မောင်းဇော်လွင် မောင်းနှင်လာသည့် FAW အပြာရောင် မော်တော်ယာဉ်မှာ ယမန်နေ့ ည ၇ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး အလူမီနီယံတန်းကို တိုက်ကာ တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား ၁၄ ဦးအနက် လေးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများနှင့် သေဆုံးသူ ရုပ်အလောင်း များကို အမြန်လမ်းတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင် ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်လွင်အား သက်ဆိုင်ရာက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**



ဓာတ်ပုံ (အမြန်လမ်းရဲတပ်ဖွဲ့)

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုဖြစ်၍ ယာဉ်တိမ်းမှောက်နေသည်ကို တွေ့ရစဉ်။**

# FDA အမျိုးသမီးဝန်ထမ်း သတ်ဖြတ်ခံရမှုတွင် ပြန်ခေါ်သက်သေတစ်ဦးအား စစ်ဆေး

**ရန်ကုန် မေ ၇**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် စစ်ဆေးလျက်ရှိသော FDA အမျိုးသမီးဝန်ထမ်းကို အငှားယာဉ်မောင်းက သတ်ဖြတ်မှုတွင် ပြန်ခေါ်သက်သေတစ်ဦးအား မေ ၇ ရက်တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူ မျိုးဇော်ဦးအား စွဲချက်တင်အမိန့်ချမှတ်ပြီးနောက် ၎င်းက ပြစ်မှုနှင့်ပတ်သက်၍ ငြင်းဆိုသည့်အတွက် တရားလိုဖြစ်သူ ဒုရဲအုပ်ယာချမ်းမြေ့အောင်ကို ပြန်ခေါ်သက်သေအဖြစ် ယနေ့စစ်ဆေးခဲ့ခြင်းဖြစ်သည်။

"နောက်တစ်ပတ်ရုံးချိန်းက ၁၄ ရက်နေ့ပါ၊ တရားခံနဲ့ တရားခံပြသက်သေတစ်ဦးကို စစ်ဆေးဖို့ချိန်းဆိုထားပါတယ်" ဟု ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ သတင်းနှင့်ပြန်ကြားရေးအရာရှိ တွဲဖက်ခရိုင်တရားသူကြီး ဦးထွန်းထွန်းဦးက ပြောကြားသည်။

ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)အရ စွဲချက်တင်ခံထားရသူ မျိုးဇော်ဦးဘက်မှ တရားခံပြသက်သေ လေးဦး တင်ပြထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပင်လည်ဘူး၌ ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

**ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် ညနေ ၆ နာရီက ပင်လည်ဘူးမြို့နယ် ဝါးဘိုချောင်းကျေးရွာအနီး ပင်လည်ဘူး-ဖောင်းပြင်သွားကားလမ်း၌ အောင်ချိုဦး မောင်းနှင်၍ အောင်ဘိုလိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရန်တားစဉ် ဆိုင်ကယ်နောက်၌ လိုက်ပါလာသူ အောင်ဘိုသည် ခုန်ချထွက်ပြေးသွားပြီး ဆိုင်ကယ်တူးဘောက်စ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ ခွက်(ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။**

အလားတူ မေ ၅ ရက် မွန်းလွဲ ၂နာရီက ပင်လည်ဘူးမြို့နယ် တမောသာကျေးရွာအနီး ပင်လည်ဘူး-ဗန်းမောက်သွားကားလမ်းဘေး တောင်ပေါ်၌ ပီနံအိတ် တစ်လုံးကိုတွေ့ရှိရပြီး ပီနံအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက် (ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်)ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု ၄၁ ရန်ကုန် (အရှေ့)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် မွန်းလွဲ ၃ နာရီက မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ် ၁၄ ရပ်ကွက် တိုက်အမှတ် ၂၀ အခန်းအမှတ် ၃၀၂ နေ ညဏ်ဖြိုးဝေ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၈ ပြား၊ အိုက်စ် ၀ ဒသမ ၇ ဂရမ်နှင့် ဆေးခြောက် ၂ ဂရမ်တို့ကိုလည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီခွဲခန့်တွင် ရွှေပြည်သာမြို့နယ် ဇီးကုန်း ၂၄ ရပ်ကွက် မြင်းလှည်းဂိတ်ဈေး၌ ရွှေပြည်သာမြို့နယ်နေ မနုနုအေး (ခ) မအမိုးအား လက်ကိုင်ဖုန်းတစ်လုံးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ မြောက်ဥက္ကလာပမြို့နယ်နေ သိန်းအောင်အား မြင်းလှည်းဂိတ်ဈေး၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိပြီး ဆက်လက်ဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် ရွှေပြည်သာမြို့နယ်နေ မနန်းဆိုင်ဆာအား ရွှေပြည်သာမြို့နယ် ရန်ကြီးအောင်လမ်းပေါ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ပဲခူးမြို့၌ ဘောလုံးပွဲလောင်းကစားဒိုင် ဖမ်းဆီးရမိ

**ပဲခူး မေ ၇**

ပဲခူးမြို့ မြို့မရဲစခန်းအပိုင်တွင် မေ ၆ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က ဘောလုံးပွဲလောင်းကစားသူများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးမြို့ရှင်စောပုရပ်ကွက် မဂ္ဂတစ်လမ်းနှင့် ဆိုရှယ်လစ်(၈)လမ်းထောင့်တွင် ဘောလုံးပွဲလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်ကျော်သူ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဦးခင်မောင်မြင့် (၅၈ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘောလုံးပွဲ လောင်းကစားရာတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများ၊ ငွေကျပ် ၄၄၁၆၀၀ နှင့်အတူ ၎င်းအားတွေ့ရှိသဖြင့် ပဲခူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၀၅၄**

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသောအလှကုန်ပစ္စည်းများကိုအများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကိုစစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၆)မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန်မသင့်တော်ပါကြောင်းအသိပေးနှိုးဆော်အပ်ပါသည်။

၃။ တားမြစ်ဓာတုပစ္စည်း(မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါကကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကိုကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ) အရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | BeautyFaceCream | ဖော်ပြမထားပါ။ | Mercury (+) |
| ၂။ | HUASHUZI 7 Day Whitening Ganoderma WhiteningBeautyMelatoninCream | Made in Thailand | Mercury (+) |
| ၃။ | BeautyWhitening 2 + 1 (A+B+C) | ဖော်ပြမထားပါ။ | Mercury (+) |
| ၄။ | Dr. YanheeSkinCare Set (Gold Color) | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၅။ | RemovingSpeckMask | ဖော်ပြမထားပါ။ | Mercury (+) |
| ၆။ | JIAOLI 7 Days Anti-Fleck Papaya PawpawWhiteningDespeckle (A Cream + B Cream) | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |



# ဟာဝိုင်ယီမီးတောင်ပေါက်ကွဲမှုကြောင့် နေအိမ် ၂၆ လုံးပျက်စီးဆုံးရှုံး

**ဟာဝိုင်ယီ မေ ၇**

Kilauea မီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသည့် ချော်ရည်ပူများကြောင့် ဟာဝိုင်ယီရှိ နေအိမ် ၂၆ လုံးပျက်စီးဆုံးရှုံးခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီမှ အာဏာပိုင်များက ပြောကြားခဲ့သည်။ အာဏာပိုင်များက သတိပေးချက်များကို ဆက်လက်ထုတ်ပြန်နေဆဲဖြစ်သည်။

အာဏာပိုင်များ၏ ပြောကြားချက်အရ ပြီးခဲ့သည့် ကြာသပတေးနေ့ကတည်းက ဟာဝိုင်ယီကျွန်းတောင်ပိုင်းရှိ အပူကြောင့် အရည်ပျော်နေသော ကျောက်သားများ မီးတောင်ဝမှ လွင့်စဉ်ထွက်လာခဲ့ကြောင်း သိရသည်။ ချော်ရည်ပူများသည် အနီးအနားရှိ သစ်တောများနှင့် လူနေရပ်ကွက်များဆီသို့ စီးဆင်းရောက်ရှိသွားခဲ့ကာ နေအိမ်များနှင့် သစ်ပင်များကို လောင်ကျွမ်းသွားစေခဲ့သည်။

အချို့ရပ်ကွက်များတွင် အဆိပ်ဓာတ်ငွေ့များ ရောက်ရှိနေမှုကို စစ်ဆေးတွေ့ရှိခဲ့ရသည်။ ဗီဒီယိုဖိုင်၌ မီးတောင်မှ ကျောက်သားများ အိမ်တစ်လုံး၏ အနီးသို့ လွင့်စဉ်လာသည်ကို တွေ့မြင်ရသည်။ ချော်ရည်ပူများသည် ယာဉ်နှစ်စီးကို ဝါးမျိုသွားခဲ့သည်။

ဒေသခံပြည်သူပေါင်း ၁၇၀၀ တို့အတွက် ကယ်ဆယ်ရွှေ့ပြောင်းမိန့် ထုတ်ပြန်ထားဆဲဖြစ်သည်ဟု သိရသည်။ မီးတောင် လှုပ်ရှားမှုနှင့် ဆက်စပ်ကာ ဖြစ်ပေါ်လာသည့် မြေငလျင် အဆက်မပြတ်လှုပ်ခတ်မှုများကိုလည်း မှတ်တမ်းတင်ထားသည်။ သောကြာနေ့က ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထား သည်။

**အင်န်အိတ်ချ်ကေ**



# လုပ်ကြံပစ်ခတ်ခံရသည့် ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ကျန်းမာရေးပြန်ကောင်း

**လာဟိုး မေ ၇**

သံသယဖြစ်ဖွယ် လုပ်ကြံပစ်ခတ်မှုဖြစ်ပြီးနောက် ဆေးရုံတက်ကုသခဲ့ရသော ပါကစ္စတန်ပြည်ထဲရေး ဝန်ကြီးသည် မေ ၇ ရက်က ဆေးရုံ၌ ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။




အသက် ၅၉ နှစ်ရှိ ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး အစ်ဘဲလ်သည် ပန်ဂျပ်ပြည်နယ် ပြည်သူ့တွေ့ဆုံပွဲသွားရန် ပြင်ဆင်နေစဉ် သေနတ်ပစ်လုပ်ကြံခံရခြင်းဖြစ်ပြီး သေနတ်ပစ်ခတ်မှုကြောင့် ၎င်း၏ ညာဘက်လက် ထိခိုက်သွားကြောင်း သိရသည်။

အာဘစ်ဟု ခေါ်သည့် အသက် ၂၀ ကျော်လူငယ်တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒုတိယအချက်ပစ်ခတ်မှုပြုမည့်အချိန်တွင် လုံးထွေးသတ်ပုတ်ခြင်းခံခဲ့ရကြောင်း သိရသည်။ ယခုအခါတွင် ၎င်းကို သက်ဆိုင်ရာ အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ပြည်နယ်ဒုတိယရဲမင်းကြီး အလီအာနန်ကွာမာက သေနတ်ပစ်ခတ်လုပ်ကြံသူသည် ရွေးကောက်ပွဲ အမတ်လောင်းများအနေဖြင့် ကျမ်းသစ္စာကျိန်ဆိုမှုပြုရာတွင် ယခင်ကျမ်းသစ္စာကျိန်ဆိုမှုအစား ပြင်ဆင်မှုအနည်းငယ် ပြုလုပ်ခဲ့သည့်အပေါ် သဘောမကျ၍ ထိုသို့ ပစ်ခတ်မှုပြုခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား

**ကဘူးလ် မေ ၇**

အာဖဂန်ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုကြောင့် လူ ၁၀ ဦးထက်မနည်း သေဆုံးကာ အယောက် ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သိရသည်။

အာဖဂန်အရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် တနင်္ဂနွေနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ဆုတောင်းဝတ်ပြုသူများသည် ဘာသာရေးအဆောက်အအုံ၌ ညနေခင်း ဆုတောင်းဝတ်ပြုခဲ့ချိန်တွင် ထိုသို့ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းဘာသာရေး အဆောက်အအုံကို လာမည့် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲကျင်းပမှုများအတွက် မဲပေးသူများအား မှတ်ပုံတင်သည့် ဌာနအဖြစ်လည်း အသုံးပြုခဲ့ကြောင်း သိရသည်။ ဆုတောင်းဝတ်ပြုသူတစ်ဦးက ပြောကြားသည်မှာ အကြီးစားပေါက်ကွဲမှု ဖြစ်ပွားခဲ့ချိန်တွင် ၎င်းတို့သည် ယင်းအဆောက်အအုံအတွင်း၌ ဆုတောင်းပူဇော်မှု ပြုလုပ်နေဆဲပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း သတင်းဖော်ပြမှု မရှိသေးပေ။ သို့သော် တာလီဘန်နှင့် အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများ၏ ဆက်စပ်အဖွဲ့အစည်းများသည် ဒီမိုကရက်တစ်ရွေးကောက်ပွဲများ ကျင်းပမှုကို ကန့်ကွက်ခဲ့ပြီး ယခင်ကလည်း အဆိုပါ ရွေးကောက်ပွဲများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ရုရှားသမ္မတ ဗလာဒီမာပူတင် စတုတ္ထသမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**မော်စကို မေ ၇**


ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၎င်း၏ စတုတ္ထသမ္မတသက်တမ်းအတွက် ကရင်မလင်၌ မေ ၇ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယခုတစ်ခါ ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုသည် ဗလာဒီမာပူတင်အတွက် နောက်ထပ်ခြောက်နှစ်ကြာ သမ္မတသက်တမ်းအပါအဝင် ဆယ်စုနှစ် နှစ်နှစ်နီးပါး ရုရှားနိုင်ငံအား သမိုင်းဝင်စံချိန်တင် အုပ်ချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရုရှားနိုင်ငံအတွက် လက်ရှိသာမက နောင်အနာဂတ်အတွက်ပါ ဖြစ်နိုင်မည့် ကောင်းမွန်သည့် ကိစ္စမှန်သမျှကို အကောင်းဆုံးလုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောခဲ့သည်။

ယခုကဲ့သို့ စတုတ္ထအကြိမ် ရုရှားသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှုအပေါ် ဆန့်ကျင်ကန့်ကွက်သူများလည်း ရှိခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



# ဂါဇာ-အစ္စရေးနယ်စပ်ခြံစည်းရိုးအနီး၌ ပါလက်စတိုင်းနိုင်ငံသားနှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံး

**ဂါဇာ မေ ၇**

ဂါဇာ-အစ္စရေးနယ်စပ်အနီး၌ တနင်္ဂနွေနေ့က အစ္စရေးတို့၏ သေနတ်ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်နှစ်ဦး သေဆုံးသွားကြောင်း ဆေးအဖွဲ့သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ဘာဟာကွာဒိတ် ( ၂၃ နှစ်) နှင့် မိုဟာမက်အဘူရီဒါ (၂၀ နှစ်) တို့သည် ဂါဇာကမ်းခြေတောင်ပိုင်း ခန်ယိုနစ်မြို့အရှေ့ဘက် ဂါဇာ-အစ္စရေးနယ်စပ်အနီးတွင် အစ္စရေးစစ်သားများ၏ ပစ်သတ်ခြင်းကို ခံလိုက်ရသည်ဟု ဂါဇာရှိ ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အက်ရှရက်ဖ် အယ်လ် ကွီဒရာက ပြောကြားခဲ့သည်။

မတ် ၃၀ ရက်ကစတင်ခဲ့သည့် အစ္စရေးကို ဆန့်ကျင်သော စုဝေးချီတက်မှုများအတွင်း ဂါဇာရှိ ပါလက်စတိုင်းပြည်သူများ သေဆုံးမှုမှာ ယခုအခါ ၄၇ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နျူကလီးယားစာချုပ်မှ နုတ်ထွက်ဖွယ်ရှိသည့် အမေရိကန်ကို အီရန်သတိပေး

**တီဟီရန် မေ ၇**

အီရန်နှင့် ၂၀၁၅ နိုင်ငံတကာနျူကလီးယားသဘောတူစာချုပ်ကို ချိုးဖောက်မှုသည် အမေရိကန်ပြည်ထောင်စုအတွက် အရှက်ရဖွယ်ရာဖြစ်လာစေလိမ့်မည်ဟု အီရန်အကြီးတန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့ကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြခဲ့သည်။

နျူကလီးယားစာချုပ် JCPOA ကို အမေရိကန်ချိုးဖောက်မှု သို့မဟုတ် ချိုးဖောက်ရန် ခြိမ်းခြောက်မှုမှန်သမျှသည် နိုင်ငံတကာက အမေရိကန်အပေါ် ယုံကြည်လက်ခံနိုင်စွမ်းကို ထိခိုက်စေလိမ့်မည်ဖြစ်ပြီး ဝါရှင်တန်ကို နိုင်ငံတကာ၏ အမြင်တွင် ယုံကြည်ရဖွယ်မရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ထင်မြင်စေလိမ့်မည်ဖြစ်ကြောင်း အီရန်ပါလီမန်လွှတ်တော် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားမူဝါဒကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ အလက်ဒီ ဘိုရူဂျာဒီက ပြောကြားခဲ့သည်။

အီရန်သည် နိုင်ငံတကာ သဘောတူညီချက်များအတိုင်း အပြည့်အဝ လိုက်နာဆောင်ရွက်နေပြီး JCPOA စာချုပ်ကို အလေးထားကြောင်း ဘိုရူဂျာဒီက ပြောကြားခဲ့ပြီး အမေရိကန်သမ္မတသည် နျူကလီးယားစာချုပ်မှ နုတ်ထွက်လိုက်ပါက ကစားပွဲကို ရှုံးနိမ့်သွားမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

ဆင်ဟွာ

### ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများရှိရာ နေရာများကို အီရတ်လေကြောင်းမှ တိုက်ခိုက်

**ဘဂ္ဂဒက် မေ ၇**

အီရတ်လေတပ်ဖွဲ့သည် အီရတ်နယ်စပ်အနီးဖြစ်သည့် ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများတည်ရှိရာနေရာများကို တနင်္ဂနွေနေ့တွင် လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ကြောင်း အီရတ်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟေဒါအယ်လ်အဘာဒီ၏ ရုံးမှထုတ်ပြန်ခဲ့သည့် ဖော်ပြချက်အကျဉ်း၌ အီရတ်လေတပ်ဖွဲ့မှ သူရဲကောင်းစစ်သည်များသည် ဆီးရီးယားနိုင်ငံ အယ်လ်ဒက်ရှီရှာ ဧရိယာအတွင်းရှိ အိုင်အက်စ်အကြမ်းဖက်အုပ်စု၏ ခေါင်းဆောင်များရှိရာ တည်နေရာတစ်ခုကို လေကြောင်းတိုက်ခိုက်မှု အပြင်းအထန်ဆင်နွှဲခဲ့သည်ဟု ဖော်ပြထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီ ၁၉ ရက်က အီရတ်တပ်ဖွဲ့ စစ်သေနာပတိချုပ်ဖြစ်သည့် ဝန်ကြီးချုပ် အဘာဒီသည် အီရတ်နယ်စပ်အနီး ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်အဖွဲ့ တည်နေရာများကို လေကြောင်းတိုက်ခိုက်ရန် အက်ဖ်-၁၆ တိုက်လေယာဉ်များကို အမိန့်ပေးခဲ့ရာ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် ငါးဦး အပါအဝင် စစ်သွေးကြွ ၃၆ ဦး သေဆုံးခဲ့သည်။

ဆင်ဟွာ

# ပင်လယ်ကမ်းရိုးတန်းနှင့် နီးသောနေရာများတွင် ရေဘေးဒုက္ခကို နှစ်စဉ်ခံစားရမည်

**တင်လင်းအောင်**




နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် နီးကပ်သောနိုင်ငံများတွင် ရေဘေးဒုက္ခကို နှစ်စဉ်ခံစားကြရသည်။ ရေကြီးမှုဖြစ်စဉ်ကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၆ ဘီလီယံဒေါ်လာ ဆုံးရှုံးလျက်ရှိသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်၌ တစ်နှစ်လျှင် အဆိုပါနိုင်ငံများတွင် ရေဘေးကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) ၅၂၂ ဘီလီယံ ဆုံးရှုံးမည်ဖြစ်ကြောင်း ကြိုတင်ခန့်မှန်းထားသည်။

**ရေဘေးဒုက္ခကို လူတွေ ပိုမိုခံစားရ**

သဘာဝဘေးအန္တရာယ် အများကြီးရှိသည့်အနက် ရေဘေးဒုက္ခကို လူများ ပိုမိုခံစားကြရသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ် စက်တင်ဘာလ၌ အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် မမျှော်လင့်ဘဲ ရေကြီးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရသောကြောင့် လူ့အသက်ပေါင်း ၅၀၀ ကျော်သေဆုံးခဲ့ရသည်။ မြစ်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုတွင် ထိပ်ဆုံးမှပါဝင်သည့် ၁၅ နိုင်ငံမှ လူဦးရေ ၈၀ ရာခိုင်နှုန်းကျော် ရေဘေးဒုက္ခကိုနှစ်စဉ်ခံစားကြရသည်။ ယင်းနိုင်ငံများသည် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြသည်။

**ရေလွှမ်းမိုးမှု အများဆုံးခံစားရသော နိုင်ငံများ**

ကမ္ဘာတစ်ဝန်း ရေလွှမ်းမိုးမှု အများဆုံးခံစားရသော ၁၅ နိုင်ငံမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ အီဂျစ်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ဘရာဇီးလ်၊ ထိုင်း၊ ကွန်ဂို၊ အီရတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြသည်။

လာမည့် ၁၅ နှစ်အတွင်း အာဆီယံနိုင်ငံများသည် မြစ်ချောင်းများတစ်လျှောက် ရေကြီးမှုများ မြင့်တက်လာမည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကမ္ဘာ့သဘာဝရင်းမြစ်များဆိုင်ရာ အင်စတီကျု၏ လေ့လာမှုစစ်တမ်း အသစ်အရ သိရသည်။

**အာဆီယံနိုင်ငံအများစု ရေကြီးနိုင်**

လူဦးရေထူထပ်သော နိုင်ငံ ၂၀ ရှိသည့်အနက် အာရှရှိ ၁၂ နိုင်ငံမှာ ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ဖွယ် အများဆုံးဖြစ်သည်။ ယင်းနိုင်ငံများသည် ကမ္ဘာ့လူဦးရေထူထပ်များပြားသော နိုင်ငံများဖြစ်ကြပြီး အဆိုပါ နိုင်ငံများထဲတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့ ပါဝင်သည်။ ထို့အပြင် အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းဒေသများရှိ နိုင်ငံအချို့သည် ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်သည်။

အာဆီယံနိုင်ငံအများစုသည် ကမ္ဘာ့ပထဝီဝင်သဘောအရ ရေကြီးပြီး ရေလွှမ်းမိုးသော နေရာအများစုတွင် တည်ရှိနေသောကြောင့် ရေဘေးဒုက္ခနှင့် အများဆုံးကြုံတွေ့နိုင်သည်။

ရေကြီးခြင်းဖြစ်ပွားရသည့်အကြောင်းအရင်းများအနက် အရေးကြီးသော အကြောင်းရင်းတစ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပြီး အခြားတစ်ချက်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကြောင့်ဖြစ်သည်။ ယင်းအချက်များကြောင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည်။

**နှစ်စဉ် ၅၄ သန်းရေဘေး ဒုက္ခခံစားရ**

ကမ္ဘာအနှံ့အပြားရှိ မြစ်ချောင်းအင်းအိုင်များနှင့် နီးသောနေရာများရှိ နိုင်ငံများတွင် နေထိုင်ကြသော လူဦးရေ ၅၄ သန်းမှာ နှစ်စဉ်ရေဘေးဒုက္ခကို ခံစားနေရသည်။ ဆိုင်ကလုံးမုန်တိုင်း ကိုမန်တိုက်ခတ်ခဲ့ပြီးနောက်ပိုင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အာဆီယံ တောင်ပိုင်းပြည်နယ်များတွင် လူရာပေါင်းများစွာသေဆုံးပြီး သန်းပေါင်းများစွာသော လူတွေကို ပြောင်းရွှေ့ပေးခဲ့ရသည်။

**ရေဘေးဒုက္ခခံစား အာဆီယံနိုင်ငံများ**

ပါကစ္စတန်နိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုကြောင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့အထိ လူပေါင်းတစ်သန်းကျော် ဒုက္ခပင်လယ်ဝေနေပြီး ၈၆ ဦးသေဆုံးခဲ့ကြောင်း လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းက သတင်းထုတ်ပြန်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ ပြည်နယ်ငါးခုဖြစ်သော ပန်ဂျပ်၊ ခိုင်ဘာပက်တွန်ခါဝ၊ ဘာလိုချီစတန်၊ ဂယ်ဂစ်ဘယ်တစ်စတန်နှင့် ဆင့်ဒ်တို့တွင် ရေကြီးမှုအဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ရာ စစ်တကောင်း၊ ဘရစ္စဆပ်နှင့် ခူနာဒေသများတွင် နှစ်စဉ်ရေကြီးမှုကို ခံစားနေရကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟာလောင်းပင်လယ်ကွေ့ဒေသကို ရေဘေးကြောင့် ပျက်စီးဆုံးရှုံးရမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်လည်း ရေကြီးမှုများကြောင့် ချိုင်ဆန်နှင့် မယ်ဆိုင်ဒေသများသည် ရေလွှမ်းမိုးမှု ခံရဆုံးဒေသများဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အနောက်ဘင်္ဂလားပြည်နယ်၊ ဩဒိသ၊ မဏိပူရ်၊ ရာဂျက်စတန်နှင့် ဂူဂျာရတ် အပါအဝင် အခြားပြည်နယ်များတွင်လည်း ရေကြီးမှုများ ဖြစ်လေ့ဖြစ်ထရှိသည်။ အိန္ဒိယနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ဂူဂျာရတ်နှင့် ရာဂျက်စတန်ဒေသများတွင် ရေကြီးမှုဒဏ်ကို အလူးအလဲခံစားရသည်။

အိန္ဒိယနိုင်ငံ၏ဒေသအတော်များများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းများ၊ ဆည်များ၊ မြစ်ချောင်းများ ရေလျှံမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိသည်။

အိန္ဒိယတစ်နိုင်ငံလုံးအနေနှင့် ခြုံကြည့်လျှင် ၂၀၁၈ ခုနှစ်အထိ ရေဘေးဒုက္ခအပါအဝင် ရေဘေးနှင့် သက်ဆိုင်သောဘေးဒုက္ခများကြောင့် လူပေါင်းအတော်များများ သေဆုံးခဲ့ပြီး သန်းနဲ့ချီသောပြည်သူများ ဒုက္ခပင်လယ်ဝေနေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားဘိုဂါရီဂျန်ဆီတွင်လည်း မကြာသေးမီက ရေကြီးမှုများကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၇၈၁ ဦး ရေလွှမ်းမိုးမှုနှင့်ဆက်စပ်သော ဘေးဒုက္ခများကို ခံစားခဲ့ရကြောင်း သိရသည်။

သဘာဝဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေး အာဆီယံလူသားချင်းစာနာ နားလည်မှုဆိုင်ရာ အကူအညီပေးရေးစင်တာက ရုတ်တရက်ရေကြီးမှုများ စီယက်ဂျာနှင့် စီယန်ဂျာရီဂျန်စီတို့တွင် ဖြစ်ပွားခဲ့ကြောင်း၊ စုစုပေါင်း အိမ် ၁၀ လုံးခန့် ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ကြောင်း ကြေညာခဲ့သည်။

မလေးရှားနိုင်ငံ၏ အရှေ့မြောက်မုတ်သုံလေကြောင့် ပါဟန်တွင် နှစ်ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၂၀၀၀ ခန့် အိုးအိမ်များမှ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း သိရသည်။

**သဘာဝအကြောင်းတရားများ ဖောက်ပြန်ခြင်းကြောင့် ရေကြီး**

အချုပ်အားဖြင့်ဆိုရသော် ရေကြီးခြင်းများသည် ရာသီဥတုဖောက်ပြန်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များပြားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့် ဖြစ်သည်။ လာမည့် ၂၀၃၀ တွင် ပင်လယ်ကမ်းရိုးတန်းနှင့် နီးသောတိုင်းပြည်များတွင် လူပေါင်း ၂ သန်းကျော် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံစားရမည် ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းနှင့်နီးသော ပါကစ္စတန်နိုင်ငံတွင် လူဦးရေ ၇၁၅၀၀၀ ယနေ့တွင် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်သည်။

ယနေ့ခေတ်တွင် သဘာဝနှင့်သက်ဆိုင်သော ဘေးအန္တရာယ်များမှာ တစ်နေ့တခြား ပိုမိုထူထပ်များပြားလာသောကြောင့် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက ပေါင်းစည်း၍ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်မှုတွေကို အကောင်းဆုံး ပြုလုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ အကယ်၍ ကျရောက်ခဲ့ပါကလည်း တစ်ဦးနှင့်တစ်ဦး လက်တွဲကူကာ ကရုဏာတရား မုဒိတာပွား၍ ဖေးမကူညီစောင့်ရှောက်ကြရမည် ဖြစ်သည်။ ။

ကိုးကား- စထရိတ်တိုင်းမ်၊ ချန်နယ်နယူးအေးရှ

> “ရေကြီးခြင်းများသည် ရာသီဥတုဖောက်ပြန်ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများ များပြားခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားခြင်းနှင့် ကမ္ဘာကြီးပူနွေးလာခြင်းတို့ကြောင့် ဖြစ်”

# လွိုင်ကော်မြို့အဝင်လမ်း ကန္ဒရဝတီလမ်းသစ်ဖောက်လုပ်ပြီးစီး

**လွိုင်ကော် မေ ၇**

လွိုင်ကော်လေယာဉ်ကွင်း တိုးချဲ့ဧရိယာအတွင်း ပါဝင်သွားသောကြောင့် ပိတ်သိမ်းထားရှိခဲ့ရသည့် လွိုင်ကော်-ပင်လောင်း-အောင်ပန်းလမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသော လွိုင်ကော်မြို့အထွက်ရှိ ကန္ဒရဝတီလမ်းဟောင်းအစိတ်အပိုင်းအစား လေယာဉ်ကွင်းကို ရှောင်ကွင်းလျက် ကန္ဒရဝတီလမ်းသစ်ကို ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်၍ အဆိုပါလမ်းအတိုင်း မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"လွိုင်ကော်မြို့ အဝင်/အထွက်နေရာမှာတည်ရှိတဲ့ ကန္ဒရဝတီလမ်းဟောင်းကို ပိတ်ထားတော့ လွိုင်ကော်မြို့တွင်းဝင်တဲ့ မော်တော်ကားတွေ၊ မြို့တွင်းကနေ အပြင်ထွက်တဲ့ မော်တော်ကားတွေဟာ မြို့ပတ်လမ်းနဲ့ ရပ်ကွက်တွင်းလမ်းသွယ်၊ လမ်းမြောင်တွေအတိုင်း ဝင်ကြ၊ ထွက်ကြရပါတယ်၊ ဒီတော့ လူစိမ်းတွေဆိုရင် လမ်းမှားနိုင်ပါတယ်၊ အခုလို လွိုင်ကော်မြို့ အဝင်/အထွက် လမ်းဟောင်းအစား လမ်းသစ်ကို ဖောက်လုပ်ပေးလိုက်တော့ မြို့တည်စကတည်းက မူလလမ်းဟောင်းအခြေအနေအတိုင်း မြို့အဝင်/အထွက် အဆင်ပြေသွားပါပြီ၊ မူလအတိုင်း ဝင်ထွက်သွားလာနိုင်ပြီဖြစ်လို့လည်း ဝမ်းသာပါတယ်" ဟု ယာဉ်မောင်း တစ်ဦးက ပြောသည်။



ယခု လွိုင်ကော်လေယာဉ်ကွင်း တိုးချဲ့ဧရိယာကို ရှောင်ကွင်းဖောက်လုပ်ထားရှိသော ကန္ဒရဝတီလမ်းအစိတ်အပိုင်း လမ်းသစ်သည် အရှည် ၅ ဒသမ ၀၄ ဖာလုံ၊ အကျယ် ၁၈ ပေ ကတ္တရာလမ်းဖြစ်ပြီး ပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ ယခုအခါ ဖောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ လမ်းပေါ်တွင် အကျယ် ၃၄ ပေ၊ အလျား ငါးပေရှိ ရေထုတ်ပြွန်နှစ်ခုကိုပါ ထည့်သွင်းတည်ဆောက်ထားရှိပြီး ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၉ ဒသမ ၆၇ သန်းဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းမြင့်ထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



## မီးဘေးသင့် မိသားစုဝင်များ ပြန်လည်ထူထောင်ရေးအတွက် အများပြည်သူ အလှူငွေများ ပေးအပ်လှူဒါန်း

**ချောင်းဆုံ မေ ၇**

ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာမှ မီးဘေးသင့် မိသားစုဝင်များကို ကူညီထောက်ပံ့ရန်အတွက် အများပြည်သူများ လှူဒါန်းထားသော အသုံးဆောင်ပစ္စည်းများနှင့် ငွေကျပ် ၆၆၁၈၃၅၀ ကို မေလ ၆ ရက်နေ့ နံနက် ၁၁ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုကို ပြုလုပ်နိုင်ရန်အတွက် ရွှေမြင့်မိုရ်ဓမ္မနန္ဒီဆရာတော်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြတို့ ဦးဆောင်မှုဖြင့် မော်လမြိုင်လူမှုကယ်ဆယ်ရေးအဖွဲ့၊ ရွှေမြင့်မိုရ် နာရေးကူညီမှုအသင်း၊ တုန့်ုင်းမဲ့ပရဟိတလူငယ်အဖွဲ့နှင့် The Best One တေးဂီတဖျော်ဖြေရေးအဖွဲ့တို့မှ အနယ်နယ်အရပ်ရပ်တွင် အလှူခံခဲ့ကြောင်း သိရသည်။ ယင်းအလှူခံရရှိသော ငွေများထဲမှ ငွေကျပ် ၃၆ သိန်းကို အပြိုင်ကျေးရွာအတွင်း လိုအပ်ပါက အသုံးပြုနိုင်ရန် မီးသတ်ရေသယ်ယာဉ်တစ်စီးအား ဝယ်ယူလှူဒါန်းမည်ဖြစ်ပြီး ကျန်ငွေကျပ် ၃၀၁၈၃၅၀ ကို မီးဘေးသင့် မိသားစုဝင်များ ပြန်လည်ထူထောင်ခြင်း ပြုလုပ်နိုင်ရန်အတွက် ကျေးရွာအရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယာဉ်များ စည်းကမ်းမဲ့ရပ်တန့်ထားခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားနေ

**မန္တလေး မေ ၇**

မလှိုင်မြို့တွင်း၌ ငါးရက်တစ်ကြိမ်ခင်းကျင်းရောင်းချနေသော ဈေးနေ့များတွင် ကျေးလက်ဒေသများသာမက အမြို့မြို့ အနယ်နယ်များမှ မလှိုင်မြို့မစည်ပင်သာယာဈေးတွင် မိမိတို့ စိုက်ပျိုးသီးနှံများကို ကားများဖြင့် လာရောက်ရောင်းဝယ်ရာတွင် ယာဉ်များကို စည်းကမ်းမဲ့စွာ ရပ်တန့်ထားခြင်းကြောင့် မလိုလားအပ်သော ယာဉ်မတော်တဆမှုများလည်း မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အလားတူ မလှိုင်-မိတ္ထီလာသွားလမ်းပိုင်းရှိ လွတ်လပ်ရေး လှိုင်သာယာပန်းခြံရှေ့၌ ယာဉ်များ ဘေးဘယ်ညာစည်းကမ်းမဲ့စွာ ရပ်တန့်ထားခြင်းနှင့် ပတ်သက်ပြီး "မလှိုင်မြို့နယ်မှာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့တွေလည်း ရှိပါတယ်၊ တစ်ခုရှိတာက မလှိုင်မြို့နယ်မှာ ယာဉ်တွေ စည်းကမ်းတကျရပ်တန့်ဖို့ဆိုတာ ကားဝင်း (ကားရပ် နားစခန်း) မရှိဘူးလေ၊ မလှိုင်မြို့နယ်မှာယာဉ်ရပ်တန့်ဖို့ နေရာတစ်နေရာကို သတ်မှတ်ပေးဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေက သတ်မှတ်စေလိုပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

"မလှိုင်မြို့နယ် ဈေးကြီးနေ့ဆိုရင် ယာဉ်တွေ အလွန်ပိတ်ဆို့တာကြောင့် သွားလာရအဆင်မပြေဘူး၊ တစ်ခုရှိတာက မလှိုင်မြို့ဟာ အခြားမြို့တွေလို ကားရပ်နားကွင်း မရှိတာလည်း ပါတယ်၊ ဒါကြောင့်လည်း ယာဉ်တွေက အများပြည်သူသွားလာနေတဲ့ လမ်းပိုင်းဘေးတွေမှာ ရပ်တန့်ထားတာပါ၊ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ယာဉ်ရပ်နားကွင်းကို အဓိကဆောင်ရွက်ပေးသင့်ပါတယ်" ဟု မလှိုင်မြို့ ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့ကြောင့် မလှိုင်မြို့နယ်အတွင်း မလိုလားအပ်သော ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန်နှင့် စည်းကမ်းတကျ ယာဉ်ရပ်နားရန်အတွက် တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**



## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး မြေစိုက်ပို့စတာများ စိုက်ထူ

**ပန်းတောင်း မေ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ မင်းရပ်ရပ်ကွက်၊ စည်ပင်သာယာ ဈေးရှေ့၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြေစိုက်ပို့စတာများ စိုက်ထူခြင်းလုပ်ငန်းတွင် မေ ၃ ရက်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဈေးအတွင်း ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## မန်ကန်မြို့နယ်ရှိ ကျေးရွာများအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**မန်ကန် မေ ၇**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအစိုးရအဖွဲ့မှထောက်ပံ့သောဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို မန်ကန်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများက မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးရွာများသို့ မေ ၆ရက်က သွားရောက်ပေးအပ်ခဲ့ရာ ငှက်ကာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပန်ဖိန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့က လက်ခံယူပြီး ငှက်ကာကျေးရွာ အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ယခုဆိုလာနှင့် ဆက်စပ်ပစ္စည်းများပေးအပ်ခြင်းသည် တတိယအကြိမ် ပေးအပ်ခြင်းဖြစ်ပြီးဆိုလာအစုံ ၁၀ စုံအတွက် တန်ဖိုးငွေကျပ် သိန်း ၃၀ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဘီးလင်းမြို့၌ အဝေးပြေးလမ်းနှင့် နီးကပ်စွာတည်ရှိနေသော လျှပ်စစ်မီးတိုင်များ ပြောင်းရွှေ့

**ဘီးလင်း မေ ၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းနှင့် နီးကပ်နေသောလမ်းဘေးမီးတိုင်များကို မတ်လအတွင်းမှ စတင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ကြီးကြပ်၍ ပြောင်းရွှေ့ပေးနေကြောင်း သိရသည်။

ဘီးလင်းမြို့မှ သထုံမြို့ဘက်သို့ အထွက် ဒေါက်ရပ်နှင့် ရွှေအင်ဒုံကျေးရွာများအနီးရှိ အဝေးပြေးလမ်းနှင့် လွန်စွာနီးကပ်သော ၁၁ ကေဗွီဓာတ်အားလိုင်းအား ထပ်မံ၍ အစားထိုးဓာတ်အားလိုင်းတစ်လိုင်း တည်ဆောက်ကာ ရွှေ့ပြောင်းပေးလျက်ရှိသည်။

"အသစ်ဆွဲတဲ့ လိုင်းလမ်းကြောင်းမှာ ညောင်ပင်နဲ့ ကုက္ကိုပင်တို့လို သစ်ပင်ကြီးတွေ ရှိနေလို့ အချိန်နည်းနည်းကြာသွားတာပါ၊ လိုင်းအသစ်နဲ့ ဓာတ်အားစတင် လွှတ်ပြီးတာနဲ့ လမ်းဘေးတိုင်တွေကို ပြန်နုတ်သွားမယ်၊ အဲဒါတွေ ပြီးသွားရင်တော့ ခရီးသွားမော်တော်ယာဉ်တွေ အန္တရာယ်ကင်းစွာ သွားလာနိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနောင်နောင်မိုးက ပြောသည်။

အရှည် ၂ ဒသမ ၅၄ မိုင်ခန့် ရှည်လျားသည့် ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေကျပ် ၆၃၈ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီက ဆောင်ရွက်နေခြင်း ဖြစ်သည်။

"အရင်လမ်းက ကျဉ်းတယ်၊ လမ်းကိုချဲ့လိုက်တော့ လမ်းပခုံးက မီးတိုင်ဘေးအထိ ရောက်သွားတော့ သတိထားမောင်းနေရတယ်၊ အခုလို ပြောင်းရွှေ့ပေးလိုက်တော့ အဆင်ပြေသွားတယ်၊ ကျန်တဲ့နေရာတွေမှာလည်း ရွှေ့ပြောင်းပေးရင်ကောင်းမယ်" ဟု ခရီးသွားယာဉ်မောင်းတစ်ဦးက ပြောသည်။

အဝေးပြေးလမ်းကို အဆင့်မြှင့်တင်တိုးချဲ့လိုက်သည့်အတွက် မီးတိုင်များသည် လမ်းနှင့် လွန်စွာနီးကပ်နေ၍ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်နေရသောကြောင့် အများပြည်သူအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ခွင့်ပြုဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လမ်းဘေးမီးတိုင်များကို အပိုင်းလိုက် ပြောင်းရွှေ့ပေးနေကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**ခွန်(ဝင်းပ)**

## နွေစပါးစိုက်ခင်းများအတွင်း ဥကပ်ပါးနဂျီများလွှတ်

**ထီးလင်း မေ ၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ အစီအစဉ်ဖြင့် နွေစပါးစိုက်ခင်းများတွင် ကျရောက်ဖျက်ဆီးတတ်သော လိပ်ပြာမျိုးရင်းဝင်ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းရန်အတွက် Trichogramma ဥကပ်ပါးနဂျီလွှတ်ခြင်းကို မေ ၅ ရက်က ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် သရခါကျေးရွာ အုပ်စု အောင်မြင် ရွာရှိ ကွင်းအမှတ် ၂၂၂ ရှိ တောင်သူ ကိုးဦး၏ နွေစပါးစိုက်ခင်း ငါးဧက၌ ပြုလုပ်သည်။

ယင်းဥကပ်ပါးနဂျီလွှတ်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဦးနှင့် ဝန်ထမ်းများ ကျေးရွာနေတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **၁၀၁**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**အပူဒဏ်အန္တရာယ် သတိပြုဖွယ်**

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် မကြာခဏ အနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်မြို့တော်စစ်တွေ နွေရာသီရေအခက်အခဲမရှိစေရေး ဘယ်လိုဆောင်ရွက်သွားမှာလဲ

**လေးဝတီထွန်းစောခိုင်**

သကြင်္န်လွန်ပြီးနောက်ပိုင်းတွင် စစ်တွေမြို့ ရပ်ကွက်အချို့၌ ရေပုံမှန်မလာမှု ၊ အချို့ရပ်ကွက်များတွင် ရေပေးချိန်လျော့ချမှု၊ အချို့ရပ်ကွက်များ၌ ရေသယ်ယာဉ် (Boxer) များဖြင့် ရေဖြန့်ဝေနေရမှု၊ ဌာနဆိုင်ရာလိုင်းခန်းများတွင် ရေအခက်အခဲရှိနေမှု စသည့်အသံများကို ကြားနေရသည်။ ထို့အပြင် စစ်တွေမြို့တော်၏ အဓိကရေပေးဝေရာဖြစ်သော ကန်တော်ကြီး၌ ရေခန်းခြောက်နေမှုဓာတ်ပုံများ၊ ရေတုံကင်များကို အသုံးပြု၍ အဝီစိတွင်းများမှ ရေငင်နေကြသော ဓာတ်ပုံများ၊ ရေပြတ်လပ်မှုကို စိုးရိမ်နေကြသောအသံများ၊ ပုံမှန်ရေမရ၍ စောဒကတက်သံများစသည့် ရေနှင့်ပတ်သက်မှုများသည် လူမှုကွန်ရက်သတင်းစာမျက်နှာ၌ ပြန့်ကြဲနေသည်။

စစ်တွေမြို့သည်ပြည်နယ်၏ အဓိက ရုံးစိုက်ရာမြို့ဖြစ်ခြင်း၊ အဓိက ကုန်စည်ဖြန့်ဖြူးရာ နေရာဖြစ်ခြင်း၊ ဟိုတယ်များ၊ ဧည့်ဂေဟာများ ရှိခြင်း၊ နွေရာသီဖြစ်၍ လူအများခရီးသွားလာမှုများပြားခြင်းတို့ကြောင့် မြို့လူထုအပြင် အနယ်နယ်အရပ်ရပ်မှဧည့်သည်များ နေ့စဉ်နှင့်အမျှ ဝင်ထွက်သွားလာမှုရှိသည်။ အပူချိန်ပြင်းထန်မှုကြောင့် ရေကန်များ၌ ရေခန်းခြောက်လာခြင်း၊ မြေအောက်ရေများ လျော့နည်းလာခြင်းတို့သည် ရေအခက်အခဲကိုဖြစ်စေသောအကြောင်းများဖြစ်သည်။

စစ်တွေမြို့ကို နွေရာသီ ရေအခက်အခဲမဖြစ်စေရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ထားသည့် အခြေအနေများကို ပြည်သူများ သိရှိအောင်တင်ပြလို၍ စာရေးသူအနေဖြင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူးဦးကျော်မိုးအား သွားရောက်တွေ့ဆုံမေးမြန်းထားသည်-

**မေး ။ ။ မင်္ဂလာပါဆရာ၊ ခုတစ်လော စစ်တွေမြို့ရေပေးဝေမှုနဲ့ သက်ဆိုင်တဲ့ သတင်းတွေက မြေပြင်အခြေအနေမှာရော၊ လူမှုကွန်ရက်တွေမှာပါ ပြန့်ကျဲနေပါတယ်၊ တကယ် ရေအခက်အခဲ ဖြစ်သွားနိုင်ပါသလား။**

ဖြေ ။ ။ ရေအခက်အခဲမဖြစ်နိုင်ပါ။ မဖြစ်အောင်လည်း ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့က ကြိုးစားဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ စစ်တွေမြို့ နွေရာသီ ရေအခက်အခဲမရှိစေရေး ဘယ်လိုဆောင်ရွက်သွားမှာလဲ ဆရာ။**

ဖြေ ။ ။ စစ်တွေမြို့ကို ရေပေးဝေနေတဲ့ အဓိက ရေကန်ကတော့ ကန်တော်ကြီးပါ။ ဒါပေမယ့် ဒီကန်နဲ့ မလုံလောက်ပါဘူး။ အရန်ကန် ငါးကန်ရှိပါသေးတယ်။ ကန်တော်ကြီးအနီးနားမှာပါပဲ။ ကန်တော်လေး၊ တြိဂံကန်၊ တိုးချဲ့ကန်၊ မထသကန်၊ အဓိဋ္ဌာန်ကန်စတဲ့ နာမည်တွေနဲ့ ခေါ်နေကြတဲ့ကန်တွေပါ။ ကန်တော်ကြီးကတော့ ဧက ၁၀၀ ကျော်ရှိပါတယ်။



အရန်ကန်များမှရေကို ကန်တော်ကြီး ကန်အတွင်းသို့ ဖြည့်သွင်းနေစဉ်။

ရေအမြင့် ၄၄ ပေ အထိ သိုလှောင်နိုင်ပါတယ်။ ဒါပေမယ့် နှစ်တိုင်း ၄၄ ပေအထိ မရောက်ပါဘူး။ သုံးနှစ်တစ်ကြိမ်လောက်ပဲ ပြည့်ပါတယ်။ ပြီးခဲ့တဲ့ မိုးကုန်အထိတော့ ၄၁ ပေလောက်ပဲ သိုလှောင်နိုင်ခဲ့ပါတယ်။ နောက်ပြီး ဆတ်ရိုးကျချောင်း တစ်ဖက်ကမ်းမှာရှိတဲ့ ဗျိုင်းဖြူကန်၊ ဆတ်ရိုးကျမြေသားရေလှောင်ကန်အမှတ် ၂ တို့လည်း ရှိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ မိုးတွင်း ကာလတွေ၊ ဆောင်းတွင်းကာလတွေမှာဆိုရင် တစ်နေ့ကို ရေဂါလန် ၁ ဒသမ ၂ သန်းခန့်ပေးပါတယ်။ နွေရာသီကာလတွေမှာတော့ တစ်နေ့ကို ဂါလန် ရှစ်သိန်းခန့်ပဲပေးပါတယ်။ ဒါကလည်း နွေရာသီ ကာလတစ်လျှောက်လုံး ရေရရှိနိုင်အောင်ရယ်၊ မိုးရွာနောက်ကျရင် ရေအခက်အခဲမဖြစ်ရအောင်အတွက် တွက်ချက်ပြီးတော့ ပေးတာပါ။ ကန်တော်ကြီး ရေပေးစနစ်ကလည်း အင်္ဂလိပ်လက်ထက်ကတည်းက ပြုလုပ်ခဲ့တဲ့စနစ်ပါ။ အပေါ်ကနေ အောက်ကို စီးကျတဲ့စနစ်ဆိုတော့ ကန်တော်ကြီးမှာ ရေခန်းလာရင် ရေဖိအားနည်းလာပါတယ်။ ဒါဆို ရေစီးဆင်းမှုလျော့လာတော့ တချို့နေရာတွေဆီ ရေရောက်ရှိမှု နည်းလာပါတယ်။ ဒါတွေကို ဖြည့်ဆည်းတဲ့အနေနဲ့ စစ်တွေမြို့တွင်းကို ပိုက်သွယ်ထားတဲ့ ကန်တော်ကြီးသို့ အရန်ကန်တွေက ရေတွေကိုစုတဲ့ အနေနဲ့ စက်အားကိုသုံးပြီး ရေတွန်းပို့ပေးနေရပါတယ်။ ကန်တော်ကြီးရေကတော့ ရပ်ကွက်အများစုကို ပေးပါတယ်၊ ဗျိုင်းဖြူရေလှောင်ကန်ကတော့ ရွာကြီးတောင်၊ ရွာကြီးမြောက်၊ ရွှေပြား၊ လမ်းမတော်မြောက်၊ အုန်းတပင်၊ ဆင်ကူးလမ်း ရပ်ကွက်တွေကို ပေးပါတယ်။

**မေး ။ ။ ရေဘောက်ဆာတွေနဲ့သယ်ပြီးတော့ ရေပေးဝေနေရတဲ့နေရာတွေ၊ ရပ်ကွက်တွေရှိတယ်လို့ သိရပါတယ်၊ ဒါတွေကို ဘယ်လိုစီစဉ်ပြီး ပေးပါသလဲ။**

ဖြေ ။ ။ ဘောက်ဆာတွေနဲ့ ရေဖြန့်ဝေရတဲ့ နေရာတွေက အနည်းငယ်ပါပဲ။ ရေပေးဝေနေပေမယ့် ရေမရောက်ရှိနိုင်တဲ့နေရာတွေပါ။ အဲဒီနေရာတွေမှာ ရေလုံလုံ လောက်လောက်ရနိုင်အောင်လို့ ဖြည့်ဆည်းပေးတာပါ။ မီးသတ်ဌာနကလည်း ရေသယ်ယာဉ်တွေ အကူပေးတာရှိပါတယ်။ ဓညဝတီ(က)၊ ရွှေပြား အလယ်လမ်း၊ မင်းဂံ၊ သာဇံလှလမ်း၊ စစ်ကဲလမ်းတွေလောက်ပဲ ပေးရပါသေးတယ်။

**မေး ။ ။ စစ်တွေမြို့ရေအရင်းအမြစ်အစုအဖွဲ့ရဲ့ရေသိုလှောင်နိုင်မှုပမာဏကို သိပါရစေ။**

ဖြေ ။ ။ စစ်တွေမြို့ ရေအရင်းအမြစ်အစုအဖွဲ့ရဲ့ ရေသိုလှောင်နိုင်မှုတွေကတော့ ကန်တော်ကြီးက ၁၁၆ ဒသမ ၃၆ ဧကရှိပြီးတော့ ရေသိုလှောင်နိုင်မှုက ၄၈၀ ဒသမ ၁၀ ဂါလန် သန်းဖြစ်ပါတယ်။ အရန်ကန်တွေကတော့ ၆၄ ဒသမ ၃၅ ဧက ရှိပြီးတော့ ရေသိုလှောင်နိုင်မှုက ၂၁၁ ဒသမ ၈၆ ဂါလန်သန်းရှိပါတယ်။ နောက်ပြီး ရွာကြီးမြောက်ရပ်ကွက်မှာ ဟင်္သာကန်ဆိုတာရှိတယ်။ ဒီကန်ကတော့ မြေအောက်ရေလည်း ထွက်ပါတယ်။ ခိုင်ခင်ဦးကန်လည်း ရှိတယ်။ ဒါကမိုးရေသိုလှောင် ရတဲ့ကန်တွေပါ။ မြေအောက်ရေကို အသုံးပြုလို့ရတဲ့ ရေတွင်းတွေလည်းရှိတယ်။ ဦးဥတ္တမပန်းခြံမှာ နှစ်တွင်း။ မေယုလမ်း ဝန်ထမ်းအိမ်ရာမှာ နှစ်တွင်းရှိတယ်။ နောက်ပြီးတော့ စစ်တွေမြို့မှာ နေရာတိုင်းလိုလို အဝီစိတွင်းရေတူးလို့ ရတာရှိပါတယ်။ ဒါကြောင့် စစ်တွေမြို့က ရေအရင်းအမြစ်စုံတဲ့ နေရာတစ်ခုဆိုရင် မမှားပါဘူး။

**မေး ။ ။ ဒီနှစ်နွေရာသီ ရေအခက်အခဲ အဖြစ်နိုင်ဘူးဆိုတာ သေချာတာပေါ့ဆရာ။**

ဖြေ ။ ။ ကျွန်တော်တို့ သိုလှောင်ထားတဲ့ ရေပမာဏနဲ့ဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ကန်တော်ကြီးမှာလည်း ရေ ၂၅ ပေလောက်ရှိပါ သေးတယ်။ အရန်ကန်တွေက ရေတွေကိုလည်း စုပေးနေတယ်။ ခုက မေလဆန်းနေပါပြီ၊ ရခိုင်ဒေသရဲ့သဘောအရ မေလအလယ်လောက်ကျရင် မိုးရွာတတ်ပါတယ်။ တစ်ခါတစ်ခါ မုန်တိုင်းတွေပေါ်လာရင် ဒီထက်တောင်စောပြီး ရတတ်ပါတယ်။ နောက်နှစ်ပတ်၊ နှစ်ပတ်ကျော်လောက်အထိပဲ မိုးကို စောင့်ရမယ်ထင်ပါတယ်။ တကယ်လို့များ မေလကုန်အောင်အထိ မိုးမရွာရင်လည်း ရေကတော့ ရှိပါ တယ်။ ပြည်သူတွေကသာ စနစ်တကျ အသုံးပြုစေချင်ပါတယ်။ ရေတွေကို အလဟဿမဖြစ်စေဖို့လုပ်ပေးပါလို့ တိုက်တွန်း ပါတယ်။ စစ်တွေမြို့လက်ရှိ လူဦးရေက အရင်ထက် အများကြီးတိုးလာပါပြီ။ ဒါကြောင့် အားလုံးရေရရှိနိုင်အောင် အခက်အခဲမဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ။ ။

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံ မြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများခံစားနေရသော လူနာအားတွေ့ရှိပါက -

❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။

❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။

❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။

၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။

၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။

၄။ လူနာ၏ ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။

၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။

၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**ကြည့်မြင်တိုင်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းများ ကျဆင်းရေးဟောပြောပွဲကို မေ ၄ ရက်က သာစုအရှေ့ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်အောင်က ဟောပြောစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**ပြင်ဦးလွင်၌ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေး**

**ပြင်ဦးလွင် မေ ၇** - တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို မေ ၅ ရက်က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်သန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဌေးနှင့် ဦးအောင်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာလင်းတို့ တက်ရောက်ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသည့် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံကိန်းရုံး၊ မြို့နယ်စိုက်ပျိုးရေးဌာန၊ လမ်းဦးစီးဌာန၊ မြို့နယ်တရားရုံး၊ မြို့နယ်ဥပဒေရုံး၊ မူးယစ်ရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့၊ မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကျန်းမာရေးဌာန စသည့် ဌာနပေါင်းစုံတို့မှ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စာပို့တိုက်သမိုင်း တစေ့တစောင်း ငဲ့စောင်းကြည့်ရာဝယ်

ဗိုလ်စော (လုပ်သားများကောလိပ်)

စာပို့တိုက်လုပ်ငန်းဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ဖြစ်သော်လည်း စာပို့ခြင်းလုပ်ငန်းအား သုံးစွဲသူ အားကိုးသူနည်းပါးခြင်းသည် လူမှုနယ်ပယ်တွင် အဓိက စိန်ခေါ်မှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိနေကြောင်း တွေ့ရှိရသည်။ စာပို့ခြင်းလုပ်ငန်းသည် စာနှင့် ပါဆယ် (Parcel) အား သင့်ထံမှ ကျွန်ုပ်ထံသို့ ပေးပို့ရာတွင် ပေါင်းကူးဆောင်ရွက်ပေးသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ဖြစ်သည်။

**စာပို့ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့**

ယင်းလုပ်ငန်း စတင်ပေါ်ပေါက်လာပုံကို ပြန်ပြောင်းလေ့လာကြည့်မည့်ဆိုလျှင် ကမ္ဘာတစ်ဝန်းမှ စတင်ဆောင်ရွက်မှုအခြေအနေနှင့် မြန်မာနိုင်ငံအတွင်း စတင်ဆောင်ရွက်မှုအခြေအနေတို့ကို ယှဉ်ထိုးနှိုင်းယှဉ်ကြည့်ရမည် ဖြစ်ပါသည်။ စတင်ဆောင်ရွက်ခြင်းမှာ နှစ်များစွာမကွာခြားသော်လည်း တိုးတက်သုံးစွဲမှုကွာခြင်းသည် သမိုင်းအထောက်အထားများအရသော်လည်းကောင်း လက်ရှိဝန်ဆောင်မှု၏ လူသားအရင်းအမြစ်နှင့် နည်းပညာဆိုင်ရာများ ကွာဟမှုတို့ကြောင့် ဖြစ်နိုင်ခြေအများဆုံး ရှိနိုင်ပါသည်။

လွန်လေပြီးသော အဆီးရီးယား၊ အီဂျစ်၊ ဗက်ဗီလုံနိုင်ငံကြီးများ ထွန်းကားခဲ့စဉ်က ကျယ်ပြောလှသည့် အင်ပါယာအရှင်ကြီးများက မိမိတို့ပိုင်နယ်ကျယ်ဝန်းမှု တည်တံ့ခိုင်မြဲစေရန် အလို့ငှာ အရှေ့၊ အနောက်၊ ဝဲ၊ ယာတို့တွင် ဗဟိုဆက်သွယ်ရေး မဏ္ဍိုင်ပြု၍ လမ်းများဖောက်လုပ်ပြီး စာပို့ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့လေသည်။

ဘီစီ-၇၀၀ ခန့်တွင် အဆီးရီးယားဘုရင်ဖြစ်သော ဒုတိယဆာဂွန်ဘုရင်ကြီးသည် အင်ပါယာထူထောင်အုပ်ချုပ်စိုးမိုးရာတွင် အမိန့်တော်စာချွန်တော်များ၊ ပြန်တမ်းများထုတ်ရာတွင်လည်းကောင်း၊ လက်အောက်ခံများ၏ အစီရင်ခံစာများ၊ လက်ဆောင်ပဏ္ဏာများ ဆက်သွင်းရာတွင်လည်းကောင်း လွယ်ကူစေရန် စာပို့လုပ်ငန်းကို စတင်တီထွင်ခဲ့သည်ဟု လေ့လာသိရှိ မှတ်သားရပါသည်။

**လက်ဆင့်ကမ်းစာပို့လုပ်ငန်း**

ထိုမှတစ်ဆင့် အဆင့်ဆင့်လက်ဆင့်ကမ်း၍ စာပို့လုပ်ငန်းအရေးပါပုံကို သိရှိလာကြသော နိုင်ငံအသီးသီးသည် ပို၍လုံခြုံသော၊ ပို၍လျင်မြန်သော စာပို့စနစ်များကို ဆန်းသစ်တီထွင်ပြီး ဆောင်ရွက်ခဲ့ကြပါသည်။ စာပို့လုပ်ငန်း၏ ဝေးကွာသောခရီးစဉ်များ ဒေသကွဲပြားမှုများကို အခြေခံ၍ တစ်ထောက်နားစခန်းဖြစ်သော စာပို့တိုက်များကို အချက်အချာကျသော နေရာများတွင် ရွေးချယ်တည်ဆောက်ပြီး လက်ဆင့်ကမ်းစာပို့လုပ်ငန်းကို ဆောင်ရွက်ကြလေသည်။

ရှေးမြန်မာဘုရင်များလက်ထက်ကပင် စာပို့ခြင်း၊ ပစ္စည်းပို့ခြင်းလုပ်ငန်းများကို ရာစုနှစ်များစွာကပင် ဆောင်ရွက်ခဲ့ကြသည် ။ ခြေလျင်တော် ၊ မြင်းလျင်တော် ၊ လှေလျင်တော်များ ခန့်အပ်ပြီး အမိန့်စာချွန်လွှာများနှင့် လက်ဆောင်ပဏ္ဏာများအား ပေးပို့၊ လက်ခံခြင်းများကို ဆောင်ရွက်နေမှုသည် စာပို့တိုက်လုပ်ငန်း၏ စတင်မှုဟုပင် သတ်မှတ်ရပေမည်။ ကင်းဝန်မင်းကြီး၏ လန်ဒန်သွားနေ့စဉ်မှတ်တမ်း ပထမတွဲတွင်လည်း ကင်းဝန်မင်းကြီး လန်ဒန်ရောက်ရှိစဉ်က လန်ဒန်စာတိုက်ဌာနသို့ ဝင်ရောက်လေ့လာရန် အစီအစဉ်သီးခြားပြုလုပ်ပြီး သွားရောက်ကြည့်ရှုရာတွင် မြေအောက်လိုဏ်ခေါင်းများဖြင့် ချောစာပေးပို့ပုံကို အံ့မခန်းမြင်ခဲ့ရသည်ဟု ပါရှိလေ၏။

**မြင်းဖြင့် စာပို့သည်ကို တီထွင်ခဲ့**

စာပို့တိုက်သမိုင်းသုတေသီ ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်သူ ဝီလျံလွိစ် (Willian Leweis) ၏ အဆိုအရ ခရစ်မပေါ်မီနှစ်ပေါင်း ၅၀၀ ခန့်တွင် ပါရှားဘုရင် ဆိုင်းရပ်စ်သည် ဆီသီယံစစ် (Seythion War) ဖြစ်ပွားစဉ်အတွင်း မြင်းဖြင့်စာပို့သည်ကို တီထွင်ခဲ့သည်ဟု ဆိုပါသည်။ ဆိုင်းရပ်စ်စာပို့လမ်းကြောင်းမှာ (ချောလမ်းကြောင်း) ရှေးခေတ်က ထင်ရှားခဲ့သည့် အေဂျင်ကျွန်းမှ ပါရှားနိုင်ငံသို့ ဖောက်လုပ်ထားသော မင်းလမ်းမကြီးတစ်လျှောက်ဖြစ်ပြီး လမ်းမပေါ်တွင် စာပို့ဌာနပေါင်း ၁၁၁ ဌာန ဖွင့်ထားခဲ့ပါသည်။ အဆီးရီးယားနိုင်ငံ ပျက်သုဉ်းပြီးနောက် ကာလဒီးယန်းနှင့် ဟီဗရူးနိုင်ငံများ ထွန်းကားချိန်အထိ စာပို့စနစ်မှာ ပျောက်ကွယ်သွားခြင်းမရှိဘဲ ဆက်လက်တည်တံ့ခဲ့သည်။ ထိုခေတ်က ရွံ့ပြားများတွင် စာရေး၍ မီးဖုတ်ပြီးနောက် တစ်နယ်မှတစ်နယ်သို့ ပေးပို့ရသည့် စာပို့သမားများ (Postman) များ ရှိခဲ့လေသည် ။ ထိုစာပို့သမားများသည် မြည်းများ၊



ကိုလိုနီခေတ် ရန်ကုန်စာတိုက်ကြီး

ကုလားအုပ်များစီး၍ ပို့ခဲ့လေသည်။

**ခြေမြန်တော်များကို အသုံးပြုခဲ့**

အီဂျစ်နိုင်ငံ ဖေရိုဘုရင်များလက်ထက် ယဉ်ကျေးမှုထွန်းကားခဲ့စဉ်အချိန်ကလည်း ခိုများဖြင့် လည်းကောင်း၊ လက်ဆင့်ကမ်းစနစ်ဖြင့် လည်းကောင်း၊ မြင်းလျင်တော်စနစ်များဖြင့် လည်းကောင်း စာများပို့ခဲ့သည်ဟု သိရှိရပါသည်။ ဂရိခေတ်တွင် စာပို့ရာ၌ ခြေမြန်တော်များကို အသုံးပြုခဲ့လေသည်။

ဂရိခြေမြန်တော်များအနက် ခရစ်မပေါ်မီ ဘီစီ-၄၉၀ ပြည့်နှစ်က ပါရှားနှင့်တိုက်ရသည့် မာရသွန်စစ်ပွဲတွင် ဂရိတို့၏ စစ်အောင်မြင်သည့် သတင်းကို ခြေမြန်တော် ဖိဒစ်ပီဒီး (Pheidippides) က သတင်းပို့ခဲ့လေသည်။ ထိုခြေမြန်တော်ကို ဂုဏ်ပြုသောအားဖြင့် ယခုခေတ် အိုလံပစ်ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် မာရသွန်ပြေးပွဲဟူ၍ ခရီးရှည်အပြေးပြိုင်ပွဲတစ်ရပ်ကို ထည့်သွင်းကျင်းပခဲ့ပြီး ကမ္ဘာ့အရပ်ရပ် အားကစားနယ်ပယ်များတွင် ယင်းမာရသွန်ပြိုင်ပွဲကို ထည့်သွင်းကြလေသည်။

**ပြည်တွင်းစာပို့ခနှုန်းများ တူညီစွာသတ်မှတ်**


အထူးစိတ်ဝင်စားဖွယ်ရာတစ်ခုမှာ ဒီဗီလေးယား (De Villager) သည် အထူးအမှတ်အသားပါရှိသည့် စာထုတ်ရန်စက္ကူပတ်များကို စ၍ တီထွင်ရောင်းချခဲ့ခြင်းပင် ဖြစ်သည်။ အဆိုပါ စက္ကူပတ်ကို ပတ်ပြီး စာပုံးထဲသို့ ထည့်လိုက်ပါက စာတိုက်မှ အသိအမှတ်ပြုပြီး လိုရာခရီးသို့ ပို့ပေးခဲ့သည်။ လိပ်စာရှင်လက်သို့ မရောက်မီ ထိုစက္ကူပတ်များကို ထပ်မံ မသုံးနိုင်အောင် စာတိုက်အမှုထမ်းများက ဆုတ်ဖြဲပစ်လိုက်လေသည်။ စာတိုက်သမိုင်းတွင် ဤစက္ကူပတ်၍ ပို့သောစနစ်သည် နောင်အခါတွင် ပေါ်ပေါက်လာမည့် စာပို့တံဆိပ်ခေါင်း၏ ရှေ့ပြေးလက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ထိုမှတစ်ဆင့် စာပို့တံဆိပ်ခေါင်းများကို အသီးသီးတီထွင်အသုံးပြုလာခြင်း၏ အစပင်ဖြစ်လေသည်။ စာပို့သူက ငွေပေးရသည့်စနစ် သို့မဟုတ် တံဆိပ်ခေါင်းကပ်၍ ထည့်ရသည့်စနစ်ကို တီထွင်သူမှာ အင်္ဂလိပ်လူမျိုး ရိုလန်ဟေးလ် (Rowland Hill) ဆိုသူ ဖြစ်လေသည်။ ၁၈၃၇ ခုနှစ်တွင် စာပို့ခ တစ်ပြေးညီရရှိစေရန်လည်း အကြံပြုစာများကို ရေးသားပြီး ပြည်သူလူထုက သူ၏အကြံဉာဏ်များကို ထောက်ခံသဘောတူခဲ့ကြလေသည်။ ၎င်း၏ကြိုးပမ်းမှုကြောင့် တံဆိပ်ခေါင်းတစ်ခုလျှင် တစ်ပဲနိကျ ထိုတံဆိပ်ခေါင်းများမှာ ဝိတိုရိယပဲနိဟူ၍ ထင်ရှားလာပြီး ၁၈၄၀ ပြည့်နှစ်တွင် ထိုတံဆိပ်ခေါင်းများ ပေါ်ထွက်လာပြီး ပြည်တွင်းစာပို့ခနှုန်းများကို တူညီစွာ သတ်မှတ်ခဲ့ကြလေသည်။

အင်္ဂလန်တွင် တံဆိပ်ခေါင်းစနစ် ပေါ်ပေါက်ပြီးနောက် အနှစ် ၂၀ အကြာတွင် ၁၈၆၉ ခုနှစ်တွင် ပို့စကတ် (Post Card) စာပို့စနစ် ခေါ်တွင်လာခဲ့သည်။ စတင်အသုံးပြုသည့်နိုင်ငံမှာ သြစတြီးယားနိုင်ငံ ဖြစ်သည်။ ပို့စကတ် ပေါ်ထွက်လာပြီးနောက် တစ်ပြိုင်တည်း ရိုးရိုးစာထက် အဖိုးအခသက်သာသဖြင့် တိုတိုနှင့် လိုရင်းကို ရေးသားပေးပို့လိုသူများ အားပေးမှုကြောင့် တစ်ဟုန်ထိုး အောင်မြင်မှုရလာလေသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် တနင်္သာရီတိုင်းသည် အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ပါသည်။ တနင်္သာရီတိုင်းကို ပထမဆုံးဝန်ရှင်တော်မင်းကြီးအဖြစ် မစ္စတာ မိန်းဂီး (Maingy) ဆိုသူက အုပ်ချုပ်သည်။ ၁၈၃၄ ခုနှစ်တွင် မစ္စတာ ဗဂန်ဒယ်ဆိုသူက ဆက်ခံအုပ်ချုပ်သည်။ သူ၏လက်ထက်တွင် မြန်မာပြည်၌ စာတိုက်ဌာနကို စတင်တည်ထောင်ခဲ့သည်။ စာပို့စနစ်ကို ထူထောင်ခဲ့သော်လည်း အစိုးရကိစ္စနှင့်ပတ်သက်သော စာများ အပေးအယူလုပ်ငန်းသာ ရှိခဲ့သည်။ ပြည်သူလူထုများတွင် ပြည်တွင်းသို့လည်းကောင်း၊ ပြည်ပသို့လည်းကောင်း ချောစာများ ပေးပို့နိုင်ခဲ့ခြင်း မရှိပေ။

**မြန်မာမင်းများလက်ထက် စာပို့စနစ်**

စာပို့တိုက်လုပ်ငန်းနှင့် ကြေးနန်းဆက်သွယ်ရေးသမိုင်းကို လေ့လာပါမူ ရှေးမြန်မာမင်းများလက်ထက်ကပင် ယင်းစနစ်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုအချိန်အခါက စာတိုက်၊ ကြေးနန်း



စနစ်မျိုး မရှိခဲ့သည်မှန်သော်လည်း ဘုရင့်စာချွန်တော် သယ်ယူပို့ဆောင်ရာတွင် မြင်းလျင်တော်၊ ခြေလျင်တော်၊ လှေလျင်တော်တို့သည် ဘုရင့်စာချွန်တော်ကို လက်ဆင့်ကမ်းစနစ်ဖြင့် လည်းကောင်း၊ တောက်လျှောက်သယ်ယူ၍ လည်းကောင်း မြို့ရွာနိဂုံးများကို ဖြတ်ကျော်ပို့ရသည်။ ရှေးယခင်က စာရေးစက္ကူ မပေါ်ပေါက်သေး၍ ပေဖူးလွှာ၊ ထန်းဖူးလွှာများကို စာရေးစက္ကူအစား အသုံးပြုကြသည်ကို တွေ့ရှိရပေသည်။ ပေဖူးလွှာကို သာမန်အရပ်သားများမှာ အိမ်တွင်မထားကြဘဲ အသုံးလိုမှသာ ရှာဖွေအသုံးပြုကြသော်လည်း စာပေပညာရှင်များ၊ ရဟန်းတော်များနှင့် နန်းတွင်းသူ၊ နန်းတွင်းသားများကသာ အမြဲတစေထား၍ စာပေအမျိုးမျိုးကို ရေးသားလေ့ရှိကြပါသည်။ ပေရွက်များသည် ပျက်စီးလွယ်သဖြင့် လွှတ်တော်ဝန်ကြီးများ၏ စာချွန်တော်များကို ထန်းရွက်နှင့်ရေးသားပြီး မြန်မာမင်းများ ဘုရင့်စာချွန်တော် အမိန့်တော်မှတ်သည့် စာများကို တစ်ကြောင်းစာချွန်ခေါ်၍ ထန်းဖူးတစ်ရွက်လျှင် တစ်ကြောင်းရေးသားလေ့ရှိသည်။ ဝန်ကြီးမှူးမတ်များက ရေးသားပါက နှစ်ကြောင်းရေးပြီး နှစ်ကြောင်းစာချွန်ဟု ခေါ်ဝေါ်ကြသည်။ ထန်းဖူး၊ ပေဖူးများတွင် ရေးသား၍ ခွေပြီး ကျည်တောက်တွင် ထည့်သွင်းပေးပို့ရသဖြင့် စာခွေဟူ၍ ခေါ်ဝေါ်ကြသည်။ စာခွေဝေါဟာရနှင့် ပတ်သက်၍ ဆင်ဖြူရှင်လက်ထက် နန်းတွင်းစာဆိုအမတ်ကြီး မင်းရာဇာရတုတွင် အောက်ပါအတိုင်း ဖွဲ့နွဲ့ထားသည်ကို တွေ့ရှိရပါသည်။

“ ကေသာထုံးပြီး၊ သမီးမက၊ ရည်ရပင်ထွက်
လှသည့်ရွက်ဝယ်၊ စုံမက်မြတ်လေး၊ မယ့်လက်ရေး၍
ရပ်ဝေးမြေသာ၊ ခွေစာပေးမြောက်၊ သင့်လောက် တော်လှ၊
ခွေထုံးကျမူ၊ နန်းမှာတထွာ၊ လွှတ်မှာတညို၊ ရုံးမှာတမိုက်
ထိုက်ထိုက်သိမြင်၊ သို့ရာတွင်မူ၊ သခင်တို့မှာ မင်းကြီးလျာဟု
ခွေစာကျစ်လျစ်၊ ခုနှစ်သစ်ကို၊ ရစ်သည်အစ၊ ကြောကမသတ်
လိပ်မှတ်ထိုးဟန်၊ ပြောင်းပြန်မနေ၊ ဆက်လာစေရှင့်”

သီပေါမင်းလက်ထက်တွင် စက်တင်ပုံနှိပ်ရန် စီစဉ်ပြီးသည့် ဥပဒေများ ၃၂ မျိုးတွင် ငွေတိုက်ဥပဒေ၊ စာတိုက်ဥပဒေ၊ ပြည်သူ့လုပ်ငန်းဥပဒေများ ပါဝင်လေသည်။ ထိုအချိန်က တိုင်းပြည်စီမံအုပ်ချုပ်ရာတွင် ဌာနကြီး ၁၄ ဌာန ခွဲခြားထားရှိခဲ့လေရာ နိုင်ငံခြားရေးတာဝန်ယူရသော မြောင်လှမြို့စားမင်းကြီးသီရိမဟာဇေယျသူအား ရှိရင်းစွဲတာဝန်အပြင် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကိုပါ ပူးတွဲတာဝန်ယူစေသည်။ မြန်မာမင်းများ အုပ်ချုပ်ပုံစာတမ်းနှင့် ကုန်းဘောင်ဆက် မဟာရာဇဝင်များထဲတွင်လည်း ကြေးနန်းပညာတော်သင်များကို အိန္ဒိယပြည်နှင့် အောက်မြန်မာပြည် ရန်ကုန်သို့ စေလွှတ်ခဲ့ကြောင်း ပါရှိသည့်အပြင် အင်္ဂလိပ်စာ၊ ပြင်သစ်စာများ တတ်ကျွမ်းသူအရာရှိများအား အခွန်တော်ဥပဒေ၊ ကြေးနန်းအက်ဥပဒေ၊ စာတိုက်အက်ဥပဒေ၊ မီးရထားအက်ဥပဒေများကို မြန်မာဘာသာပြန်ဆိုရန် တာဝန်ချထားကြောင်းများ ပါရှိကြောင်း ဖတ်ရှုလေ့လာမိပါသည်။

စာပို့တိုက်လုပ်ငန်းပေါ်ပေါက်လာမှုနှင့် အသုံးပြုမှု၊ အသုံးဝင်မှုတို့သည် ယနေ့ပြည်သူများအကြား အသုံးပြုနေကြသော်လည်း ရှေးနှစ်ပေါင်းများစွာကပင် စာပို့စနစ်ထွန်းကားလာပြီး ကမ္ဘာနှင့် မြန်မာမှာ စာပို့စနစ်ကို တွင်ကျယ်စွာ အသုံးပြုပြီး စာပို့သမိုင်းကြောင်းအား တစ်စိတ်တစ်ဒေသ စောင်းငဲ့ကြည့်ခြင်းပင် ဖြစ်ပါကြောင်း လေ့လာဖတ်ရှုမိသမျှအား စေတနာမှန်နှင့် ရေးသားတင်ပြအပ်ပါသည်။ ။

**“စာပို့တိုက်လုပ်ငန်းနှင့် ကြေးနန်းဆက်သွယ်ရေးသမိုင်းကို လေ့လာပါမူ ရှေးမြန်မာမင်းများလက်ထက်ကပင် ယင်းစနစ်ရှိခဲ့ကြောင်း တွေ့ရှိရသည်၊ ထိုအချိန်အခါက စာတိုက်၊ ကြေးနန်းစနစ်မျိုး မရှိခဲ့သည်မှန်သော်လည်း ဘုရင့်စာချွန်တော် သယ်ယူပို့ဆောင်ရာတွင် မြင်းလျင်တော်၊ ခြေလျင်တော်၊ လှေလျင်တော်တို့သည် ဘုရင့်စာချွန်တော်ကို လက်ဆင့်ကမ်းစနစ်ဖြင့် လည်းကောင်း၊ တောက်လျှောက်သယ်ယူ၍ လည်းကောင်း မြို့ရွာနိဂုံးများကို ဖြတ်ကျော်ပို့ရ”**

# ကွန်ပျူတာ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ကျင်းပ




**မန္တလေး မေ ၇**

မန္တလေးမြို့နှင့် အထက်မြန်မာပြည်မှ ကျောင်းသား ကျောင်းသူများ၊ ရဟန်းရှင်လူများ၊ လုပ်ငန်းရှင်များနှင့် နည်းပညာ လေ့လာလိုက်စား လိုသူများအတွက် ICT နည်းပညာ တိုးတက်ပြန့်ပွားသိရှိလာစေရန်၊ ICT လုပ်ငန်းရှင်များ၊ ပညာရှင်များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို မန္တလေးမြို့နှင့် ပတ်ဝန်းကျင်လူထုအကြား ပို့ဆောင်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့က ကြီးမှူး၍ ကွန်ပျူတာ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၈ (မန္တလေး) ဖွင့်ပွဲ အခမ်းအနားကို မေ ၅ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးဥက္ကာကျော်၊ ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်သီရိခေတ်တို့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် ပြပွဲတွင် ပါဝင်ပြသကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများတက်ရောက်သည်။ ယင်းအခမ်းအနားတွင် ဝန်ကြီးချုပ်နှင့် အသင်းဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမ အတွင်း ကုမ္ပဏီ ၄၀ ခန့်မှ ပြခန်းပေါင်း ၅၀ ကျော်တွင် ခင်းကျင်းပြသထားသည်။

ယင်းပြပွဲကို သတင်းအချက်အလက်နှင့် နည်းပညာ (ICT) ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ICT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး၊ ICT Industry နယ်ပယ်ကျယ်ပြန့်ရေး၊ Academic နှင့် Industry ပေါင်းစပ်မှု အားကောင်းစေရေး၊ ပြည်သူလူထုအား နည်းပညာအသစ်များ မိတ်ဆက်ရင်းနှီးစေရေးတို့ကို ဦးတည်ကျင်းပခြင်းဖြစ်ပြီး မေ ၇ ရက်အထိ နံနက် ၉နာရီမှ ညနေ ၆ နာရီအထိ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အိန္ဒိယသို့ ပဲသွင်းခွင့်ပြုသည့်သတင်းကြောင့် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC ဈေးမြင့်တက်

**ရန်ကုန် မေ ၇**

အိန္ဒိယကမတ်ပဲ နှင့်ပဲတီစိမ်းတန်ချိန် တစ်သိန်းငါးသောင်းစီကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တင်သွင်းခွင့်ပြုသည့် သတင်းကို မေ ၄ ရက်က သက်ဆိုင်ရာက အသိပေးထုတ်ပြန်လာသည်။ ယင်းသတင်းကြောင့် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC ဈေးနှုန်းတစ်တန်လျှင် ငွေကျပ် ၇၂၀၀၀ မေလ ၅ ရက်က ဈေးတက်လာပြီး ကုန်သေတ္တာအလုံးရေ ၁၃၅ လုံးအရောင်းအဝယ်ဖြစ်လာသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ ထုတ်ပြန်သောနေ့စဉ် ဈေးနှုန်းစာရင်းအရ သိရသည်။

မေ ၅ ရက်က ရန်ကုန်ပဲဈေးကွက်တွင်မတ်ပဲ RC တစ်တန် ငွေကျပ် ၄၅၄၀၀၀၊ SQ/ RC တစ်တန် ငွေကျပ် ၆၁၆၀၀၀၊ ပဲတီစိမ်း (ပခုက္ကူ)တစ်ပိဿာ ငွေကျပ် ၁၁၀၀ မှ ၁၁၂၀၊ ခရမ်းရွှေဝါ (ထိပ်စ) ငွေကျပ် ၁၈၆၅ မှ ၁၉၀၀ နှုန်းရှိသည်ဟု သိရသည်။




မေ ၄ ရက်က မတ်ပဲ RC တစ်တန် ငွေကျပ် ၃၈၂၀၀၀၊ SQ/RC တစ်တန် ငွေကျပ် ၅၂၀၀၀၀ နှင့် ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ)တစ်ပိဿာ ငွေကျပ် ၁၈၆၅ ရှိခဲ့သည်။ ဧပြီ ၃၀ ရက်က မတ်ပဲ RC တစ်တန် ငွေကျပ် ၄၁၂၀၀၀၊ SQ/RC တစ်တန် ငွေကျပ် ၅၅၅၀၀၀၊ ပဲတီစိမ်း ခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာငွေကျပ် ၁၈၃၀ မှ ၁၉၂၀ နှုန်းရှိရာ မေ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် မတ်ပဲ RC တစ်တန်ဈေးနှုန်းသည် ငွေကျပ် လေးသိန်းအောက်သို့ ဈေးကျဆင်းခဲ့သည်ဟု သိရသည်။ ပဲတီစိမ်းဈေးနှုန်းမှာ ဈေးကွက်တွင်မတ်ပဲနှင့် ပဲစင်းငုံကဲ့သို့ ဈေးကျဆင်းထားခြင်းမရှိသဖြင့် ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲခြင်းနည်းသည်ဟု ပဲဈေးကွက်မှ သိရသည်။

မတ်ပဲနှင့်ပဲတီစိမ်းတန်ချိန် တစ်သိန်းငါးသောင်းစီ ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပမှ တင်သွင်းခွင့်ပြုမည့်သတင်းတွင် နှစ်နိုင်ငံ / ဒေသဆိုင်ရာသဘောတူညီချက်အောက်ရှိအစိုးရ၏ တင်သွင်းမှုဆိုင်ရာလိုက်နာရမည့် တာဝန်များအား သက်ရောက်မှုမရှိကြောင်း မေ ၄ ရက်နေ့စွဲဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သော အိန္ဒိယ၏ ပဲတင်သွင်းခွင့်ပြန်လည်ခွင့်ပြုမည့် အသိပေးကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် သုံးသိန်း အပါအဝင်မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတန်ချိန် ခြောက်သိန်းတင်ပို့ထားသည်။ အိန္ဒိယ ပဲလိုအပ်ချက်မှာ တန်ချိန် ၂၂ သန်းဝန်းကျင်ရှိရာ ယင်း အထွက်ပျမ်းမျှတန်ချိန် ၁၇ သန်းဝန်းကျင်ရှိခဲ့သည်။ ယခုအခါအိန္ဒိယပြည်တွင်းမိုးလေဝသမှန်ကန်၍ ပဲထွက်နှုန်းပိုလာရာပြည်တွင်း ပဲအထွက်တန်ချိန်သည် ၂၆ သန်းဝန်းကျင်အထိ ရှိလာသည်ဟု သိရသည်။

သို့ဖြစ်ရာမတ်ပဲနှင့်ပဲတီစိမ်းတန်ချိန် သုံးသိန်း၊ ပဲစင်းငုံတန်ချိန် နှစ်သိန်းသာရှိပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပမှ တင်သွင်းရန် အိန္ဒိယအစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အသိပေးထုတ်ပြန်ခဲ့သည်။ အရောင်းအဝယ်ဈေးကွက်တွင် ထူးခြားဖြစ်စဉ်သတင်းများ ထွက်ပေါ်လာတိုင်းဈေးနှုန်းပြောင်းလဲမှု မြန်ဆန်သည်ကို ပဲလောကအတွင်း ဆယ်စုနှစ်တစ်စု ဝန်းကျင်အတွင်း မြင်တွေ့ရသည်။

**ခင်ဆိုင်**

# အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

ပွင့်လင်းရာသီတွင် နိုင်ငံအတွင်း အလှူပွဲတော်များ စည်ကားစွာကျင်းပလေ့ရှိပါသည်။ ဤကာလအတွင်း အစာအဆိပ်သင့်မှုများ နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။

အစာအဆိပ်သင့်မှု မဖြစ်ပွားစေရန်အတွက် အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်း မပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များကို ဆပ်ပြာဖြင့် သေချာစွာ ဆေးကြောပါ။

၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။

၄။ အစားအစာများ ချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ။

၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။ ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင် နွေးပြီးမှ စားသုံးပါ။

အစာအဆိပ်သင့်မှုဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ အချိန်မီသတင်းပေးပို့ပြီး ထိရောက်စွာကုသမှုခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မြစ်ငယ်၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**မြစ်ငယ် မေ ၇**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ် ၁၁ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့စုမှ ရဲမှူးနှင်းအေးနှင့်အဖွဲ့၊ မြစ်ငယ်နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သူရအောင်နှင့် အဖွဲ့တို့က မေ ၅ ရက်တွင် အမရပူရမြို့နယ် မြစ်လောင်းကျေးရွာအုပ်စု ရန်အောင်မြင်ရပ်ကွက် ရန်အောင်မြင် ဘုန်းကြီးကျောင်း အောင်ဇမ္ဗူဓမ္မာရုံ၌ မြစ်လောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့် အဖွဲ့သည် ယဉ်ကျေးလိမ္မာသင်တန်းမှ ဆရာ ဆရာမ လေးဦး၊ သင်တန်းသားကလေးသူငယ် ၉၅ ဦးတို့အား ကလေးသူငယ်ဥပဒေ နှင့် မှုခင်းဖြစ်စဉ်များအကြောင်း၊ လူကုန်ကူးမှု မှုခင်းများအကြောင်း သိကောင်းစရာများ၊ မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများအကြောင်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်

**သရက်ချောင်း မေ ၇**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဖလား မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်း (အမျိုးသား) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို သရက်ချောင်းမြို့မိုးလုံလေလုံ အားကစားခန်းမဆောင်၌ မေ ၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို မေ ၃ ရက်ကစ၍ ဝိတ်တန်းကိုးတန်းဖြင့် မြို့နယ်ပေါင်းစုံမှ အားကစားသမား ယှဉ်ပြိုင်ကစားကြပြီး မေ ၅ ရက် ဗိုလ်လုပွဲ၌ ဝိတ်တန်းများမှာ ၄၈ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၅၄ ကီလိုတန်း၊ ၅၇ ကီလိုတန်းနှင့် ၆၃ ဒသမ ၅ ကီလို ဝိတ်တန်းအလိုက် အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ကီလိုတန်းပြိုင်ပွဲအလိုက် ပူးတွဲတတိယဆု နှစ်ဆု၊ ဒုတိယဆု၊ ပထမဆုရရှိသူများကို လူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းတို့က ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲအလိုက် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုဖြင့် ပထမရရှိသော သရက်ချောင်း မြို့နယ်အသင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးချစ်ဦး(ပြန်/ဆက်)**

# အင်ကြင်းကျောက်များအား e-commer စနစ်ဖြင့် စတင်ရောင်းချ

**နွားထိုးကြီး မေ ၇**

နွားထိုးကြီးနှင့် မလှိုင်မြို့နယ်ထွက် အင်ကြင်းကျောက်များကို ဒေသခံ ထုတ်လုပ်သူများ အကျိုးပိုမိုဖြစ်ထွန်းစေရန်အတွက် နိုင်ငံတကာခေတ်မီစီးပွားရေးစနစ်ဖြစ်သော e-commer စနစ်ဖြင့် မေ ၆ ရက်မှ tree jade အင်ကြင်းကျောက်ကုမ္ပဏီရှိ အင်ကြင်းဥယျာဉ်တွင် အရောင်းအဝယ်စတင်ပြုလုပ်နေကြောင်း သိရသည်။

ဒေသတွင်း အလုပ်အကိုင်ရရှိရေး၊ ပြည်တွင်းဈေးကွက် အခိုင်အမာဖြစ်ထွန်းရေး၊ နိုင်ငံတော်အခွန်အခရရှိရေးတို့ ဦးတည်၍ e-commer စနစ်ဖြင့်ရောင်းဝယ်ခြင်းဖြစ်ကြောင်း tree jade အင်ကြင်းကျောက်ကုမ္ပဏီပိုင်ရှင် ဦးမင်းရွှေက ပြောသည်။

လက်ရှိ ကြယ်ဂေါင်သို့သွားရောက်သော ဒေသခံများကလည်း ကြားခံတရုတ်ကုန်သည်တို့၏ ခေါင်းပုံဖြတ်မှုကြောင့် အခက်အခဲအရှုံးများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ ယခု e-commer စနစ်ဖြင့် ထိုးဖောက်နိုင်ပါက ဒေသခံများ အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းဈေးကွက် ခိုင်မာဖြစ်မြောက်ရေး၊ သယံဇာတများကို နိုင်ငံသားများ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန် ဝန်ကြီးဌာနက အင်ကြင်းကျောက် လုပ်ငန်းရှင်များကို ညွှန်ကြားမှုပေးခဲ့ကြောင်း သိရသည်။

အင်ကြင်းကျောက်ကို ယခုလို e-commer စနစ်ဖြင့်ရောင်းချခြင်းသည် နွားထိုးကြီးမြို့၌ ပထမဦးဆုံးဖြစ်ပြီး ယခင်ကကဲ့သို့ တရုတ်နိုင်ငံ ရွှေလီ၊ ကြယ်ဂေါင်အထိအချိန်ကုန် ငွေကုန်သွားရောက်ရခြင်းမဟုတ်ဘဲ စားသုံးသူနှင့် တိုက်ရိုက်ချိတ်ဆက်သော စနစ်ဖြစ်သောကြောင့် ဒေသခံများအတွက် ပိုမိုအဆင်ပြေစေနိုင်ကြောင်း သိရသည်။

**ဌေးမြင့်မောင်**



# သမိုင်းမှတ်တမ်းကျောက်စာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ် စသည့် ခေတ်အစဉ်အဆက်ကို ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံသမိုင်းကြောင်းအား ဖော်ထုတ်ရာတွင် ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် ကမ္ပည်းကျောက်စာများကို ခိုင်မာသော အထောက်အထားများအဖြစ် အကိုးအကားပြုကြရပေသည်။ စာပေအရေးအသား မပေါ်ပေါက်မီက ရှေးခေတ်လူသားများသည် မိမိတို့ပြောလိုသည့် အကြောင်းအရာများကို အရုပ်များ၊ သင်္ကေတများဖြင့် မှတ်တမ်းတင်ခဲ့ကြသော်လည်း အက္ခရာစာလုံးများကို အသုံးပြုနိုင်ခဲ့ချိန်တွင် မိမိတို့ဖော်ပြလိုမှုများကို ကျောက်ပြား၊ ကျောက်ချပ်များပေါ်တွင် ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ နေရာအနှံ့တွင် တွေ့ရှိရသည့် ရှေးဟောင်းကျောက်စာများကို ပါဠိ၊ မြန်မာ၊ မွန်၊ ပျူစသည့် ဘာသာစကားများဖြင့် ရေးထိုးထားသဖြင့် ခေတ်ကာလဆိုင်ရာ ဘာသာစကား၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် အတိတ်သမိုင်း နောက်ခံများကို စုဆောင်းရယူ ဖော်ထုတ်နိုင်ကြပေသည်။ မြန်မာနိုင်ငံအတွင်း တွေ့ရှိခဲ့သည့် ကမ္ပည်းကျောက်စာအများစုသည် ကုသိုလ်ကောင်းမှုဆိုင်ရာမှတ်တမ်းများ ဖြစ်ကြသော်လည်း ကျန်စစ်သားမင်းကြီး၏ နန်းတည်ကျောက်စာ၊ ကျစွာမင်း၏အမိန့်တော်ပြန်တမ်း စသည့် ထူးခြားသောကျောက်စာများကိုလည်း တွေ့ရှိနိုင်ကြသည်။

**ကျောက်စာ စာအုပ်များ**

ရှေးဟောင်းကျောက်စာများကို လေ့လာနိုင်ကြစေရန် ခေတ်အဆက်ဆက်တွင် စာအုပ်များ ထုတ်ဝေခဲ့ကြသည်။ ၁၈၈၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါဠိဘာသာဌာနမှ ပါမောက္ခ ဒေါက်တာအီးဖောချမ်းမား(Dr.E Forchhammer)သည် ကမ္ပည်းကျောက်စာဌာန ကျောက်စာဝန်ဖြစ်လာပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ ကျောက်စာများကို မင်လိမ့်၍ မိတ္တူများ ကူးယူခဲ့သည်။ ဖောချမ်းမား စုဆောင်းထားခဲ့သည့် ကျောက်စာများကို ၎င်းကွယ်လွန်ပြီးနောက် ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ၁၈၉၂ ခုနှစ်မှ ၁၉၁၃ ခုနှစ်အတွင်း ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ(၁၈၉၂) (Inscription of Pagan, Pinya, Ava,1892)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော ကျောက်စာများမှကူးသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားရှိ ကျောက်စာများ အတွဲနှစ်တွဲ(၁၈၉၇)(The Inscriptions copied from the stones collected by King Bodawpaya and palaced near the Arakan Pagoda Vol. I,II, 1897)၊ အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ အတွဲနှစ်တွဲ(၁၉၀၀ နှင့် ၁၉၀၃)၊ (The Inscriptions collected in upper Burma, 1900 and 1903)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအရံအတွင်းရှိ မူလထိုးကျောက်စာများ(၁၉၁၃) (The Original Inscriptions collected King Bodawpaya and now palaced near the Patodawgyi Pagoda, Amarapura, 1913) စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။

ကမ္ပည်းကျောက်စာဌာနသည် ၁၉၁၉ ခုနှစ်မှစ၍ မြန်မာပြည် ကမ္ပည်းကျောက်စာများ(Epigraphia Birmanica)စာစဉ်များကို ၁၉၃၉ ခုနှစ်အထိ ခုနစ်အုပ် ထုတ်ဝေခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ကျောက်စာဝန် ချားစ်ဒူရွိုင်ဆယ် လက်ထက်တွင်လည်း မြန်မာပြည်တွင်တွေ့ရှိရသည့် ကျောက်စာများစာရင်း(A List of Inscriptions found in Burma)စာအုပ်ကို ထုတ်ဝေခဲ့ရာ ၁၉၂၁ ခုနှစ်အထိ တွေ့ရှိထားသော ကျောက်စာများကို အမှတ်စဉ်၊ သက္ကရာဇ်၊ တွေ့ရှိသည့်နေရာ၊ ယခုရှိနေသည့်နေရာ၊ ကျောက်စာထိုး ဘာသာစကား၊ အကြောင်းအရာ စသည်တို့ကို ပြုစုထားသည့် စာရင်းဖြစ်သည်။

ဆက်လက်၍ ပါမောက္ခ ဦးဖေမောင်တင်နှင့် ဂျီအိပ်ချ်လုစ်တို့က ၁၉၂၈ ခုနှစ်တွင် ပုဂံကျောက်စာညွန့်ပေါင်း၊ ၁၉၃၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း တိုင်းရင်းမြန်မာကျောက်စာများ ငါးတွဲ၊ ပါမောက္ခ ဦးဧမောင်က ၁၉၅၈ ခုနှစ်တွင် ပုဂံကျောက်စာလက်ရွေးစင် စသည့် စာအုပ်များကို ထုတ်ဝေခဲ့ကြသည်။

နောက်ပိုင်းတွင်လည်း ကျောက်စာမှတ်တမ်းများကို အစဉ်အဆက် ထုတ်ဝေခဲ့ကြရာ ရှေးဟောင်းသုတေသနဦးစီးဌာနက သုတေသနလက်ထောက် ဦးငြိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ ငါးတွဲကို မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်မှ ၉၉၈ ခုနှစ်အတွင်း ရေးထိုးခဲ့သည့်ကျောက်စာများ စုစည်း၍ ထုတ်ဝေခဲ့သည်။

ကျောက်စာများတွင် မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုး၊ နောက်ထိုးဟု ရှိရာတွင် မူလထိုးကျောက်စာများသည် အထောက်အထား အခိုင်မာဆုံးဖြစ်သည်ဟု ဆိုကြသော်လည်း ဆင့်ထိုး၊ စပ်ထိုး၊ နောက်ထိုး ကျောက်စာများကိုလည်း မှီငြမ်းပြုကြရပေသည်။ ရှေးဦးမူလရေးထိုးခဲ့သည့် ကျောက်စာမရှိလျှင် ဆင့်ထိုး၊ စပ်ထိုး၊ နောက်ထိုးများလည်း ရှိလာမည်မဟုတ်ပါချေ။

မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ကျောက်စာများအနက် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာနှင့် ဟန်လင်းမှ တွေ့ရှိခဲ့သည့် ကျောက်စာများသည် အစောဆုံးဖြစ်ကြသည်။ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်အရိုးအိုးများတွင် ပျူဘုရင်များ၏အမည်များနှင့် နတ်ရွာစံသည့်သက္ကရာဇ်များကို ရေးထိုးထားသဖြင့် သရေခေတ္တရာမင်းဆက်ကို ခြေရာကောက်နိုင်ခဲ့ကြသည်။

ကျောက်စာများသာမက ရွှေပြားစာ၊ ငွေပြားစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာများလည်း ရှိခဲ့ရာ ပုဂံယဉ်ကျေးမှုနယ်မြေ မြစေတီရှိ ရာဇကုမာရ်ကျောက်စာနှင့် သရေခေတ္တရာမှ ရရှိခဲ့သည့် ဘုရားထောင်အရိုးအိုး အပါအဝင် ကျောက်အိုးများတွင် ရေးသားထားသည့် ပျူစာဟုယူဆကြသည့်စာများကို အဓိပ္ပာယ်ပြန်ဆိုနိုင်ခဲ့သည်။

ရခိုင်ပြည်နယ် သံတွဲနှင့် မြို့ဟောင်းအနီးမှ အေဒီ ခုနစ်ရာစုနှင့် ရှစ်ရာစုထိုးကျောက်စာများကို တွေ့ရှိခဲ့ပြီး သျှစ်သောင်းဘုရားရှိ စန္ဒြမင်းဆက်ကျောက်စာအရ ရခိုင်မင်းဆက်နှင့် သမိုင်းဖြစ်ရပ်များကို သိရှိနိုင်ခဲ့ကြသည်။ ထို့အတူပင် မွန်ဒေသမှ တြာပ်နှင့် ပဏ္ဍိတ်ဟု အမည်ပေးထားသည့် ကျောက်စာနှစ်ချပ်ကို တွေ့ရှိခဲ့သည်။ မြန်မာကျောက်စာများအနက် ရာဇကုမာရ်ကျောက်စာကို ရှေးအကျဆုံးဟု ယူဆခဲ့ကြသော်လည်း ရာဇကုမာရ်ကျောက်စာထက်စောသော ကျောက်စာ ၁၄ ချပ်ရှိကြောင်း သုတေသီများက ဖော်ထုတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့် ရှိမည်ဖြစ်ကြောင်း ဆရာကြီးဦးမြင့်အောင်က မှတ်တမ်းပြုခဲ့သည်။ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံး ရေးထိုးခဲ့ကြကာ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် တွေ့ရှိခဲ့ရသည်။

**ပထမဆုံး ကျောက်စာဝန်နှစ်ဦး**

မြန်မာစာပေသမိုင်းတွင် ၁၈ ရာစု နောက်ပိုင်းမှစ၍ ၁၉ ရာစု နှစ်ဦးပိုင်းအထိ ရာဇဝင်ကျမ်းများ ပေါ်ထွက်ခဲ့ရာ ညောင်ရမ်းဆက် တနင်္ဂနွေမင်း(ခရစ်နှစ် ၁၇၁၄-၁၇၃၃) လက်ထက်တွင် ဦးကုလားရာဇဝင်၊ ကုန်းဘောင်ခေတ် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)လက်ထက်တွင် တွင်းသင်းမဟာရာဇဝင်သစ်နှင့် စစ်ကိုင်းမင်း(ခရစ်နှစ် ၁၈၁၉-၁၈၃၇)လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြသည်။ ယင်းသမိုင်းကျမ်းများကို ပေရွက်များပေါ်တွင် ရေးသားခဲ့ပြီး ပုံနှိပ်နည်းပညာများ တိုးတက်လာချိန်တွင် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ကုန်းဘောင်ခေတ်ဘုရင် ဗဒုံမင်းသည် ဘာသာ၊ သာသနာရေးကို များစွာ ထောက်ပံ့မှုပြုခဲ့သည့် မင်းတစ်ပါးဖြစ်ပြီး သာသနာ့မြေနှင့် ဘုရင့်မြေကို ခွဲခြားသိရှိနိုင်ရန် ကျောက်စာများကို အကိုးအကားပြုခဲ့သည်။ ဗဒုံမင်းသည် မြန်မာနိုင်ငံ တစ်ဝန်းရှိ ကျောက်စာများကို စုဆောင်း၍ ဖတ်ရှုစေခဲ့သည်။ ထိုကျောက်စာများကို ကြီးကြပ်ရသည့် တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် သက်ပန်းအတွင်းဝန် ဗလရာဇာကျော်ထင်တို့အား မြန်မာနိုင်ငံ၏ ပထမဆုံးကျောက်စာဝန်များဟု ဆိုရမည်ဖြစ်ပေသည်။



ကျောက်စာသင်တန်းသားများ လက်တွေ့ ကျောက်စာကူးနေပုံ

ဗဒုံမင်းက ရှေးရာဇဝင်ကျမ်းများတွင် ကျောက်စာများနှင့် မကိုက်ညီမှုများကို တွေ့ရှိခဲ့သဖြင့် တွင်းသင်းတိုက်ဝန် မဟာစည်သူအား ကျောက်စာများနှင့် ညီညွတ်သည့် ရာဇဝင်သစ်တစ်စောင်ပြုစုရန် တိုက်တွန်းခဲ့ရာမှ တွင်းသင်းမဟာရာဇဝင်သစ်ကျမ်း ထွက်ပေါ်လာခဲ့သည်။ ဗဒုံမင်းသည် ကျောက်စာများ၏ သမိုင်းတန်ဖိုးကို ကောင်းစွာသိရှိခဲ့သော ဘုရင်ဖြစ်သဖြင့် တွင်းသင်းမဟာရာဇဝင်သစ်သည် ကျောက်စာများကို အကိုးအကားပြုသည့် ပထမဆုံးရာဇဝင်ကျမ်း ဖြစ်လာခဲ့သည်။ မဟာရာဇဝင်ကြီး ဋီကာနိသယတွင် "ရာဇဝင်စကားနှင့် ကျောက်စာ စသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာစသည်တို့သာ ယုံကြည်အပ်"ဟုပင် ရေးသားထားသည်။

**ရှေးဟောင်းကျောက်စာများ**

အီဂျစ်လူမျိုးများသည် ခရစ်တော်မပေါ်မီ နှစ် ၃၆၀၀ တွင် ကျောက်စာများကို ဦးဆုံး ရေးထိုးခဲ့ကြသည်။ နောင်နှစ် ၂၀၀ တွင် ဘေဘီလုံနှင့် မြေထဲပင်လယ်ဒေသတွင် ကျောက်စာထိုးသည့်ဓလေ့ ထွန်းကားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ကျောက်စာရေးထိုးသည့်ဓလေ့သည် ဘေဘီလုံယဉ်ကျေးမှုခေတ်နှင့်အတူ ပေါ်ထွန်းခဲ့ကာ ဘီစီ ၂၅၀ ခုနှစ်က စိုက်ထူခဲ့သည့် အာသောကမင်းကြီးကျောက်စာများကို ဗြဟ္မီအက္ခရာ၊ ခရောရှတီအက္ခရာများဖြင့် ရေးထိုးခဲ့သည်။

ကျောက်စာများကိုလေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှု အနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် စာပေအရေးအသား ပေါ်ထွန်းခဲ့ပြီးနောက် ကျောက်စာများ ရေးထိုးခဲ့ကြသဖြင့် ရေးထိုးခဲ့သူများ သုံးစွဲခဲ့သည့် ဘာသာစကားအလျောက် ပျူ၊ မွန်၊ ရခိုင်၊ မြန်မာ၊ ပါဠိစသည်ဖြင့် အက္ခရာစာလုံးများ ကွဲပြားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်တွင် ဘာသာမျိုးစုံဖြင့် ရေးထိုးထားသည့် ကျောက်စာများကို တွေ့ရှိကြရပြီး မြန်မာ၊ ပျူ၊ မွန်၊ ပါဠိ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် ရာဇကုမာရ်ကျောက်စာသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World) ဖြစ်လာခဲ့သည်။ ထို့အတူ ပုဂံယဉ်ကျေးမှုနယ်မြေ ညောင်ဦးမြို့ ရွှေစည်းခုံစေတီရှိ ဘုရင့်နောင်မင်းတရား ခေါင်းလောင်းစာသည်လည်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခု ဖြစ်ပေသည်။

ယခုအခါတွင် လူမျိုးနှင့် ဘာသာစကား ပျောက်ကွယ်ခဲ့ပြီဖြစ်သည့် ပျူများ၏ စာလုံးများကို ပြည်တွင်းပြည်ပ ပညာရှင်အဆက်ဆက်က အပြည့်အစုံမဟုတ်သော်လည်း အတိုင်းအတာတစ်ခုအထိ ဖော်ထုတ်နိုင်ခဲ့ကြသည်။

**ကျောက်စာကို မည်သို့ဖတ်မည်နည်း**

ကျောက်စာတစ်ချပ်ကိုမဖတ်မီ ယင်းကျောက်စာကို ရေးထိုးထားသည့် အက္ခရာစာလုံးများကို သိရှိထားရန် လိုအပ်ပေသည်။ ဥပမာအားဖြင့် မွန်ဘာသာကို မတတ်သူသည် မွန်ကျောက်စာကို ဖတ်ရှုနိုင်မည်မဟုတ်သကဲ့သို့ မျက်မှောက်ခေတ်သုံး မွန်ဘာသာကို တတ်မြောက်သည့်တိုင် ရှေးဟောင်းမွန်ဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများကို နားလည်နိုင်မည်မဟုတ်ပါချေ။

မြန်မာအက္ခရာစာလုံးများဖြင့် ရေးထိုးထားသည့် ကျောက်စာများသည်ပင် ရှေးဟောင်းမြန်မာစာလုံးများသည် မျက်မှောက်ခေတ်သုံးစွဲနေသည့် မြန်မာအက္ခရာစာလုံးများနှင့် ကွဲပြားနေသဖြင့် ရှေးခေတ်သုံး မြန်မာစာလုံးများကို လေ့လာသိရှိထားရန် လိုအပ်ပေသည်။ ရှေးခေတ် အက္ခရာ စာလုံးပုံစံများကို သိရှိသည့်တိုင် ကျောက်စာများသည် ကာလရှည်ကြာလာချိန်တွင် ချွတ်ယွင်းပျက်စီးမှုများ ရှိလာသဖြင့် ည နှင့် သ၊ ဏ နှင့် လာ၊ ဘ နှင့် ဂ၊ ရ နှင့် ပုဒ်မ၊ သ နှင့် ပ၊ ၁ ဂဏန်း နှင့် ပုဒ်မ၊ ရကောက် စသည်ဖြင့် မသဲမကွဲ ဖြစ်လာလေ့ရှိကြသည်။ အက္ခရာစာလုံးအချို့သည်လည်း ခေတ်ကာလအလျောက် ယခုခေတ် စာလုံးပုံစံများသို့ ပြောင်းလဲခဲ့ကြသည်။ အက္ခရာစာလုံးများအပြင် ကိန်းဂဏန်းရေးသားပုံနှင့် အပိုင်းကိန်းရေးသားထားပုံများကိုလည်း သိရှိရန် လိုအပ်သည်။

ရှေးဟောင်းကျောက်စာများကို ဖတ်ရာတွင် ခက်ခဲသောစာများ ပါရှိမြဲဖြစ်သဖြင့် ကြိုးစားဖတ်ရှုကြရမြဲဖြစ်သည်။ ကျောက်စာအချပ်ပေါင်း ၁၀၀၀ ကျော်ကို ဖတ်ခဲ့သည့် ဆရာဦးငြိမ်းမောင်က ကျောက်စာလေးချပ်ကိုသာ လွယ်လွယ်ကူကူ ဖတ်နိုင်ခဲ့ကြောင်း ရေးသားခဲ့သည်။

ကျောက်စာပါစာများကို ကျောက်စာတွင် တိုက်ရိုက်ဖတ်ခြင်းထက် မင်ကူး၍သို့မဟုတ် ဓာတ်ပုံရိုက်၍ အချိန်ယူကာ ဖတ်ရှုလေ့ရှိကြသည်။ ကျောက်စာကို မင်ကူးရာတွင် မင်ကူးသူ၏ကျွမ်းကျင်မှုအပေါ် မူတည်လျက် ရှင်းလင်းစွာဖတ်ရှုနိုင်သော ကျောက်စာများကို ရရှိနိုင်သည်။ ကျောက်စာတစ်ချပ်ကို အနည်းဆုံး မင်ကူးမိတ္တူသုံးခုရှိသင့်ကြောင်းလည်း မိန့်ဆိုကြပါသည်။

**ကျောက်စာကူးစနစ်**

ကျောက်စာပေါ်တွင်ရေးထွင်းထားသည့် စာလုံးများကို မိုင်းကိုင်စက္ကူပေါ်သို့ ကူးယူပြီးမှ ဖတ်ကြခြင်းဖြင့် ပိုပြင်ရှင်းလင်းစွာ ဖတ်ရှုနိုင်ကြပေသည်။ ကျောက်စာမကူးမီ ရှေးဦးစွာ ကျောက်စာမျက်နှာပြင်ကို အဝတ်ဖြင့်ပွတ်သပ်ပြီး ရေဖြင့်ဆေးကြောခြင်းဖြင့် ကျောက်စာစာလုံးများအကြားတွင် ရှိနေနိုင်သည့် ဖုန်များ၊ အမှိုက်များကို ရှင်းလင်းရသည်။ ထို့နောက် ကျောက်စာရေးကူးမည့် မိုင်းကိုင်စက္ကူများကို စိုစွတ်သွားစေရန် ရေတွင် ခေတ္တမျှနှစ်ပြီးနောက် လက်ကောက်ဝတ်ပေါ်သို့ ဖြည်းညင်းစွာ ရိုက်၍ မစုတ်မပြဲအောင် ဖြန့်ရသည်။ မိုင်းကိုင်စက္ကူသည် တစ်ဖက်ချော၊ တစ်ဖက်ကြမ်း ဖြစ်သဖြင့် ရေဆွတ်ပြီးသည့်စက္ကူ၏ ကြမ်းသည့်မျက်နှာကို ကျောက်စာပေါ်သို့ တင်ရသည်။ မိုင်းကိုင်စက္ကူများကို ကျောက်စာတစ်ချပ်လုံးပြည့်သည်အထိတင်ပြီး ကျောက်စာပေါ်တွင် ကပ်နေစေရန် စုတ်တံငယ်ဖြင့် ဖြည်းညင်းစွာရိုက်ပေးရသည်။ လေခိုနေသည့်နေရာများကို လေများထွက်သွားသည်အထိ ရိုက်ပေးရသည်။

ကျောက်စာများသည် ပုံသဏ္ဌာန်၊ အရွယ်အစား၊ အထူအပါးများ ကွဲပြားလျက် အကောင်းအကျိုး မျိုးစုံရှိကြသဖြင့် မိုင်းကိုင်စက္ကူများကို စာသားမြင်ရသည့်နေရာများအားလုံး အုပ်မိသည်အထိ ကပ်ရသည်။ ရေစိုနေသည့်စက္ကူများ ခြောက်သွေ့မသွားမီ ကျောက်စာပေါ်တွင်ရေးထွင်းထားသည့် စာလုံးများ ပေါ်လာစေရန် စက္ကူပေါ်သို့ အနက်ရောင်ဆေးမင်ကို တင်ကြရသည်။

မိုင်းကိုင်စက္ကူပေါ်သို့ မင်တင်ရာတွင် ဂွမ်းကိုထုပ်ထားသည့် စွပ်ကျယ်စကို ဆေးမင်ဖြင့်တို့ပြီး စာလုံးများပေါ်သို့ ဖိ၍ဖြစ်စေ(Puffing)၊ ဆေးပေါ်တွင်လိမ့်ထားသည့် ဒလိမ့်တုံးငယ်ကို ကျောက်စာပေါ်တွင် လိမ့်၍ဖြစ်စေ ကျောက်စာပေါ်မှ စာလုံးများကို စက္ကူပေါ်တွင်ထင်လာစေရန် စိတ်ရှည်စွာ ပြုလုပ်ကြရသည်။

ကျောက်စာပေါ်ရှိ စာလုံးများအားလုံး စာကြောင်းတစ်ကြောင်းချင်း ပေါ်လာစေရန် စွပ်ကျယ်လုံးဖြင့်ဖိရာတွင် အချိန်အဆ အရေးကြီးသကဲ့သို့ ဒလိမ့်တုံးဖြင့်လိမ့်ရာတွင်လည်း အဖိအဖော့ အရေးကြီးသည်။ ကျောက်စာပေါ်တွင်အုပ်ထားသည့် စက္ကူပေါ်တွင် ကျောက်စာပေါ်မှစာလုံးများအားလုံး ထင်ပြီးလျှင် စက္ကူကို ကျောက်စာမှခွာပြီး ခြောက်သွေ့စေရန် နေပူတွင် အခြောက်လှမ်းရသည်။ ကျောက်စာမှခွာရာတွင် ကူးထားသည့်စက္ကူ စုတ်ပြဲခြင်းမရှိစေရန် ကျောက်စာထိပ်မှစ၍ အောက်သို့လိပ်ယူရန် သတိမူရသည်။

ခြောက်သွေ့သွားသော မိုင်းကိုင်စက္ကူပေါ်တွင် ကျောက်စာအမည်၊ ရေးကူးသူနှင့် ရေးကူးသည့် ရက်စွဲတို့ကို ထောင့်တွင်ရေးသားပြီး စက္ကူချပ်ကိုလိပ်၍ ကျည်တောက်များဖြင့် သိမ်းဆည်းကြရသည်။ ကျောက်စာတစ်ချပ်ကို အနည်းဆုံးသုံးရွက် ကူးထားခြင်းဖြင့် ကျောက်စာပေါ်မှစာသားများကို အမှားအယွင်းမရှိ ရရှိနိုင်ပေသည်။

ကျောက်စာကူးလုပ်ငန်းကို ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် သမိုင်းသုတေသနဦးစီးဌာန အပါအဝင် သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများကသာ ဆောင်ရွက်ကြသည်မဟုတ်ဘဲ တက္ကသိုလ်အသီးသီးတွင် မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသန စသည့် ပညာရပ်များကို သင်ယူနေကြသည့် မျိုးဆက်သစ်များကိုလည်း သင်ကြားပို့ချပေးလျက်ရှိနေပေသည်။

ကျောက်စာတို့သည် ခိုင်မာသည့်သမိုင်းမှတ်တမ်းများ ဖြစ်ကြသည့်အားလျော်စွာ ရှေးဟောင်းကျောက်စာများကို ထိန်းသိမ်းလျက် ကျောက်စာများကို ဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များကို မွေးထုတ်ခြင်းဖြင့် သမိုင်းမှတ်တမ်းများကို အရှည် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဟု ယူဆမိပါသည်။ ။

**ဗဒုံမင်းသည် ကျောက်စာများ၏ သမိုင်းတန်ဖိုးကို ကောင်းစွာသိရှိခဲ့သော ဘုရင်ဖြစ်သဖြင့် တွင်းသင်းမဟာရာဇဝင်သစ်သည် ကျောက်စာများကို အကိုးအကားပြုသည့် ပထမဆုံးရာဇဝင်ကျမ်း ဖြစ်လာခဲ့သည်။ မဟာရာဇဝင်ကြီး ဋီကာနိသယတွင် "ရာဇဝင်စကားနှင့် ကျောက်စာ စသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာစသည်တို့သာ ယုံကြည်အပ်"ဟုပင် ရေးသားထားသည်**

## ပြည်သူများဓာတ်အားပြတ်တောက်မှု အချိန်ကြာမြင့်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်

**မကွေး မေ ၇**

မကွေး မကျည်းကန် ပင်မဓာတ်အားခွဲရုံမှ ချို့ယွင်းပျက်စီးသွားသော ၂၀×၃ အမ်ဗွီအေ ထရန်စဖော်မာများနေရာတွင် အစားထိုး လဲလှယ်တပ်ဆင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ညောင်ပင်ကြီး ပင်မဓာတ်အားခွဲရုံမှ သယ်ယူရောက်ရှိလာသော (၁၃ ဒသမ ၃၃×၃) အမ်ဗွီအေ ထရန်စဖော်မာများ ပြောင်းရွှေ့တပ်ဆင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို့နှင့် တာဝန်ရှိသူများက မေ ၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဝန်ကြီးချုပ်နှင့်အတူ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးတို့ လိုက်ပါ၍ စစ်ဆေးခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း၊ မကွေးပင်ပဓာတ်အားခွဲရုံမှူး ဦးဇော်ဖိုးလှိုင်၊ နေပြည်တော်(၁)ဓာတ်အားခွဲရုံမှူး ဦးထွန်းဝဏ္ဏနှင့် အဖွဲ့က တရန်စဖော်မာများ သယ်ယူပို့ဆောင်ရောက်ရှိလာမှု အခြေအနေ၊ အမြန်ဆုံးအစာထိုးတပ်ဆင်ဆောင်ရွက်နေမှု အခြေအနေနှင့် လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

လက်ရှိအခြေအနေတွင် မကွေးမြို့ ပင်မဓာတ်အားခွဲရုံရှိ ၁၂၃/၃၃ ကေဗွီ ၁၅ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ပြည်သူများ ဓာတ်အားပြတ်တောက်မှုအချိန် ကြာမြင့်မှုမရှိစေရေးနှင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် မကွေးမြို့နှင့်ရေနံချောင်းမြို့တို့ကို အုပ်စုလေးစု ပိုင်းခြား၍ အုပ်စုတစ်စုလျှင် တစ်ရက် ခြောက်နာရီစီ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## အမရပူရမြို့နယ်မှ ကျောင်းနှစ်ကျောင်းသို့ စာသင်ဆောင်သစ်များ လွှဲပြောင်းပေးအပ်

**မန္တလေး မေ ၇**

အမရပူရမြို့နယ်အတွင်း ကြည့်မြင်တိုင် အထက(ခွဲ)နှင့် ငယ်တိုး(အမက)တို့တွင် မန္တလေးတိုင်းဒေသကြီးအစိုးရ၏ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ပေးသော စာသင်ဆောင်များ ဖွင့်လှစ်ခြင်းနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကြည့်မြင်တိုင်ကျေးရွာအုပ်စု၊ ကြည့်မြင်တိုင် အထက(ခွဲ)တွင် မေ ၅ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်များ ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။ "ကျွန်တော်တို့ ပညာရေး၊ ကျန်းမာရေး ဘတ်ဂျက်တွေကို အရင်ထက်ပိုပြီး ချထားပေးပါတယ်၊ နိုင်ငံရဲ့အနာဂတ်အတွက်ဆိုရင် ပညာရေးကိုပိုပြီး ရင်းနှီးမြှုပ်နှံရပါတယ်၊ စာသင်ခန်းနဲ့ကျောင်းသားအချိုး မလုံလောက်တဲ့နေရာတွေ၊ ကျောင်းသားအင်အား များလာပြီးတော့ ကျောင်းစာသင်ခန်းလိုအပ်နေတဲ့ နေရာတွေ၊ တစ်နည်းအားဖြင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေတဲ့နေရာတွေမှာ ဒီလိုကျောင်းဆောင်သစ်တွေ ချပေးတာ များပါတယ်၊ ကျောင်းဆောင်သစ်တွေ ချပေးတာလည်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ချပေးတာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

ကျောင်းဆောင်သစ်များအတွက် ရန်ပုံငွေ ချထားပေးရာတွင် ကျောင်းပေါင်းများစွာရှိသောကြောင့် ဘတ်ဂျက် ကန့်သတ်မှုရှိနေပြီး လိုအပ်ချက်အလိုက် ဦးစားပေးအဆင့်များ သတ်မှတ်၍ ဘဏ္ဍာငွေ ချထားပေးရကြောင်းလည်း သိရသည်။ "ဦးစားပေးအဆင့်နဲ့ပဲ ဘဏ္ဍာငွေ ချပေးရတယ်၊ အချို့ကျောင်းတွေ ရတာရှိသလို အချို့ကျောင်းတွေ မရသေးဘူး၊ ဒါပေမယ့် စေတနာရှင်တွေက ကျောင်းတွေဆောက်ပေးတော့ မိဘတွေအတွက်၊ တိုင်းပြည်အတွက် ကောင်းတယ်။ ဒီနည်းအားဖြင့် ပညာရေးကို မြှင့်တင်ဖို့ ကြိုးစားနေတာပါ။ ဒီနည်းအားဖြင့် အစိုးရနဲ့ပြည်သူ လက်တွဲလုပ်ရင် မအောင်မြင်စရာမရှိဘူး၊ ကြည့်မြင်တိုင် အထက(ခွဲ)နဲ့ ငယ်တိုး အမကတွေမှာ ကျောင်းဆောင်တွေ လှူဒါန်းပေးလိုက်နိုင်တာကို အစိုးရက ဝမ်းသာပါတယ်"ဟုလည်း ဝန်ကြီးချုပ်က ပြောသည်။

ပညာရေးကိုဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ ပညာတတ်တွေများမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်နိုင်မည်ဖြစ်သလို ဒီမိုကရေစီကို ခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ဆိုသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ချင်းတွင်းမြစ်အတွင်း ရေယာဉ်များအန္တရာယ်ကင်းရန် တစုန်းတန်ချိန် ၅၀ ကျော် ရှင်းလင်းပေး

**မုံရွာ မေ ၇**

ချင်းတွင်းမြစ်ကြောင်းအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် တစုန်းများ(ရေအောက်တွင်မြုပ်နေသော သစ်လုံးနှင့် သစ်မြစ်များ)ကို စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတက်ရေးဦးစီးဌာန(ရေလမ်းသတ်မှတ်ရေး)က ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လအတွင်းက အမှတ်(၂)တစုန်းနုတ်ရေယာဉ်(တနယ-၂)ဖြင့် ရှင်းလင်းပေးခဲ့ရာ တစုန်းတန်ချိန် ၅၅ တန်အထိ နုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



"နွေရာသီ မြစ်ရေနည်းပါးချိန်မှာ ချင်းတွင်းမြစ်ကို အထက်အောက် စုန်ဆန်သွားလာကြတဲ့ လူစီး အမြန်ရေယာဉ်တွေ၊ ကုန်တင်ရေယာဉ်တွေနဲ့ ပက်လက်တွဲတွေ အန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာနိုင်ဖို့အတွက် တစုန်းနုတ်လုပ်ငန်းကို နှစ်စဉ် မြစ်ရေနည်းပါးချိန်တွေမှာ လုပ်ဆောင်တာပါ၊ အခုနှစ်မှာတော့ အပိုင်းနှစ်ပိုင်းခွဲပြီး လုပ်ဆောင်တာ၊ အပိုင်း(၁)ဖြစ်တဲ့ မုံရွာ-မော်လိုက် အပိုင်းကိုတော့ ဇန်နဝါရီလနဲ့ အပိုင်း(၂)ဖြစ်တဲ့ မော်လိုက်-ဟုမ္မလင်း အပိုင်းကိုတော့ ဖေဖော်ဝါရီလအတွင်းမှာ နုတ်ခဲ့တာပါ၊ အပိုင်း(၁)နုတ်တဲ့ အချိန်တုန်းကတော့ စက်ချွတ်ယွင်းမှု ဖြစ်ခဲ့တဲ့အတွက် ပြင်ဆင်ပြီး နုတ်ခဲ့ရပေမယ့် အပိုင်း(၂)မှာတော့ အခက်အခဲ သိပ်မရှိပါဘူး၊ တစုန်းနုတ်သိမ်းပြီးချိန်မှာတော့ အားလုံး ၅၅ တန် နုတ်ပေးနိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရေလမ်းသတ်မှတ်ရေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးက ပြောသည်။

အပိုင်း(၁)အဖြစ် သတ်မှတ်ထားသည့် ချင်းတွင်းမြစ်အောက်ပိုင်း မုံရွာမြို့နယ်မှ မော်လိုက်မြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်တွင် တစုန်း တန်ချိန် ၂၅ တန်ကိုလည်းကောင်း၊ အပိုင်း(၂)အဖြစ် သတ်မှတ်ထားသော ချင်းတွင်းအထက်ပိုင်း မော်လိုက်မြို့နယ်မှ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်တွင် တစုန်းတန်ချိန် ၃၀ ခန့်ကိုလည်းကောင်း နုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ညွှန်ကြားရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲ ပထမအကြိမ် ကျင်းပ

**အမရပူရ မေ ၇**

အမရပူရမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် ရပ်မိရပ်ဖများ စုပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် မြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲကြီးကို မေ ၅ ရက်က အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် တောင်သမန်အင်း အနောက်ဘက်ထိပ်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲတွင် အမရပူရမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းအသီးသီးမှ သံဃာတော်များအား ပင့်ဖိတ်၍ လောင်းလှူခဲ့ခြင်းဖြစ်ပြီး မြို့နယ် သုဓမ္မာနှင့် ရွှေကျင် ဆရာတော် သံဃာတော်များက လာရောက်ကြီးကြပ်ပေးခဲ့ကြောင်း အဆိုပါ ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးကော်မတီဝင် ဦးသန်းမြင့်(တောင်မင်းကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ)က ပြောသည်။

"ဒီအခမ်းအနားကို တောင်သမန်အင်းအနီးမှာ ကျင်းပရတဲ့ ရည်ရွယ်ချက်က ဦးပိန်တံတားနဲ့ တောင်သမန်အင်းဆိုတာက နိုင်ငံခြားသား ခရီးသွားတွေ အများကြီး လာရောက်လည်ပတ်ကြတဲ့ နေရာတစ်ခုဖြစ်ပါတယ်၊ ဒါကြောင့် မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာ ဖွံ့ဖြိုးထွန်းကားတဲ့ နိုင်ငံဆိုတာ နိုင်ငံတကာကို သိစေချင်တဲ့အတွက်ပါ။ ဒ့ါအပြင် ဒီအမရပူရမြို့နယ်ဆိုတာ သာသနာနှစ်ရပ်ထွန်းကားတဲ့ မြို့နယ်တစ်ခုဖြစ်တယ်၊ လက်ရှိအချိန်မှာ သံဃာတော်တွေကို ပံ့ပိုးလှူဒါန်းဖို့ စောင့်ရှောက်ဖို့ လိုနေတယ်၊ ဘာကြောင့်လဲဆိုရင် ခေတ်ပညာတွေ တိုးတက်လာတာနဲ့ အကြောင်းအမျိုးမျိုးကြောင့် သံဃာတော်အင်အား နည်းပါးလာတယ်၊ ဒါကြောင့် တပည့်၊ ဒါယကာတွေက သာသနာကို စောင့်ရှောက်ရာမှာ သံဃာတော်တွေကို ပံ့ပိုးလှူဒါန်းဖို့ လိုတယ်ဆိုပြီး ဆုံးဖြတ်ကြတဲ့အတွက် အခုလိုကျင်းပခြင်းဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။



ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့မိမြို့ဖများ၊ တောင်သမန်တံတားသို့ လာရောက်ကြသူများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ စုပေါင်း၍ သံဃာတော် တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေ ကျပ်ခြောက်သောင်းနှင့် လှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ရာ ခန့်မှန်းလှူဒါန်းငွေ စုစုပေါင်း ကျပ်သိန်း ၁၅၀၀ ခန့် သုံးစွဲခဲ့ကြောင်း သိရသည်။

အမရပူရမြို့နယ်လုံးဆိုင်ရာ သံဃာအပါး ၁၀၀၀ ဆွမ်းနှင့် ဆန်စိမ်းလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်မင်းကြီးဘုရားဂေါပကအဖွဲ့၊ မန္တလေးတောင်တော် ဂေါပကအဖွဲ့၊ ကျောက်စိမ်းစေတီ ဂေါပကအဖွဲ့နှင့် စေတနာရှင် အလှူရှင် အသင်းအဖွဲ့ စုစုပေါင်း ၂၀၀ နီးပါး လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပုလောမြို့၌ ကျေးရွာစီးပွားရေးတိုးတက်မှု ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကျင်းပ

**ပုလော မေ ၇**

ရှဲမြန်မာကုမ္ပဏီ၏ ငွေကြေးအထောက်အပံ့ဖြင့် Pact Myanmar (ပက်မြန်မာ)အဖွဲ့က ဆောင်ရွက်နေသော အလင်းရောင်စီမံကိန်းဝင် ပုလောမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်သမားများနှင့် အမျိုးသမီးအဖွဲ့ဝင်များအတွင်း ဈေးကွက်နှင့် ထုတ်လုပ်မှုနည်းပညာ သတင်းအချက်အလက်များ ဖြန့်ဝေရန်၊ ရရှိသည့် အရင်းအမြစ်များကို မျှဝေရန်၊ မိမိဒေသများသာမက အခြားဈေးကွက်များသို့ ချိတ်ဆက်တိုးချဲ့တတ်စေရန်နှင့် ရောင်းဝယ်မှု ပိုမိုအားကောင်းကာ ဒေသထွက်ကုန်များ ဈေးကွက်ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ကုန်စည်ပြပွဲတစ်ခုကို မေ ၅ ရက်က လက္ကာူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ကုန်စည်ပြပွဲတွင် ပက်မြန်မာ အကြီးတန်းစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်မော်မော်စိုးက အလင်းရောင်စီမံကိန်းလုပ်ငန်း အကျဉ်းချုပ်နှင့် ကုန်စည်ပြပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာများတွင် မျိုးစပါး စိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် ဈေးကွက်နှင့် နည်းစနစ်များအကြောင်း၊ ကျေးရွာငွေစုဘဏ်များ လုပ်ငန်းဆောင်ရွက်ပုံနှင့် အတွေ့အကြုံများ၊ ကုန်သွယ်မှုကဏ္ဍ၊ ထုတ်လုပ်မှုကဏ္ဍ ရောင်းဝယ်ဖောက်ကားမှုမြှင့်တင်ခြင်း စသည်တို့ကို ကိုယ်စားလှယ်များ၊ စီမံကိန်းကျေးရွာမှ ပြည်သူများနှင့် ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အလင်းရောင်စီမံကိန်း တာဝန်ရှိသူများက ဆွေးနွေးကြပြီး ကုန်စည်ပြပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ပက်မြန်မာအဖွဲ့၏ အလင်းရောင်စီမံကိန်းသည် ပုလောမြို့နယ်နှင့် မြိတ်မြို့နယ်အတွင်းမှ စီမံကိန်းကျေးရွာ ၆၀ တွင် ကျေးရွာဖွံ့ဖြိုးရေး မျိုးစေ့ဘဏ်ပေါင်း ၁၉ ခု၊ မွေးမြူရေးဘဏ် ၃၇ ခု၊ ရေထွက်ပစ္စည်း ထုတ်ကုန်တန်ဖိုးမြှင့်ဘဏ်တစ်ခု စုစုပေါင်း ကျေးရွာစီးပွားရေးတိုးတက်မှုဘဏ်ပေါင်း ၅၇ ခု တည်ထောင်ထားပြီး အမျိုးသမီးစီးပွားစွမ်းအားမြှင့် အဖွဲ့ပေါင်း ၈၅ ဖွဲ့ကိုလည်း ဖွဲ့စည်းပေးကာ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းမှ အဖွဲ့ပိုင်စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေရန် ရန်ပုံငွေ ကျပ် ၁၄၉ သန်းခန့် အသုံးပြု၍ အောင်မြင်စွာဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးလအတွင်း မီးလောင်မှု ၈၃ ကြိမ်ဖြစ်ပွားခဲ့

**မုံရွာ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလကုန်အထိ လေးလအတွင်း မီးလောင်မှု ၈၃ ကြိမ် ဖြစ်ပွားခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ်သန်း ၁၇၀၀ ကျော် ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

"မီးလောင်မှုတွေဖြစ်ပွားပြီး ဆုံးရှုံးမှုတွေက ဖွံ့ဖြိုးရေးတွေမှာ အဟန့်အတားတွေဖြစ်စေပါတယ်၊ မီးလောင်မှုတွေကို ပြန်ကြည့်ရင် ပေါ့ဆလို့ဖြစ်တာတွေက များပါတယ်၊ မီးလောင်မှုဖြစ်ရင်လည်း ကြိတ်ပြီး မီးငြိမ်းသတ်တယ်၊ မနိုင်မှသာ အကြောင်းကြားသလို ဖြစ်နေတဲ့အတွက် အခုနှစ်မှာ ဆုံးရှုံးမှုတန်ဖိုးတွေ မြင့်တက်လာတာပါ၊ မီးသုံးစွဲသူတွေအနေနဲ့ မီးသတ်ဦးစီးဌာနရဲ့ အသိပညာပေးဟောပြောတာတွေကို ဂရုတစိုက်နားထောင်ပြီး စည်းကမ်းတွေလိုက်နာကြရင် မီးလောင်မှုတွေ လျော့နည်းသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



၂၀၁၈ ခုနှစ် မတ်လအတွင်း မုံရွာမြို့ ရုံးကြီးရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားခဲ့ပုံ

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ၂၀၁၆ ခုနှစ်က တစ်နှစ်လုံး၌ မီးလောင်မှု အကြိမ် ၁၈၀ ဖြစ်ပွားခဲ့ရာ ငွေကျပ် ၁၃၅ သန်းဖိုးခန့် ဆုံးရှုံးခဲ့ပြီး ၂၀၁၇ ခုနှစ် တစ်နှစ်လုံးအတွင်း မီးလောင်မှု ၁၉၃ ကြိမ် ဖြစ်ပွားခဲ့ကာ ငွေကျပ် ၁၁၄ သန်းဖိုးခန့်သာ ပျက်စီးဆုံးရှုံးခဲ့သည်။ ယခုနှစ်တွင်မူ လေးလတာအတွင်း မီးလောင်မှု ၈၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုမှာ ငွေကျပ်သန်းပေါင်း ၁၇၀၀ ကျော်အထိ မြင့်တက်များပြားခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# သီးနှံဖျက်ပိုးများအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် လယ်ကွင်းများအတွင်း ဥကပ်ပါးနဂျီများလွှတ်ပေး

**ဂန့်ဂေါ မေ ၇**

ဂန့်ဂေါမြို့နယ် စပါးခင်းများတွင် ကျရောက်တတ်သည့် လိပ်ပြာဖလံမျိုးရင်းဝင် ဖျက်ပိုးများအား ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းနိုင်ရန်အတွက် တောင်ခင်ရန်းကျေးရွာရှိ နွေစပါးစိုက်ခင်းများတွင် ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီများကို မေ ၅ ရက်က မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ အစီအစဉ်ဖြင့် လွှတ်ပေးကြကြောင်း သိရသည်။

"ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီအသုံးပြုခြင်းက လိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးတွေကို နှိမ်နင်းရာမှာ ရေရှည်အသုံးပြုနိုင်ပြီး ကုန်ကျစရိတ် သက်သာစေပါတယ်၊ လုံခြုံစိတ်ချရတဲ့ စားသုံးသီးနှံတွေကို ထုတ်လုပ်ပေးနိုင်တဲ့ အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်"ဟု ဥကပ်ပါးနဂျီလွှတ်ပွဲတွင် လာရောက်လေ့လာကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ကြွယ်က ရှင်းလင်းပြောကြားသည်။

စပါးတစ်ဧကအတွက် ကပ်ပါးနဂျီဥတစ်ထောင်ပါ ဥကတ်ပြား ၄၀ ဖြင့် ဥကတ်တစ်ခုနှင့်တစ်ခု ပေ ၃၀ အကွာအဝေး ထားရှိကာ စပါးတစ်ရာသီတွင် သုံးကြိမ်လွှတ်ပေးရန်လိုအပ်သည်ဟု ဆိုသည်။ ထရိုင်ဂိုဂရားမား ဥကပ်ပါးနဂျီ လွှတ်ပေးထားခြင်းဖြင့် လိပ်ပြာဖလံမျိုးရင်း ဖျက်ပိုးများကို ဥအဆင့်ကတည်းက နှိမ်နင်းနိုင်သည့်အတွက် ပိုးသတ်ဆေးသုံးစွဲရမှုကို လျှော့ချနိုင်သည့်အပြင် တောင်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုလည်းမရှိသည့်အတွက် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ကင်းဝေးစေပြီး သီးနှံစိုက်ခင်းထဲရှိ အခြားသက်ရှိများ၊ မြေထု၊ ရေထုနှင့် လေထုကိုလည်း အန္တရာယ်ဖြစ်စေနိုင်ခြင်းမရှိကြောင်း သိရသည်။ **(၁၀၁)**

# ကန့်ဘလူမြို့နယ်တွင် ကျေးရွာမီးလင်းရေးအတွက် အသေးစားလျှပ်စစ်ထုတ်လုပ်မှု ဆောင်ရွက်

**ကန့်ဘလူ မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မယ်ဇာတောကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ICB1 အသေးစားလျှပ်စစ်(minigrid)ထုတ်လုပ်ရန် လုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

မီးရရှိရေး ဆောင်ရွက်မှုအဖြစ် လမ်းမီးတိုင် ၇၄ တိုင် စိုက်ထူပြီး စက်ရုံဆောက်လုပ်နေပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများ ကျေးရွာသို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ဇွန်လအတွင်း လျှပ်စစ်မီးလင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းကို ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးဟန်ထွန်းအောင်နှင့် ဝန်ထမ်းများက မေ ၄ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီနှင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီး လူမှုရေး၊ စီးပွားရေးကဏ္ဍများ မြင့်တက်လာမည်ဟု သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မွေးမြူရေးငါးများ ရောင်းဈေးနှုန်းမြင့်မားလာနိုင်မည်ဟု ငါးမွေးသူတို့မျှော်မှန်း

**ဖျာပုံ မေ ၇**

မေ ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အတွင်း မြန်မာ့ပင်လယ်ပြင်တွင် ငါးမဖမ်းရရာသီအဖြစ် သတ်မှတ်ထားရာ ယင်းကာလတွင် ကမ်းဝေးငါးဖမ်းရေယာဉ် ၂၀ ရာခိုင်နှုန်းကိုသာ ဖမ်းဆီးခွင့်ပြုထား၍ ပင်လယ်ငါးရရှိမှု နည်းပါးမည်ဖြစ်သည်။ ထို့အပြင် ယခုနှစ်တွင် ဖျာပုံမြို့နယ်အတွင်း မိုးရွာသွန်းမှုနောက်ကျနေခြင်းကြောင့် ရေချိုငါး၊ ပုစွန်များလည်း မေလပထမပတ်အထိ ရှားပါးနေဆဲဖြစ်ရာ ဈေးကွက်တွင် ငါးလိုအပ်ချက်ကြောင့် မွေးမြူရေးငါးများ ဈေးနှုန်းအမြင့်ရလာရန် ငါးမွေးသူတို့က မျှော်မှန်းနေကြကြောင်း သိရသည်။

ငါးမွေးမြူသူများအနေဖြင့် မွေးမြူထားသောငါးများ ဈေးပိုမိုရရှိရေးအတွက် လက်ရှိအချိန်တွင် ငါးကန်များ မဖော်ကြသေးဘဲ မေ၁၆ရက်နောက်ပိုင်းမှသာ ငါးမွေးကန်များမှ မွေးမြူရေးငါးများကို ကန်ဖော်ရောင်းချရန် စီစဉ်နေကြကြောင်းလည်း ငါးမွေးမြူသူအချို့ထံမှ သိရသည်။



ဖျာပုံငါးဈေးမှ မွေးမြူရေးငါးဈေးတန်းတွင် ရောင်းဝယ်နေကြစဉ်။

ယခုရက်ပိုင်းတွင် ဖျာပုံမြို့၌ ငါး၊ ပုစွန်များ ရှားပါးလျက်ရှိပြီး ဒေးဒရဲမြို့နယ်မှ ဖျာပုံငါးဈေးသို့ မွေးမြူရေးငါးများ လာရောက်ရောင်းချနေသည့် ငါးမွေးမြူသူတစ်ဦးက "လက်ရှိ ကန်ဖော်ရောင်းချမယ်ဆိုရင်တော့ ငါးကြင်းဖြူ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ မှ ၃၅၀၀၊ ငါးမြစ်ချင်းတစ်ပိဿာကို ငွေကျပ် ၂၅၀၀ မှ ၂၈၀၀၊ ငါးတန် တစ်ပိဿာကို ငွေကျပ် ၂၀၀၀ မှ ၂၂၀၀၊ ငါးမုတ်တစ်ပိဿာကို ငွေကျပ် ၂၀၀၀ မှ ၂၂၀၀ ဈေးရရှိနေပါတယ်၊ ယခင်နှစ် အတွေ့အကြုံများအရ မေ ၁၅ ရက်နောက်ပိုင်းမှ ကန်ဖော်ရင် ငါးတစ်ပိဿာကို လက်ရှိဈေးထက် ငွေကျပ် ၅၀၀ နဲ့အထက် ပိုမိုရရှိနိုင်ပါတယ်"ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးမွေးမြူရေးကန်များသည် ဧကပေါင်း ၁၂၃၅၅၀ နှင့် ပုစွန်မွေးမြူရေးကန်မှာ ၆၃၇၃၅ ဧက ရှိကြောင်းနှင့် အင်းပေါင်း ၁၇၇၇ အင်းရှိကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းအရ သိရသည်။ လက်ရှိအချိန်တွင် ရေချို၊ ရေငန်ငါးများ ရှားပါးလာသဖြင့် မွေးမြူရေးငါးများသည် ပြည်တွင်းသာမက ပြည်ပအထိ ဈေးကွက်ကျယ်ပြန့်လာပြီး ငါးမွေးမြူသူများအနေဖြင့်လည်း ယခင်ကာလများကထက် အကျိုးစီးပွားဖြစ်ထွန်းလာကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မန္တလေး မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက်တွင် မန္တလေးမြို့၌ ပြုလုပ်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)မှ ကြေးတိုင်နှင့်စီမံကိန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ အထက်မြန်မာပြည် ကြေးတိုင်ဦးစီးဌာနမှူး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မင်းအောင်၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးမြတ်သုဝေနှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်ရုံးများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၀၄ ဦး တက်ရောက်ခဲ့ကြသည်။

ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်က အမှာစကားပြောကြားရာတွင် စာချုပ်စာတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းကို အများပြည်သူအတွက် ဝန်ဆောင်မှုကောင်းမွန်စေရေး၊ ပွင့်လင်းမြင်သာမှုဖြင့် ဆောင်ရွက်စေရေးတို့ကို အလေးအနက်ထားလိုက်နာဆောင်ရွက်ပေးသွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လုပ်ငန်းဆိုင်ရာ ဆွေးနွေးပို့ချခြင်းများကို မှတ်သားဆောင်ရွက်ခဲ့ကြပြီး သိရှိလိုသည်များနှင့် လုပ်ငန်းဆိုင်ရာညွှန်ကြားချက်များအပေါ် မရှင်းလင်းသည်များကို မေးမြန်းဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ညောင်ဦးမြို့နယ်မှ ရေရှားပါးနေသည့်ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**ညောင်ဦး မေ ၇**

ညောင်ဦးမြို့နယ်အတွင်းမှ ရေရှားပါးနေသော ရွာသစ်တောင်ကျေးရွာ၊ မကျည်းတန်းကျေးရွာနှင့် လက်ပံပင်တဲတိုက်တို့မှ ဒေသခံ ကျေးလက်နေပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာမှ ရတနာဘုံစံတောရကျောင်းဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေအလှူတော်အသင်းနှင့် ဒယ်အိုးဆရာတော် ဉူးသုမင်္ဂလ ဦးဆောင်သော သုမင်္ဂလရေအလှူတော်အသင်းတို့ ပူးပေါင်း၍ မေ ၆ ရက်က ရေသယ်ယာဉ်များဖြင့် ရေများသွားရောက်ဖြန့်ဝေ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာအတွက် ရေဂါလန် ၁၅၀၀၊ မကျည်းတန်းကျေးရွာအတွက် ရေဂါလန် ၁၅၀၀၊ ညောင်ပင်ကန်ကျေးရွာအုပ်စု လက်ပံပင်တဲတိုက်အတွက် ရေဂါလန် ၁၅၀၀ စုစုပေါင်း ရေဂါလန် ၄၅၀၀ တို့ကို ဖြန့်ဝေလှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ သောက်သုံးရေ လှူဒါန်းပေးမှုကြောင့် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် သောက်သုံးရေရှားပါးမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ဖြူစင်မေတ္တာ (ရေ/ သွေး) ပရဟိတအသင်းနှင့် အခြားသော ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့များက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများကို စဉ်ဆက်မပြတ် သွားရောက်၍ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# မိတ္ထီလာမြို့နယ်၏ ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီး မကြာမီတည်ထားပြီးစီးမည်

**မိတ္ထီလာ မေ ၇**

မိတ္ထီလာမြို့နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်လာမည့် ဉာဏ်တော် ၅၁ ပေရှိ ဆင်းတုတော်ကြီးကို ဝန်ဇင်းရပ်ကွက်နယ်မြေ မင်္ဂလာရာမဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အုတ်အင်္ဂတေတို့ဖြင့် တည်ထားလျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"မဟာသန္တိသုခ လာဘမုနိရုပ်ပွားတော်မြတ်ကြီးဆိုပြီး ဘွဲ့အမည်ပေးထားတဲ့ မိတ္ထီလာမြို့နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားဆင်းတော်ကြီးကို ၂၀၁၇ ခုနှစ် သြဂုတ်လအတွင်း အများကောင်းမှုနဲ့ စတင်တည်ထားခဲ့ပြီး လက်ရှိအနေအထားအထိ ကျပ်သိန်းပေါင်း ရှစ်ရာကျော် ကုန်ကျခဲ့ပြီးဖြစ်ပါတယ်၊ အကြမ်းထည် တည်ထားမှုပိုင်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပေမယ့် အောက်ခံဆေးနဲ့ ရွှေသင်္ကန်းကပ်လှူဖို့အပိုင်း ကျန်နေသေးတယ်၊ ဒါပေမယ့် အလှူခံရရှိမှုအပေါ် မူတည်ပြီးတော့ မကြာမီ တည်ထားမှု ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ အုတ်အင်္ဂတေနဲ့ တည်ထားပြီး ဉာဏ်တော်အမြင့် ၅၁ ပေ ရှိတာမို့ တည်ထားပြီးစီးသွားရင် မြို့နယ်အတွင်း အုတ်အင်္ဂတေနဲ့ တည်ထားတဲ့ ဉာဏ်တော် အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီး ဖြစ်လာမှာပါ"ဟု အဆိုပါ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မောင်က ပြောသည်။



လက်ရှိတွင် မိတ္ထီလာမြို့နယ်အတွင်း ဉာဏ်တော်အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မှာ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ အလိုတော်ပြည့်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် အလိုတော်ပြည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၄၅ ပေရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကရင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း မီးလောင်မှု ၄၄ ကြိမ် ဖြစ်ပွားခဲ့

**ဘားအံ မေ ၇**

ကရင်ပြည်နယ်၌ ၂၀၁၇ ခုနှစ်အတွင်း မီးလောင်မှု စုစုပေါင်း ၄၄ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ် ၉၂ သန်းကျော် ရှိခဲ့ကြောင်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မေ ၅ ရက်က ကျင်းပသည့် (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားမှ သိရသည်။



ထိုသို့ မီးလောင်မှုများဖြစ်ပွားရာတွင် ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားသည်မှာ အများဆုံးဖြစ်ပြီး ပေါ့ဆမီး ၁၆ ကြိမ်၊ လျှပ်စစ်မီးကြောင့် ၁၃ ကြိမ်၊ မီးဖိုမီး ခုနစ်ကြိမ်၊ ရှို့မီး သုံးကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ တောမီး နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ကရင်ပြည်နယ် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသကဲ့သို့ မီးလောင်မှုဖြစ်ပွားလာပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေးအတွက်လည်း အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအား မီးဘေးအသိပညာပေးခြင်း၊ စက်ရုံ အလုပ်ရုံများ၊ အထူးသဖြင့် ပြည်နယ်အတွင်း တိုးပွားလာသည့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်စဉ် မီးလောင်မှုအကြိမ်ရေ လျော့နည်းကျဆင်းစေရန်အတွက် ကရင်ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးပို့သည့် (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က ဖတ်ကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများက ထူးချွန်မီးသတ် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသည့် မီးသတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကလေးမြို့၌ ကက်သလစ်သာသနာ သုခမယ်တော်ဆေးခန်းဖွင့်

**ကလေး မေ ၇**

မြန်မာနိုင်ငံ ရိုမန်ကက်သလစ်ဆရာတော်ကြီးများအဖွဲ့(CECM)၏ လမ်းညွှန်ချက်အရ လက်အောက်ခံဖြစ်သော ရိုမန်ကက်သလစ်အသင်းတော် ကလေးသာသနာနယ်မှ သာသနာပိုင် ဂိုဏ်းအုပ်ဆရာတော်ကြီး ဖဲလစ်လျန်ခင်းထန်က ဦးဆောင်ကာ စစ်ကိုင်းတိုင်းဒေသကြီး ကလေး ကက်သလစ်သာသနာ့နယ်မြေဒေသအတွင်း သာသနာပြန့်ပွားရေးကြိုးပမ်းရင်း ကိုယ်ခန္ဓာကျန်းမာရေးအတွက် ဖော်ဆောင်ပေးမည့် သုခမယ်တော်ဆေးခန်းကို ကလေးမြို့ စမ်းမြို့ရပ်ကွက်(၅) ဗိုလ်ချုပ်လမ်း၌ မေ ၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းဖွင့်ပွဲတွင် သုခမယ်တော်ဆေးခန်း ကြီးကြပ်မှုကော်မတီဝင် ဆရာဘားနဒ်ထောင်းရှန်းလျန်က ဆုတောင်းပြီး ကလေးသာသနာပိုင်ဆရာတော် ဖဲလစ်လျန်ခင်းထန်က သုခမယ်တော်ဆေးခန်း ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။ ထို့နောက် ကလေးသာသနာ ကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာစီမုန်ထွမ်ခန့်ဆွမ်က ကျေးဇူးတင်စကားပြောကြားပြီး သုခမယ်တော်ဆေးခန်းကို ကလေး ကက်သလစ်သာသနာပိုင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာစိုးမိုးထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

"ကက်သလစ်သာသနာ Diocese တိုင်းမှာ သက်ဆိုင်ရာဆရာတော်တွေက မိမိနယ်မြေဒေသမှာရှိကြတဲ့ မကျန်းမာသူ လူမျိုးမရွေး၊ ဘာသာမရွေး ပုဂ္ဂိုလ်အားလုံး ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းကြဖို့အတွက် သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ အခုလို ဆေးခန်းဖွင့်လှစ်ပေးတာပါ"ဟု ကလေးသာသနာ ကျန်းမာရေးကော်မရှင်၏ ဒါရိုက်တာ ဖာသာ စတီဗင်မန်လျန်းတွေင်က ပြောသည်။



အဆိုပါ သုခမယ်တော်ဆေးခန်းကို တနင်္လာမှ စနေနေ့အထိ နေ့စဉ် ညနေ ၄ နာရီခွဲမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာစီမုန်ထွမ်ခန့်ဆွမ်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဂိုခန့်နွမ်း၊ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဝီလုံချွာလ်နှင့် ကျန်းမာရေးဝန်ထမ်းများက သွားနှင့် ခံတွင်းဆိုင်ရာ၊ မျက်စိဆိုင်ရာနှင့် အထွေထွေရောဂါဆိုင်ရာလူနာများအား စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရွှေဘိုဒေသတွင် ဆန်ကြမ်း(နွေဆန်)များ ဈေးငြိမ်နေပြီး ပေါ်ဆန်းစပါး ဈေးအနည်းငယ်မြင့်တက်နေ

**ရွှေဘို မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသတွင် ဆန်ကြမ်း(နွေဆန်)များ ဈေးငြိမ်နေပြီး ပေါ်ဆန်းစပါးမှာ ဈေးအနည်းငယ် မြင့်တက်လာနေကြောင်း၊ ဧပြီလနောက်ဆုံးအပတ်က စပါးတင်းတစ်ရာလျှင် ကျပ် ၁၄ သိန်းကျော် ရှိခဲ့ရာမှ ယခုရက်ပိုင်းတွင် ကျပ် ၁၅ သိန်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ဒေသခံများထံမှ သိရသည်။

ဆန်ကြမ်း(နွေဆန်) ဈေးငြိမ်နေခြင်းမှာ ရွှေဘိုဒေသတွင် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ရာသီအတွင်း သဖန်းဆိပ်ရေလှောင်တမံ ကင်းတပ်လက်ယာ တူးမြောင်းမှ နွေစပါး ၆၅၉၀၀ ဧက၊ ကင်းတပ်လက်ဝဲတူးမြောင်းမှ နွေစပါး ၅၂၀၅၀ ဧက၊ ကာဘိုးဆည် ရွှေဘိုတူးမြောင်းမှ နွေစပါး ၁၁၂၀၅၀ ဧကနှင့် ကာဘိုးဆည် ရေဦးတူးမြောင်းမှ နွေစပါး ၇၆၇၄၁ ဧက စုစုပေါင်း နွေစပါး ၃၀၆၇၄၁ ဧကတို့ အတွက် ရေပေး၍ နွေစပါးများ စိုက်ပျိုးထုတ်လုပ်ထားမှုကြောင့် ဆန်ကြမ်း(နွေဆန်)များ အထွက်များပြီး ဈေးငြိမ်နေခြင်းဖြစ်ကြောင်း အဆိုပါဒေသရှိ ဆန်စပါးလုပ်ငန်းကို လေ့လာနေသူ ဆရာရောင်နီတင်ဝင်းက သုံးသပ်ထားသည်။

ရွှေဘိုကုန်စည်ဒိုင်၌ ယခုရက်ပိုင်းအတွင်း ရက် ၉၀ ဆန် တစ်ပိုင်းအိတ် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ ဝန်းကျင်၊ အညာသားဆန်တစ်ပိုင်း ကျပ် ၂၂၅၀၀ ဝန်းကျင်၊ ရွှေဘိုပေါ်ဆန်း တစ်တင်းခွဲအိတ် တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ ဝန်းကျင်၊ ဖျာပုံပေါ်ဆန်း တစ်တင်းခွဲတစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေကြကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ လွှဲပြောင်းပေးအပ်

**ဘုတလင် မေ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ဇီးတော(အရှေ့)ကျေးရွာမှ ပြည်သူများ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် မြေနေရာများ ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၅ ရက်က အဆိုပါဆေးခန်းရှေ့၌ ကျင်းပခဲ့သည်။

လွှဲပြောင်းပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းဌေးတို့က ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးရန်အောင်ကျော်က ဆေးခန်းဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဆေးခန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်ထွန်းက မြို့နယ်ကျန်းမာရေးဦးစီးမှူးထံသို့ ဆေးခန်းမြေနေရာ၊ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးခန်း မြေနေရာကို ဦးလှကောင်း+ဒေါ်တင်မူ မိသားစုက လှူဒါန်းခဲ့ပြီး ဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ကျေးရွာနေပြည်သူများ၏ လှူဒါန်းငွေ ကျပ်သိန်း ၂၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးခါး**



# လှိုင်းဘွဲ့မြို့နယ်၌ သဘာဝသစ်စိမ်းမြေသြဇာ မျိုးစေ့များပေးအပ်

**လှိုင်းဘွဲ့ မေ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာအုပ်စု ဘက်စုံအဆင့်မြင့်စံပြကျေးရွာ ဧက ၃၀၀ စိုက်ခင်း၌ မြေဆီလွှာစွမ်းအားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ သဘာဝ သစ်စိမ်းမြေသြဇာမျိုးစေ့ ပေးအပ်ပွဲကို မေ ၅ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

သစ်စိမ်းမြေသြဇာမျိုးစေ့ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးရန်လိုကြောင်းနှင့် တောင်သူများ ကောင်းမွန်စွာစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော နည်းစနစ်များကို စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးပညာရှင်များက ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း အမှာစကား ပြောကြားပြီး မြေဆီလွှာစွမ်းအားမြှင့်တင်ရေး သဘာဝသစ်စိမ်းမြေသြဇာ မျိုးစေ့ တင်း ၂၀ ကို ဆင်းသုခစပါး(Rs to Rs) မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်မည့် တောင်သူများထံသို့ ပေးအပ်ခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ဒေသခံပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေမည့် ချင်းပြည်နယ်မှ သီကီရ်ရေလှောင်တမံ

**ဝိုင်း(မြန်/ဆက်)**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလုံလောက်စေရေး၊ သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးနှင့် ရေရှည်တည်တံ့သော ရေအသုံးချမှုဖြစ်စေရေးတို့အတွက် ဒေသတွင်း ရရှိနိုင်သမျှသော ရေအရင်းအမြစ်များကို ဖော်ထုတ်ကာ ရေရရှိရေးနည်းလမ်းပေါင်းစုံဖြင့် စီမံဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် ထန်တလန်မြို့နယ် သီကီရ်ကျေးရွာတွင်လည်း သီကီရ်ရေလှောင်တမံစီမံကိန်းကို တည်ဆောက်ပြီး ဒေသခံပြည်သူများ ဆည်ရေရရှိရေးကိုသာမက အသေးစားရေအား လျှပ်စစ်စက်ရုံတည်ဆောက်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ သိရသည်။

**စီမံကိန်း ရည်ရွယ်ချက်များ**

သောက်သုံးရေရှားပါးခက်ခဲသည့် ချင်းပြည်နယ်၌ နွေရာသီကာလတွင် ဒေသခံပြည်သူများအား စိုက်ပျိုးရေ ပေးဝေနိုင်ရေး၊ မိုးရာသီကာလအတွင်း ရွာသွန်းသောမိုးရေများကို အကျိုးရှိစွာ သိုလှောင်သုံးစွဲနိုင်ရေး၊ သဘာဝဘေးအန္တရာယ်မှ လျော့ပါးသက်သာစေရေး၊ ဒေသအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးနှင့် ရေရှည်တည်တံ့သည့် ရေအသုံးချမှုဖြစ်စေရေး ရည်ရွယ်ချက်များဖြင့် သီကီရ် ရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည့်အပြင် အသေးစားရေအားလျှပ်စစ် (၅၀ ကီလိုဝပ်) ထုတ်လုပ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်မီးပေးဝေသွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးဗညားစိုးက ပြောသည်။

**သီကီရ်ရေလှောင်တမံစီမံကိန်း အချက်အလက်များ**

သီကီရ်ရေလှောင်တမံစီမံကိန်းကို အင်ဂျင်နီယာ ဝန်ထမ်းများ၊ စက်ယန္တရားများ စုဖွဲ့၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က သီကီရ်ချောင်းတွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး မြေသားတမံအမျိုးအစားဖြစ်ကာ ရေဆင်းဧရိယာ ၁ ဒသမ ၁၀ စတုရန်းမိုင်၊ တမံအလျား ပေ ၅၀၀၊ တမံအမြင့် ၇၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၃၆၅ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၆၀ ဧကပေ၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၄၂ ဧက၊ သံကူကွန်ကရစ်ရေထုတ်ပြွန် အလျား ၃၆၅ ပေ၊ ရေထုတ်ပြွန်အရွယ်အစား အချင်းသုံးပေ၊ ရေပိုလွှဲ အလျား ၄၁၅ ပေ၊ အကျယ် ပေ ၂၀ ဖြစ်ကြောင်း၊ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ ဧက ၅၅၀ ဖြစ်ကြောင်း၊ သီကီရ်ရေလှောင်တမံ စီမံကိန်း၏ ဆည်ရေသောက်စနစ်မှာ တောင်ပေါ်ဒေသဖြစ်၍ တူးမြောင်းစနစ်ဖြင့် ရေပေးဝေခြင်းအစား ပိုက်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်းဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှသိရသည်။

သီကီရ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကြိုတည်ဆောက်ခြင်း၊ တမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ကာ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းနှင့် အသေးစားရေအားလျှပ်စစ် (၅၀ ကီလိုဝပ်)ထုတ်လုပ်ခြင်း လုပ်ငန်းတို့ကို စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုက်ပျိုးရေပေးဝေ**

"ကုန်းမြင့်လယ်ယာနဲ့ အမြဲတမ်းတောင်ယာကို အစက ဧက ၅၅၀ ဖော်ထုတ်ဖို့ လျာထားခဲ့ပေမယ့် စုစုပေါင်း ဧက ၆၀၀ ကျော် ဖော်ထုတ်ခဲ့ပြီးဖြစ်ပါတယ်၊ ဒါ့အပြင် သီကီရ်ရေလှောင်တမံရဲ့အောက်ဘက် ပေ ၂၀၀၀ ခန့်အကွာမှာ ရေလွှဲဆည်တစ်ခုကို တည်ဆောက်ထားတယ်၊ အဲဒီရေလွှဲဆည်ကနေ အချင်းတစ်ပေရှိတဲ့ သံမဏိပိုက်လိုင်းနဲ့ ရေစုကန်ဆီကို ရေပေးဝေပြီး ရေစုကန်ကနေတစ်ဆင့် ကုန်းမြင့်လယ်ယာတွေဆီ ပိုက်လိုင်းစနစ်နဲ့ စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းကိုလည်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပါပြီ" ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

**အသေးစားရေအားလျှပ်စစ်**

အဆိုပါ သီကီရ်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများအားလုံးကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရာနှုန်းပြည့်ပြီးစီးရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရေမှတ် ၄၉၉၆ ပေ၊ ရေလှောင်ပမာဏ ၁၂၁၇ ဧကပေကို အောင်မြင်စွာ သိုလှောင်ထားရှိပြီးဖြစ်ရာ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် သီကီရ် ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို မူလရန်ပုံငွေ ၅ ဒသမ ၂၁၄ ဘီလီယံဖြင့် ဆောင်ရွက်မှုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သော်လည်း အသေးစားရေအားလျှပ်စစ် (၅၀ ကီလိုဝပ်) စက်ရုံကိုလည်း နောက်တိုးရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ သီကီရ်ရေလှောင်တမံစီမံကိန်းကြောင့် စိုက်ပျိုးမြေဧရိယာများသို့ စိုက်ပျိုးရေ ပေးဝေနိုင်ခြင်း၊ သီကီရ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေ လုံလောက်စွာရရှိစေပြီး ရေရှားပါးမှုမှ ကင်းဝေးစေခြင်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ကာ မကြာမီအချိန်အတွင်း အသေးစားရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ဒေသခံကျေးလက်နေပြည်သူတို့၏ လူမှုရေး စီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်လာစေတော့မည်ဖြစ်ပေသည်။ ။

## ဖျာပုံခရိုင် ကရင်တိုင်းရင်းသားစာပေ သင်တန်းဆင်းပွဲကျင်းပ

ဖျာပုံ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းက ကြီးမှူးဖွင့်လှစ်သည့် ကရင်တိုင်းရင်းသားစာပေ မွမ်းမံသင်တန်းဆင်းပွဲကို မေ ၅ ရက်က ဖျာပုံမြို့ရှိ ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိမိုးမြတ်မြတ်သူက ကရင်တိုင်းရင်းသားများအနေဖြင့် မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ လူမျိုး၏ စာပေနှင့်ဘာသာစကားတို့ကို လေးစားတန်ဖိုးထား လေ့လာကြရန်နှင့် လူမျိုးရေးနှင့် ဘာသာရေး ရောထွေးမှုမရှိဘဲ စာပေကို ဖတ်မှတ်လေ့လာ တတ်မြောက်ရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် ဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ နည်းပြဆရာ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ဖျာပုံမြို့တွင် မေ ၁ ရက်မှ ၅ ရက်အထိ ငါးရက်ကြာဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းသို့ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မော်ကျွန်း၊ လပွတ္တာနှင့် မအူပင်မြို့နယ်များမှ ကရင်တိုင်းရင်းသား သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**


စေတနာကောင်းမှ ပညာရေးကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

ပရဟိတပါသောစီးပွားရေးလုပ်ငန်း "Social Business" အဖြစ် ရည်ရွယ်လုပ်ကိုင်ခြင်းကြောင့် ကျူရှင်လောက်ပင် ဈေးမကြီးသော ကျောင်းလခဖြင့် အကောင်းဆုံးပညာရေးဝန်ဆောင်မှုများကို နိုင်ငံကျော် ဆရာ ဆရာမကြီးများက ဂုဏ်ယူစွာသင်ကြားပေးသည်။

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | ညနေ ၁၂း၁၅ မှ ၅း၁၅ နာရီ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၁-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၂-တန်း | ။ | ၄၀,၀၀၀ | ၃၀၀၀၀ |
| ၃-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၄-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၅-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၆-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၇-တန်း | ။ | ၄၅,၀၀၀ | ၃၀၀၀၀ |
| ၈-တန်း | နံနက် ၇း၀၀ နာရီမှ ၁၂း၀၀ နာရီ | ၅၀,၀၀၀ | ၄၀၀၀၀ |
| ၉-တန်း | ။ | ၅၅,၀၀၀ | ၄၀၀၀၀ |
| ၁၀-တန်း | ။ | ၆၅,၀၀၀ | ၄၀၀၀၀ |

(ကျောင်းပြောင်းလက်မှတ်ကို ဖွန်လ မှပေးပါ)

**မေ ၇ ရက်နေ့ ကျောင်းစတင်ဖွင့်မည်**

စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

**ပညာနန်းတော်**

**အ.ထ.က**

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း**

**အဆောင်မှူးနှင့် ဘွဲ့ရ ဆရာ၊ ဆရာမများ အလိုရှိသည်**

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

**ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်**

ဆရာကောင်းမှ တပည့်ကောင်းမည်

**မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း**

**ရည်ရွယ်ချက်** ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက် တည်တံ့ရေးအတွက် ခေတ်မီပညာရေးသည် အဓိကပင်မလမ်းကြောင်းကြီး ဖြစ်သည်ဟု ယုံကြည်သည်။

**အခြေခံမူကြီးများ** စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေး၊ စည်းကမ်း ကျင့်ဝတ် စောင့်ထိန်းလိုက်နာရေး၊ ပညာရည် ထူးချွန်ထက်မြက်ရေးဟု မူကြီးသုံးရပ်ချမှတ်ကာ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမကြီးများဖြင့် တာဝန်ယူ တည်ဆောက်နေကြပါသည်။

**ကျောင်းမှန်မှန်တက် စာမခက်** ပါမောက္ခကြီးများ၊ နိုင်ငံကျော် ကျူရှင်ဆရာကြီးများနှင့် ဝါရင့် ဆရာ ဆရာမကြီးများ၏ ကောင်းမွန်ပြည့်စုံသော သင်ကြားရေးကို တိကျရှင်းလင်းစွာ နားလည်ရရှိကြပြီးဖြစ်၍ ကျောင်းသူကျောင်းသားများသည် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းစာမေးပွဲကြီး၌ အဆင့် ၁ မှ ၃ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့်ဆု ချီးမြှင့်ပါမည်။

**ဝိဇ္ဇာပညာသင်ဆု** နဝမတန်းနှင့် ဒသမတန်းတွင် (ပထဝီ၊ ဘောဂ၊ သမိုင်း) ဘာသာတွဲ သင်ယူလိုသူများကို အခမဲ့ပညာသင်ဆု ချီးမြှင့်ပါမည်။

**ဖွံ့ဖြိုးရေး** ပြဋ္ဌာန်းသင်ရိုးအစီအစဉ်များအပြင် အထူးအစီအစဉ်အဖြစ် ကွန်ပျူတာသင်ကြားရေးကို ကျောင်းသားတစ်ဦးလျှင် Laptop တစ်လုံးစီ(ကျောင်းမှပေး)ဖြင့် Projector, Powerpoint, documentary များနှင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားပေးသည်။ သို့သော် Mobile Phone ကို လုံးဝ ယူခွင့်မပြုပါ။

ရုံးချုပ် - မြေအမှတ် 118 A/B ကျွန်းချောင်းမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ စိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ Tel : 01-577 605, 09 782 216 338 pnndschool ကျောင်းရုံးခန်း > A-8 (ဘက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ။


### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄) ရပ်ကွက်၊ တကောင်း ၅လမ်း၊ အမှတ်(၆၈၀/၂)ဟုခေါ်တွင်သော အလျားပေ ၄၀× အနံပေ ၆၀ရှိ ဦးရဲမြင့် အမည်ပေါက် မြေကွက်ထဲမှခေါင်းရင်းခြမ်း (၂၀ပေ× ပေ၆၀)ရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးရဲမြင့်ထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူထားသူဖြစ်သော ဒေါ်လင်းလင်းထိုက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဌေးဌေးက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)စာရွက်စာတမ်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်လင်းနိုင်(LL.B, D.B.L)တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂/၂၀၀၂)**
**ရုံး-တိုက်(၉/၁၁)၊ အခန်းအမှတ် ၀၀၅/ဘီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ မငေးအလယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၄၈/အေ)ကွံတာကွင်း၊ ဦးပိုင်အမှတ် ၅/၄၊ မြေအမျိုးအစား-လယ်မြေ၊ ဧရိယာ ၃ဒသမ၅၉ဧကရှိ မြေကွက်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအေးလွင် ၁၂/တတန(နိုင်)၁၆၀၁၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ၇ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား(LL.B) (စဉ်-၈၁၃၀)တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၇၅၊ ပထမထပ်၊ သုမနလမ်း၊(၁၆/၂)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄**

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ ယုဇနလမ်း၊ တိုက် ၃၂၊ အခန်း ၀၀၁ကို ဦးကွမ်ကျင်ကျင့် ၁၃/လရန(နိုင်)၀၇၉၄၁၆မှ လက်ရှိ မိမိသာလျှင်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစံရွှေ(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၇၀၃၄)**
**အမှတ် ၁၀၂/၂၁၊ ပဲခူးမြစ်လမ်း၊**
**(၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉-၉၆၁၀၀၄၃၃၀**

### အသိပေးကြေညာခြင်း

၁။ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ မြေကွက်အမှတ်(၇၉၄-က)၊ ဦးပိုင်အမှတ်(၃၀)၊ မြေ ဧရိယာ ၀ဒသမ ၀၇၃ဧကရှိ မြေနေရာအား ဒေါ်ချုပ် ၉/ကဆန(နိုင်)၀၀၈၅၃၈မှ မြေငှားဂရန် လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားလာပါသည်။

၂။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ဒေါ်ချုပ်မှ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များမှ ခိုင်လုံသည့်အထောက်အထားများဖြင့် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါကလျှောက်ထားသောမြေနေရာအား ဒေါ်ချုပ် အမည်ဖြင့် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်ပြုသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့၊ ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀**











**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပျဉ်းမနားမြို့၊ အထက(၅) ကန်နားကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်မာရည် ၉/ပမန(နိုင်) ၀၈၆၉၅၀နှင့် ဒေါ်ခင်မာရီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်မာရည်(ခ)ဒေါ်ခင်မာရီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပျဉ်းမနားမြို့၊ အထက(၅) ကန်နားကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စန်းစန်းလတ် ၉/ပမန(နိုင်)၀၁၁၆၇၈နှင့် ဒေါ်အမာဂျန်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်စန်းစန်းလတ်(ခ)ဒေါ်အမာဂျန်**

**ဖခင်အမည်မှန်**

ရေနံချောင်းမြို့၊ ဒီကရီကောလိပ်၊ ဓာတုဗေဒမေဂျာ၊ တတိယနှစ်မှ မောင်မျိုးသက်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၈/ရနခ(နိုင်)၀၁၈၃၄၃ ဖြစ်ပါကြောင်း။

**ဦးတင်ထွေး**

**ဖခင်အမည်မှန်**

ရေနံချောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း၊ အခန်း(၆)မှ မောင်ငွေးလွင်နှင့်နဝမတန်း၊အခန်း(၁၄)မှ မသဉ္ဇာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအေးပိုက် ၈/ရနခ(နိုင်) ၀၄၆၀၆၁ ဖြစ်ပါကြောင်း။

**ဦးတင်ထွေး**

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ငွေငွေထွန်း | ၁၂/မဘန(နိုင်)၀၁၉၂၇၈ | ၅၉၈/ခ၊ ဘုရင့်နောင်လမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၃ | ၅၉၈/ခ | ဦးစံမြင့် |
| ၂ | ဒေါ်နီနီဦး | ၇/မလန(နိုင်)၀၀၂၀၇၆ | ၃၁၉၊ သုခမ္မာလမ်း၊ ၄-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၄ | ၃၁၉ | ဦးအောင်သူ၊ ဦးကျော်ငြိမ်း |
| ၃ | ဦးကြင်အောင် | ၁၂/မရက(နိုင်)၀၁၈၄၇၅ | ၄/၄၆၊ အောင်မင်္ဂလာ(၂)လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်း | ၃၅/သမိုင်း | ၄/ယ၂ | ဦးသိန်းမောင် |
| ၄ | ဦးတိုး | ၉/ညဥန(နိုင်)၀၅၅၀၈၈ | ၃၁၆၊ မြို့ဟောင်း(၄)လမ်း၊ ၁-ရပ်ကွက်၊ မရမ်းကုန်း | ၁၁/သမိုင်း | ၁၂/ယ၄၁-B | ဦးကြီးရွှေ ဒေါ်အုန်းရွှေ |
| ၅ | ဦးတင်လှိုင် | ၁၂/လမန(နိုင်)၀၃၄၃၀၆ | ၆၂၀၊ မဟာဆွေလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၁၉ | ၅/ယ-၃ | ဒေါ်မြမှင် |
| ၆ | ဒေါ်ခင်နှင်းယု | ၈/ဆမန(နိုင်)၀၀၈၄၁၅ | ၅၄၁၊ မဦးလမ်း၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန် | ၅-ဝ ညောင်တုန်း | ၈၈ | ဒေါ်ခင်မေ |
| ၇ | ဦးတင်ထွဋ် | ၁၂/အစန(နိုင်)၀၅၇၅၃၉ | ၁၁၀၊ ပြည်တော်သာ(၁)လမ်း၊ ဇီးကုန်းကျေးရွာအုပ်စု၊ ရွှေပြည်သာ | ၅၄၀/က | ၅၇ | ရွာဘုံမြေ |
| ၈ | ဒေါ်ယဉ်မင်းဖြိုး | ၁၂/ဗဟန(နိုင်)၀၈၃၉၃၁ | ၁၃၀၊ ကုန်းဘောင်(၁)လမ်း၊ ၁၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁၆/A | ၁၃၀ | ဗိုလ်မှူးကြီးကြည်ဝင်း |
| ၉ | ဒေါ်မြင့်မြင့်သန်း | ၁၂/ဗဟန(နိုင်)၀၆၉၂၃၉ | ၂၅၃/ခ၊ ရတနာသိင်္ဂီပတ်လမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၂ | ၂၅၃/ခ | ဦးသိန်းဝင်း |
| ၁၀ | ဒေါ်အေးအေးသက် | ၁၄/မအန(နိုင်)၁၁၈၈၅၇ | ၆၂/၅၀၃၊ သိင်္ဂီလမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၄ | ၅၀၃ | ဦးအောင်ကျော်လင်း+၁ |
| ၁၁ | ဦးကြည်စိန် | ၁၂/ဒဂတ(ပြု)၀၀၀၈၄၄ | ၈၂၀/က၊ ဆုပြည့်ရတနာ(၄)လမ်း၊ ၅၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၆ | ၈၂၀ | ဦးမောင်စိန် |
| ၁၂ | ဦးသန်းနိုင် | ၁၂/သကတ(နိုင်)၁၇၄၂၅၂ | ၅၄၂/ခ၊ ပိတောက်မြိုင်လမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၂ | ၅၄၂/ခ | ဒေါ်သန်းသန်းဆင့် |
| ၁၃ | ဦးချိုအေး | ၁၂/ဗဟန(နိုင်)၀၇၇၇၂၄ | ၅၁၃၊ တော်ဝင်လမ်းသွယ်၊ ၃-ရပ်ကွက်၊ ရွှေပြည်သာ | ၁၆ | ၅၁၃ | ဦးတင့်ဖေ |
| ၁၄ | ဦးတင့်နိုင်လင်း | ၁၂/ဒဂတ(နိုင်)၀၃၉၃၂၀ | ၄၃၈၊ ပတ္တမြားလမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁၉ | ၄၃၈ | ဦးစောလင်း |
| ၁၅ | နော်မီလျှံဆန်း | ၁၂/ဥကမ(နိုင်)၁၀၀၈၀၃ | ၁၂၀၊ သီရိမင်္ဂလာပတ်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၇ | ၁၂၀ | ဦးကျော်မြင့် |
| ၁၆ | ဦးဝင်းဗိုလ် | ၁၂/ရကန(နိုင်)၀၅၁၈၆၄ | ၂၆၇၃၊ မော်ဘီလမ်း၊ ၁၇-ရပ်ကွက်၊ ရွှေပြည်သာ | ဓ/၆၃ | ၂၆၇၃ | ဗိုလ်ကြီးမြတ်ကျော်(ငြိမ်း) |
| ၁၇ | ဦးမြင့်ရွှေ | ၁၂/ရပသ(နိုင်)၀၀၀၁၄၀ | ၄၇၇၊ စက်မှုလမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ | ၄၇ | ၄၇၇ | ဦးဘအေး |
| ၁၈ | ဦးငွေသန်း | ၁၂/ရပသ(နိုင်)၁၀၃၅၂၃ | ၁၈၉၂၊ အောင်ချမ်းသာလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ဏ/၄၀ | ၁၈၉၂ | ဦးတင်မိုး |
| ၁၉ | ဒေါ်သီတာစိုး | ၁၂/မဂတ(နိုင်)၀၅၂၀၇၉ | ၁၃၂၊ သန္တာ(၁၂)လမ်း၊ ၀-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ဝ | ၁၃၂ | ဦးကျော်ထွန်း |
| ၂၀ | ဦးအောင်ကျော်မိုး | ၁၂/ဥကမ(နိုင်)၁၉၈၅၁၈ | ၁၀၂၄၊ သုဇာတာ(၆)လမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၂ | ၁၀၂၄ | ဦးရွှေစန်း၊ ဒေါ်စန်း |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ သတင်းစာရှင်းလင်းပွဲပြုလုပ်မည်

**နေပြည်တော် မေ ၇**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို သတ်မှတ်ရက်အလိုက် မွန်းလွဲ ၁ နာရီအချိန်တွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစာရှင်းလင်းပွဲများကို မေ ၁၁ ရက်တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မေ ၁၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မေ ၁၇ ရက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မေ ၂၁ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မေ ၂၃ ရက်တွင်

*စာမျက်နှာ ၈ ကော်လံ ၁*

# ပြည်တွင်း သတင်းဌာနများမှ သတင်းမီဒီယာသမားများ မောင်တောဒေသ၌ လွတ်လပ်စွာ သတင်းရယူ

**စစ်တွေ မေ ၇**

ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြည်လည်လက်ခံရေးကိစ္စရပ်များ အပါအဝင် အခြားကိစ္စရပ်များအား မြေပြင်ကွင်းဆင်းသတင်းရယူရန် MRTV ၊ MITV၊ DVB၊ Mizzima ၊ ချွန်းသတင်းဌာနနှင့် ရွှေဇာမဏီသတင်းတို့မှ သတင်းမီဒီယာသမားများသည် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*



ပြည်တွင်းသတင်းဌာနများမှ သတင်းမီဒီယာသမားများ လှုဖိုးခေါင်ကြားစခန်း၌ သတင်းရယူနေစဉ်။

## အာရှနဂါးလှေလှော်ဖိတ်ခေါ် ပြိုင်ပွဲတွင် မြန်မာလှေလှော်အသင်း ရွှေ နှစ်၊ ကြေး တစ် ထပ်မံဆွတ်ခူး



အမျိုးသမီး ၁၀ တက် မီတာ ၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မြန်မာအသင်း ဆုယူအပြီး တွေ့ရစဉ်။

**ရန်ကုန် မေ ၇**

တရုတ်(တိုင်ပေ)တွင် မေ ၅ ရက်မှ ၈ ရက်အထိ ကျင်းပလျက်ရှိသည့် Asian Dragon Boat Championships International Open 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၇ ရက် ပွဲစဉ်များအပြီးတွင် ရွှေ နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ထပ်မံ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းသည် အမျိုးသား၊ အမျိုးသမီး ၁၀ တက်

*စာမျက်နှာ ၁၁ ကော်လံ ၁*

## ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသော မြန်မာနိုင်ငံသား ၇၃ ဦး ပြန်လည်လက်ခံ

စာ-၈

## ဟာဝိုင်ယီမီးတောင်ပေါက်ကွဲမှုကြောင့် နေအိမ် ၂၆ လုံးပျက်စီးဆုံးရှုံး

စာ-၁၄

## နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က Asian Game Indonesia and AFF Suzuki Cup 2018 ဘောလုံးပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် နိုင်ငံတကာ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် Myanmar National League All Stars အသင်းနှင့် Leeds United အသင်းတို့ မေ ၉ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးခြေစမ်းပွဲအား မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Digital Sports Channel နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း စင်ကာပူကို ဂိုးပြတ်သွင်း

**ပလန်ဘမ်(အင်ဒိုနီးရှား) မေ ၇**

၂၀၁၈ အာဆီယံယူ-၁၆ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) စတုတ္ထနေ့ကို ယနေ့ ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ ကျင်းပရာ မြန်မာယူ-၁၆ အမျိုးသမီးအသင်းက စင်ကာပူ ယူ-၁၆ အမျိုးသမီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းသည် ယခုပွဲဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ခွင့်ရရန် သေချာသလောက်ရှိသွားခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ကြောင့် အုပ်စု ပထမနေရာရရန်ပါ အခြေအနေကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရလဒ်အပြင် ဂိုးပြတ်သွင်းယူနိုင်ရန် ပွဲစကတည်းက အားထည့်ကစားခဲ့ပြီး ပထမပိုင်းတွင် ခြောက်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ စင်ကာပူအသင်း ခံစစ်သက်သက်ကစားခဲ့ရပြီး ဆွေမာအောင်နှင့် မြတ်နိုးခင်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၆ အမျိုးသမီးအသင်းအတွက် ဂိုးများကို ဆွေမာအောင်က ၂၊ ၁၉၊ ၂၆၊၄၀၊ ၅၅ မိနစ်တွင် ငါးဂိုး၊ အသင်းခေါင်းဆောင် *စာမျက်နှာ ၁၁ ကော်လံ ၅*

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။
11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်
homemyan.com
အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောက်/ဂိုဒေါင် ရောင်း/ဝယ်/ငှား `` FREE ကြော်ငြာ ´´ WEBSITE
Operated by SHOWA